# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၉ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၀)




ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေများနှင့် စပ်လျဉ်းသည့် အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်သည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်စဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးအခြေအနေများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၈**

ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည့် အခြေအနေများ၊ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမှုအခြေအနေများ၊ ရှန်ဂရီလာ ဒိုင်ယာလော့ခ်နှင့် ဆက်စပ်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့် နယ်စပ်လုံခြုံရေးကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်သည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆


**မိုးလရာသီ ရောက်လာပြီ၊ မြန်ပြည်တစ်ဝန်း စိမ်းလန်းစေဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**

ဆောင်းပါး | စာမျက်နှာ » ၆

**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း အပိုင်း (၁)**

စာမျက်နှာ » ၈

**အစည်းအဝေးအောင်မြင်ခဲ့ပါက ကင်ဂျုံအန်းအား အမေရိကန်သို့ လာရောက်ရန် ထရန့်ဖိတ်ခေါ်မည်**

နိုင်ငံတကာ | စာမျက်နှာ » ၁၄


## မြန်မာပြည်အလယ်ပိုင်းရှိ မိုးလေဝသဖြစ်စဉ်များ ခန့်မှန်းဖမ်းယူနိုင်မည့် မိုးလေဝသရေဒါစခန်း မန္တလေး၌ဖွင့်

**မန္တလေး ဇွန် ၈**

မြန်မာပြည်အလယ်ပိုင်းဒေသရှိ မိုးလေဝသဖြစ်စဉ်များ ခန့်မှန်းဖမ်းယူနိုင်မည့် မိုးလေဝသတိုင်းတာရေးရေဒါစခန်းကို မန္တလေးမြို့ ပုလိပ်-စကားအင်းလမ်း ကြေးနီကန်ကျေးရွာတွင် ယနေ့ နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Masayuki Karasawa တို့ တက်ရောက်ကြသည်။



"မန္တလေးရေဒါစခန်းကနေ ကုန်းတွင်းပိုင်းဒေသတွေရဲ့မိုးရွာသွန်းမှု၊ လေတိုက်နှုန်းတွေ တိုင်းတာလို့ရတယ်၊ ရေဒါတွေ တည်ဆောက်ပြီးလို့ မိုးလေဝသထောက်လှမ်းမှု ပိုမိုထိရောက်လာပါတယ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❋




မြန်မာ့အလင်း

# သွေးလွန်တုပ်ကွေးအန္တရာယ် ကြိုတင်သတိပြုကာကွယ်

မိုးဦးကျစ ရာသီဥတုအကူးအပြောင်းကာလမှာ ကူးစက်ရောဂါတို့ကို သတိပြုကြဖို့ ဆိုင်ရာတို့က နှိုးဆော်သတိပေးနေသည်။ နေပူနေရာမှ မိုးရွာသွန်းလိုက်သည့်အခါ ရောဂါပိုးတို့ကို သယ်ဆောင်လာတတ်ကြသည့် ခြင်၊ ယင်တို့ကလည်း လျှင်လျှင်မြန်မြန် ပေါက်ပွားလာကြသည်။ ယခုလို အချိန်အခါမျိုးမှာ အထူးသတိပြုရမည့် ကူးစက်ရောဂါက သွေးလွန်တုပ်ကွေးရောဂါဖြစ်သည်ဟု ကျန်းမာရေးပညာရှင်တို့က သတိပေးထားကြသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အများဆုံးနှင့် သေဆုံးမှုနှုန်းအမြင့်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး ဖြစ်သည်ဟု သက်ဆိုင်ရာတို့က ဆိုထားသည်မှာလည်း အထူးဂရုပြုဖွယ်ရာဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုမှာလည်း အဆိုးရွားဆုံး အခြေအနေမျိုးတွင် ရှိနေသည့်အလျောက် သွေးလွန်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားသည်မှာလည်း အကြောင်းနှင့်အကျိုးဆက်စပ်နေသည်ကို ပြဆိုနေခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြီးမားဆုံးစက်မှုဇုန်တည်ရှိပြီး လူနေထူထပ်သလောက် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် စီးပွားရေးဘဝနိမ့်ကျသည့် အခြေအနေမျိုး အများအပြားရှိနေသည့် လှိုင်သာယာကဲ့သို့သော မြို့နယ်မျိုးမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးတွင်ပါဝင်နေသည်ကို ကြည့်ခြင်းအားဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၏ အကျိုးသက်ရောက်မှုကို ပို၍ဂရုပြုနိုင်ကြမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကို သယ်ဆောင်သည့်ခြင်မှာ အေးဒီးစ်(ခေါ်)ခြင်ကျား (ခေါ်)ခြင်ပုန်းဖြစ်သည်။ ရေကြည်ရေသန့်မှာ ပေါက်ပွားကြပြီး နေ့ဘက်မှာကိုက်တတ်ကြသည့်ခြင်များဖြစ်သည်။ ရေစည်၊ ရေအိုးများ၊ ဘုရားပန်းအိုးများမှသည် ရေဝပ်ရေအိုင်များ၊ မိုးရေဝင်နေသည့်ဘူးခွံများ၊ ခွက်များ၊ ကားတာယာဟောင်းများ စသည်တို့မှာ ခြင်ကျားတို့ပေါက်ပွားရာ နေရာ၊ ပိုးလောက်လမ်းဘဝဖြင့် ရှင်သန်ကြရာ နေရာများဖြစ်သည်။ ပိုးလောက်လမ်းများ မပေါက်ပွားနိုင်အောင် တားဆီးခြင်း၊ နှိမ်နင်းခြင်းအားဖြင့် ခြင်နှိမ်နင်းရေးတွင် ပိုမိုထိရောက်နိုင်သည့်အတွက် ရေစည် ရေအိုးများကို ဖုံးအုပ်ထားရန်၊ ဘူးခွံ၊ ပုံးခွံ၊ တာယာအဟောင်းများထဲ ဝင်ရောက်နေသည့် ရေများကို သွန်ရန်၊ ညောင်ရေအိုး၊ သောက်တော်ရေအိုး၊ အလှပန်းအိုးတို့ကို မှန်မှန်လဲရန်၊ ရေစည်ကြီးများထဲမှ ပိုးလောက်လမ်းတို့ကို ဆန်ခါတို့ဖြင့်စစ်ယူရန် (ဖုံး၊ သွန်၊ လဲ၊ စစ်)စသည်ဖြင့် နှစ်စဉ်ပညာပေးလျက်ရှိသည်။ ခြင်ပေါက်ပွားနိုင်သည့် ရေအိုင်၊ ရေမြောင်းများထဲသို့ အဘိတ်ဆေး ခေါ် ပိုးလောက်လမ်း မပေါက်ပွားနိုင်သည့် ဆေးခတ်ရန်လည်း နှိုးဆော်လျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါက အသက် သုံးနှစ်မှ ၁၅ နှစ်အကြား ကလေးများတွင် အဖြစ်များသည်ဟုဆိုသော်လည်း နောက်ပိုင်းတွင် လူကြီးများတွင်လည်း ဖြစ်ပွားကာ အသက်သေဆုံးမှုများလည်း ရှိလာသည်ဟုသိရသည်။ ယမန်နှစ်က ရန်ကုန်တိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးလူနာပေါင်း ၇၄၉၀ဆေးရုံတက် ကုသခဲ့ရပြီး အဖိတ်အစဉ် ၆၀ ရှိခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာတွင်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ရှိခဲ့သည်။ နှစ်စဉ်နှစ်တိုင်း အချိန်အခါရာသီ ကျရောက်လာသည်နှင့် ကူးစက်ရောဂါတို့၏ဖြစ်မြဲသံသရာအတိုင်း တစ်ကျော့ပြန်ဖြစ်နေဦးမည် ဖြစ်ရာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေမြဲအတိုင်းနေပါက ကူးစက်ရောဂါသံသရာမှ ရုန်းထွက်နိုင်မည်မဟုတ်ပေ။ မိမိနေထိုင်ရာပတ်ဝန်းကျင် ညစ်ညမ်းမှုကင်းစင် သန့်ရှင်းရေး၊ မိမိတစ်ကိုယ်ရေနှင့် မိသားစုအလိုက် ရောဂါကူးစက်မခံရအောင် တစ်နည်းအားဖြင့် ခြင်အန္တရာယ်ကင်းဝေးအောင် ကာကွယ်နေထိုင်ခြင်းအားဖြင့် သွေးလွန်တုပ်ကွေးကူးစက်ရောဂါအန္တရာယ်မှ ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်

နေပြည်တော် ဇွန် ၈

ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း သိရသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း

# နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတကာမှ လှိုက်လှဲစွာ ကြိုဆို

နေပြည်တော် ဇွန် ၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအေဂျင်စီများဖြစ်ကြသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ လှိုက်လှဲစွာကြိုဆိုပါကြောင်း သတင်းထုတ်ပြန် ဖော်ပြခဲ့ပါသည်။**

## ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး တာရိုကိုနိုက မေ ၃၁ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၇ခုနှစ် ဩဂုတ် ၂၅ ရက်နေ့ကတည်းက ရခိုင်ပြည်နယ် မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော ကိစ္စရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များကို စုံစမ်းနိုင်ရန် နိုင်ငံတကာ အရည်အသွေးစံနှုန်းများပါဝင်သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းကြောင်း ကြေညာခဲ့သည့်အပေါ် ဂျပန်နိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်းနှင့် မူရင်းနိုင်ငံသို့ ပြန်ပို့ခြင်းနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းတို့အပေါ်လည်း ဝမ်းသာကြိုဆိုပါကြောင်း၊ အဆိုပါကိစ္စရပ်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် လူ့အခွင့်အရေးအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားသောကိစ္စရပ်များ တိုးတက်ရန်အတွက် အရေးကြီးသည့် တိုးတက်ဖြစ်ထွန်းမှုများဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၌ နေရပ်စွန့်ခွာသွားသူများအတွက် ဘေးအန္တရာယ်ကင်းကင်း၊ မိမိတို့၏သဘောဆန္ဒအလျောက် သိက္ခာရှိရှိ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များအတွက်လည်း အရေးကြီးသည့် ခြေလှမ်းများ ဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကို ရခိုင်ပြည်နယ်၌ ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်နေမှုများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် ထပ်တလဲလဲ တိုက်တွန်းခဲ့ပါကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် ယုံကြည်အားကိုးထိုက်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စုံစမ်းစစ်ဆေးမှုများမှ ထွက်ပေါ်လာသော ရလဒ်များအပေါ်လည်း သင့်တော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နားလည်မှုစာချွန်လွှာသည် ကုလသမဂ္ဂအေဂျင်စီများအတွက် ၂၀၁၇ခုနှစ် ဩဂုတ်လ တိုက်ခိုက်မှုများစတင်ခဲ့ချိန်ကတည်းက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်များဖြစ်လာလိမ့်မည် ဖြစ်ကြောင်း။

အဆိုပါကိစ္စများကို ဖြည်းဖြည်းနှင့်မှန်မှန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နားလည်မှုစာချွန် အပေါ်အခြေခံကာ ကုလသမဂ္ဂအေဂျင်စီအဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်ကိစ္စရပ်များကို အကောင်းဆုံး စတင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့အတူ မြန်မာအစိုးရအနေဖြင့်လည်း နေရပ်ပြန်သူများကို လက်ခံရေးအတွက် အခြေအနေများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်မှုများက အမှန်တကယ်နေရပ်ပြန်သူများနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များတွင် တိုးတက်မှုများ ဖြစ်ပေါ်လိမ့်မည်ဖြစ်ကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အခြေအနေ တိုးတက်ရေးအတွက် မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့၏ ကြိုးစားလုပ်ဆောင်မှုများအပေါ် ကူညီထောက်ပံ့မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

## တရုတ်နိုင်ငံ

တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချူရင်က မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ကိစ္စသည် ရှုပ်ထွေးလှသော နောက်ခံသမိုင်းကြောင်း၊ လူမျိုးစုရေးနှင့် ဘာသာရေးကိစ္စများဖြစ်ပါကြောင်း၊ မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့၏ပူးပေါင်းလုပ်ဆောင်မှုများအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက အပြုသဘောဆောင်သည့် ကူညီမှုများပေးအပ်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများဖြစ်ကြသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ် ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဝမ်းသာကြိုဆိုပါကြောင်း၊ ပါတီအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးစကားဝိုင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကိုအခြေခံကာ ရခိုင်အရေးကိစ္စကိုဖြေရှင်းရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

မြန်မာအစိုးရအနေဖြင့် သက်ဆိုင်သော ကုလသမဂ္ဂအေဂျင်စီများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် နားလည်မှုစာချွန်လွှာကို စိတ်အားထက်သန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သောကြောင့် ရခိုင်ပြည်နယ်အခြေအနေ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်တိုးတက်လာစေရေး တရုတ်နိုင်ငံအနေဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် သင့်တော်သော ပြန်လည်အခြေချနိုင်ရေးလုပ်ငန်းများအတွက်လည်း အပြုသဘောဆောင် ပါဝင်လျက်ရှိပါကြောင်း၊ အကြမ်းဖက်မှု ရပ်နားရေး၊ တည်ငြိမ်မှု ထိန်းသိမ်းရေး၊ နေရပ်ပြန်ရေးနှင့် ခိုလှုံခွင့်ပြုရေး၊ ဆင်းရဲမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများပါဝင်သည့် တရုတ်နိုင်ငံကအဆိုပြုခဲ့သော သုံးဖက်သုံးတန်ဆွေးနွေးညှိနှိုင်းရေးအဖြေကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကလည်း လက်ခံကြိုဆိုခဲ့သည်ကို တွေ့ရကြောင်း။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လက်တွဲလုပ်ဆောင်နိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အဆင်သင့်ရှိပြီး မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့ကြား ကောင်းမွန်သည့် နှစ်နိုင်ငံဆွေးနွေးမှုများဖြစ်ပေါ်တိုးတက်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့်လည်း အပြုသဘောဆောင်ပါဝင်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စအပေါ် လက်တွေ့ဆန်သည့် ဖြေရှင်းမှုမျိုးရရှိရေး၊ ကာလရှည်ကြာတည်ငြိမ်မှု ထိန်းသိမ်းရေးတို့အတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ကိစ္စနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

## ပြင်သစ်နိုင်ငံ

ဥရောပနှင့် နိုင်ငံခြားရေးရာကိစ္စရပ်များဆိုင်ရာ ပြင်သစ်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ (French Ministry for Europe and Foreign Affairs) က မြန်မာအရပ်သားအစိုးရနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ကြား နားလည်မှုစာချွန်လွှာရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကြိုဆိုပါကြောင်း၊ သုံးဦးဆိုင်သဘောတူညီချက်သည် နေရပ်စွန့်ခွာဒုက္ခသည်များအန္တရာယ်ကင်းကင်း၊ ကိုယ့်သဘောနှင့်ကိုယ်၊ ဂုဏ်သိက္ခာရှိရှိနေရပ်ပြန်ရေးအတွက် လိုအပ်သောအခြေအနေများအတွက် ကြိုတင်ပြင်ဆင်သည့် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ နားလည်မှုစာချွန်လွှာသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက်က လုံခြုံရေးကောင်စီဥက္ကဋ္ဌက ထုတ်ပြန်ခဲ့သော မူဝါဒများနှင့်သာမက မေ ၉ ရက်က ထုတ်ပြန်ခဲ့သော လုံခြုံရေးကောင်စီသတင်း ထုတ်ပြန်ချက်နှင့်လည်း ကိုက်ညီပါကြောင်း။

ဤအရေးကိစ္စနှင့်ပတ်သက်ပြီး ပြင်သစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် မြေပြင်ပကတိ အခြေအနေတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာအာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးအကြံပေး ပုဂ္ဂိုလ်သစ် ခရစ်စတင်း စခရာနာဘာဂါနာနှင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားရန်လည်း တိုက်တွန်းပါကြောင်း၊ ထို့အပြင် ပဋိပက္ခ၏ရင်းမြစ်ကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ကိုဖီအာနန်ကော်မရှင်အဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြပါရှိသော အချက်များကိုလည်း အကောင်အထည်ဖော်နိုင်ရန် တိုက်တွန်းပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးကို အလေးထားဂရုပြုရေးနှင့် အရပ်ဘက်လုပ်ပိုင်ခွင့်များအပေါ် အလေးထားရေး စသည့်ကိစ္စများနှင့် ပတ်သက်ပြီး ရှေ့တိုးဆောင်ရွက်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရ၏ ကြိုးစားမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင်လည်း ပြင်သစ်နိုင်ငံအနေဖြင့် ကူညီထောက်ပံ့သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မြန်မာ့အလင်း

- ❑ **ဂျပန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အခြေအနေ တိုးတက်ရေးအတွက် မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့၏ ကြိုးစားလုပ်ဆောင်မှုများအပေါ် ကူညီထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်**
- ❑ **မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့ကြား ကောင်းမွန်သည့် နှစ်နိုင်ငံဆွေးနွေးမှုများဖြစ်ပေါ်တိုးတက်ရေး အတွက် တရုတ်နိုင်ငံအနေဖြင့်လည်း အပြုသဘောဆောင် ပါဝင်လျက်ရှိ**

# ပြည်တွင်းသတင်း





ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေများနှင့် စပ်လျဉ်းသည့်အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အား တွေ့ရစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

✻ *ရှေ့ဖုံးမှ*

မြေပြင်ကနေ တိမ်ပုံတွေ ရိုက်လို့ရတယ်၊ ဂြိုဟ်တုကနေ၊ ကောင်းကင်ကနေ ရိုက်တယ်၊ ဒီနှစ်ခုကိုပေါင်းပြီး အချိန်နဲ့တစ်ပြေးညီ ခန့်မှန်းနိုင်ပြီး ပိုမိုသတင်းထုတ်ပြန်ပေးနိုင်လာပါတယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောသည်။

အဆိုပါ မိုးလေဝသတိုင်းတာရေးရေဒါစခန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ဆန်းက ပြီးစီးခဲ့သည့်အတွက် ယနေ့တွင် လွှဲပြောင်းပေးအပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန္တလေး မိုးလေဝသရေဒါမှာ မြန်မာနိုင်ငံတွင် တတိယမြောက်ရေဒါဖြစ်၍ JICA အကူအညီဖြင့် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်ခဲ့ခြင်းဖြစ်ပြီး ရေဒါအမြင့် မီတာ ၅၀ (၁၂ ထပ်)ရှိကာ ကျောက်ဖြူရေဒါစခန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ရန်ကုန်ရေဒါစခန်းကို ယခုနှစ် အောက်တိုဘာလအတွင်းက ဖွင့်လှစ်နိုင်ခဲ့ကာ ရေဒါစခန်းသုံးခုအတွက် JICA ထောက်ပံ့မှုဖြင့် အမေရိကန်ဒေါ်လာ ၃၈ သန်းကျော်သုံးစွဲခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မိုးလေဝသသတင်းထုတ်ပြန်ချက်များကို ယခင်က တစ်ရက်တစ်ကြိမ် ထုတ်ပြန်ခဲ့ရာမှ ကျောက်ဖြူ၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ ရေဒါစခန်းသုံးခုမှ ထောက်လှမ်းရရှိသည့် အချက်အလက်များကြောင့် လက်ရှိတွင် နံနက် ၇ နာရီမှ ည ၇ နာရီအတွင်း တစ်ရက်လျှင် ငါးကြိမ် ထုတ်ပြန်ပေးနေသည့်အပြင် ပင်လယ်ပြင်ဆိုင်ရာ မိုးလေဝသခန့်မှန်းချက်များကို နံနက် ၁၀ နာရီခွဲနှင့် မွန်းလွဲ ၂ နာရီတို့တွင် ထုတ်ပြန်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မုတ်သုံလေဆက်လက်အားကောင်း

**နေပြည်တော် ဇွန် ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေဆက်လက်အားကောင်းနေမည်။

**မိုး/ဇလ**

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်ထံမှ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဆရာတော်များနှင့် ၂၅ နှစ်နှင့်အထက် သာသနာပြုဆရာတော်များ ဩဝါဒခံယူ



ရန်ကုန် ဇွန် ၈

**ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဆရာတော်များနှင့် ၂၅ နှစ်နှင့်အထက် နယ်စပ်နှင့် တောင်တန်းဒေသများ၌ သာသနာပြု တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာတော်ကြီးများ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဩဝါဒကထာမြွက်ကြားပြီး ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၊ နယ်စပ်နှင့်တောင်တန်းဒေသများ၌ သာသနာပြုသက်တမ်း ၂၅ နှစ်နှင့်အထက် သာသနာပြုတာဝန်ထမ်းဆောင်လျက်ရှိသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။ **သတင်းစဉ်**



# ဒုတိယအကြိမ် မြန်မာ-ချက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့တွင် ကျင်းပ

**နေပြည်တော် ဇွန် ၈**

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့တွင် ဇွန် ၄ ရက်မှ ၆ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ-ချက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးသို့ ချက်သမ္မတနိုင်ငံမှ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Vladimir Bartl နှင့် အစိုးရနှင့် ပုဂ္ဂလိက ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ စိုက်ပျိုးရေး၊ စက်မှုနှင့်နည်းပညာ၊ ဘူမိဗေဒနှင့်သတ္တု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် ပူးတွဲကော်မရှင်အစည်းအဝေးအပြီးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ချက်သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ဒုတိယအကြိမ် မြန်မာ-ချက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုး လဲလှယ်သည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီး ဦးဆက်အောင်သည် ချက်သမ္မတနိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း ချက်အမျိုးသားဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Vladimír Tomšík ဦးဆောင်သည့်အဖွဲ့နှင့် လည်းကောင်း၊ ချက်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Lenka Dupáková ဦးဆောင်သည့်အဖွဲ့နှင့် လည်းကောင်း တွေ့ဆုံ၍ ချက်သမ္မတနိုင်ငံနှင့် နိုင်ငံတကာစီးပွားရေး၊ ငွေရေးကြေးရေးအခြေအနေများ၊ လတ်တလောဖြစ်ပေါ်နေသည့် Protectionism နှင့် Bilateralism တို့မှ ရိုက်ခတ်လာနိုင်သည့် အခြေအနေများ၊ ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ဆောင်ရွက်သင့်သည့်အချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါ ပူးတွဲကော်မရှင်အစည်းအဝေးကို နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ချက်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အလှည့်ကျကျင်းပခြင်းဖြစ်သည်။ ပထမအကြိမ် ပူးတွဲကော်မရှင်အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြစိမ်းရောင်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးလှကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး အကောင်အထည်ဖော်ပေးခဲ့ရာ ၂၀၁၈ ခုနှစ် ၆ လ ဘတ်ဂျက်အထိ မြို့နယ်ပေါင်း ၂၈၈ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၀၁၃၉ ရွာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ၂၄၇ ဒသမ ၇၁ ဘီလီယံဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းကြီးတစ်ခုအဖြစ်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျေးရွာများတွင် အကောင်အထည်ဖော်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ လုပ်ငန်းလည်ပတ်ပုံနှင့် အကျိုးသက်ရောက်မှုများ ကောင်းမွန်ထိရောက်ရန် လိုအပ်သကဲ့သို့ ချေးငွေလုပ်ငန်းကို စီမံခန့်ခွဲရာတွင် ထိရောက်စေရန် ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးမှတစ်ဆင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကိုပါ တစ်ဖက်တစ်လမ်းက ထောက်ကူပေးလျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ ပေါ်ထွက်လာစေရန် တက်ကြွစွာဆွေးနွေးပြီး အမြင်ချင်းဖလှယ်ကာ ကောင်းမွန်သည့်အကြံဉာဏ်များပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်၊ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဦးကျော်ငွေတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇောနည်မင်းက ချေးငွေကျန်ရှိသော စီမံကိန်းကျေးရွာများ၏ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တာဝန်ရှိသူများက စီမံကိန်းကျေးရွာများတွင် ချေးငွေကျန်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက စီမံကိန်းလက်စွဲစာစောင်တွင် ပြင်ဆင်ရန် လိုအပ်သည့် အဓိကဆွေးနွေးရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခေါင်းစဉ်တစ်ခုချင်းစီအလိုက် ဆွေးနွေးခြင်းနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအား ပြင်ဆင်ရန် အပြီးသတ်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

**သတင်းစဉ်**



# မန္တလေး၌ မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

**မန္တလေး ဇွန် ၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဉသျှောင်ရပ်ကွက် ၈၄ လမ်းမပေါ် မြေစွန်းဝန်ဘုရားအရှေ့ပေါက်၌ ဇွန် ၇ ရက် နံနက် ၉ နာရီခွဲက ချမ်းမြသာစည်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စံသူ၊ အမှတ် ၁၀ မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ အမှတ် ၁၁ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်ထင်အောင်ရဲမြင့်နှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၁)မှ ရဲအုပ် အောင်ဇော်မြင့်နှင့်အဖွဲ့၊ အမှတ် (၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် ငွေထွန်းနှင့်အဖွဲ့၊ ကျွန်းလုံးဉသျှောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်တမ္ပဝတီရပ်ကွက် အုပ်ချုပ်ရေးမှူးတို့သည် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ UD Conter ၁၀ ဘီးယာဉ်ဖြင့် မူခင်းအသိပညာပေးဟောပြောပွဲဆောင်ရွက်ခဲ့ရာ ရပ်ကွက်နေပြည်သူနှင့် လမ်းသွားလမ်းလာများ လာရောက်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် အထက ၇ ကျောင်းရှေ့၌ မူခင်းအသိပညာပေး ဟောပြောဆောင်ရွက်ခဲ့ရာ အထက ၇ ကျောင်းအုပ်ကြီး ဒေါက်တာအောင်သက်ဆွေ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မူခင်းပြခန်းယာဉ်တွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




❁ ကျောဖုံးမှ

ယင်းနောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးချစ်စိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအပါအဝင် အသင်းအဖွဲ့ ၁၀ ဖွဲ့အား မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးရန်ပုံငွေအဖွဲ့က စစ်ဘေးရှောင်ဒုက္ခသည်များနှင့် သဘာဝဘေးဒုက္ခသည်များအတွက် ပေးအပ်လှူဒါန်းသည့် လှူဒါန်းငွေကျပ်သိန်း ၈၀၀ ကို မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ပွဲကျင်းပရေးကော်မတီက ပေးအပ်လှူဒါန်းရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လက်ခံရယူသည်။ (**အပေါ်ပုံ**)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အာရှတိုက်ရှိ နိုင်ငံအားလုံးအနက် ပထမအစောဆုံး တရားဝင်အသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာ-တရုတ် နှစ်နိုင်ငံတရားဝင်သံတမန်ဆက်သွယ်ရေးကို ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာ-တရုတ်နှစ်ပြည်ထောင် ဝန်ကြီးချုပ်တို့သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို လက်မှတ်ရေးထိုးကာ ကမ္ဘာသို့ကြေညာနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးသည် မဟာဗျူဟာမြောက် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအဖြစ် ဆက်လက်တိုးတက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မတရားအသင်းအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက်**
**၂၀၁၈ ခုနှစ်၊ ဇွန်လ (၈) ရက်**
**မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် မတရားအသင်းများအက်ဥပဒေအရ မတရားအသင်းအဖြစ် ကြေညာထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma-NCGUB) အဖွဲ့အား ၈.၆.၂၀၁၈ ရက်နေ့မှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်သည်။

**အမိန့်အရ**

**ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**

# အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက်**
**၂၀၁၈ ခုနှစ်၊ ဇွန်လ (၈) ရက်**
**အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတသည် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်သူများအဖြစ် ကြေညာထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma-NCGUB) အဖွဲ့နှင့် အဖွဲ့ဝင်များအား ၈.၆.၂၀၁၈ ရက်နေ့မှစ၍ အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်လိုက်သည်။

**အမိန့်အရ**

**ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ**
**ပြည်ထောင်စုဝန်ကြီး**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အမေရိကန်သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇွန် ၈

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။** (အောက်ပုံ)



**ဆွေးနွေး**

တွေ့ဆုံစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆောင်ရွက်နေသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးကိစ္စ၊ သတင်းပေးတိုင်ကြားသူကို အကာအကွယ်ပေးရေးကိစ္စ၊ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ပြည်သူလူထု၏ အမြင်စစ်တမ်းကောက်ယူရေး ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ရွာမနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ဇော်လင်းသည် ဇွန် ၅ ရက်က တောင်ကုတ်မြို့နယ် ရွာမရွာသစ်ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှု၊ မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။** မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် နှစ်ပတ်လည်စာစောင် ၂၀၁၈ စာအုပ်ထွက်ရှိ

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် နှစ်ပတ်လည်စာစောင် ၂၀၁၈ စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ဥပဒေရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ကော်မရှင်၏ အထူးကိစ္စရပ်များ ဆောင်ရွက်ချက်နှင့် ပြည်သူများ ဥပဒေအကြောင်းအရာများနှင့် ပတ်သက်ပြီး သိရှိနားလည်စေရန် အထူးအလေးထားဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုပါစာစောင်တွင် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက "ကျွန်တော်တို့ လူမျိုးများသည် တရားရုံးကို ကြောက်သည်၊ ဥပဒေကို ကြောက်သည်။ တရားရုံးသို့ မသွားချင်၊ မရောက်ချင်သလို ဥပဒေနှင့် ရင်ဆိုင်ရမည်ကိုလည်း စိုးရိမ်ကြသည်။ ထိုသို့ဖြစ်ရခြင်းသည် အကြောင်းများစွာရှိသည့်အနက် ဥပဒေကို မသိခြင်း၊ တရားရုံးအကြောင်း နားမလည်ခြင်းကြောင့်လည်း ဖြစ်သည်။ တကယ်တမ်းတွင်မူ မိမိတို့နိုင်ငံတွင် ပဒေသရာဇ်ခေတ်ကတည်းက ဥပဒေရေးရာနှင့်ဆိုင်သည့် ကိစ္စရပ်များတွင် အားနည်းခဲ့ရာ ယနေ့အထိ အမွေပါလာခြင်းဖြစ်သည်။ အများပြည်သူက ဥပဒေကို မသိခြင်းနှင့် ကြောက်ရွံ့ခြင်းကြောင့်လည်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့သည် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို သတိမူဖို့လိုသည်"ဟု အမှာစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုပါစာအုပ်တွင် အထူးကော်မရှင်ဟု ခေါ်ပါသည်၊ သည်တောင်ကြီး ဖြိုမယ့်အကြံ၊ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်ကျခံခြင်း၊ ပြည်ထောင်စုအဆင့် Think Tank လို့ဆိုချင်တယ်၊ တရားဥပဒေစိုးမိုးရေးဘယ်လဲ၊ ကျွန်တော်သဘော်သား ကျွန်တော်နိုင်ငံရေးသမား၊ ဖြတ်သန်းခဲ့ရသောဘဝနှင့် တွေ့ကြုံခဲ့ရသော နိုင်ငံရေး၊ ကျွန်မဘဝအတွေ့အကြုံ၊ တကယ်လုပ်ရင် အဟုတ်ဖြစ်ပါမည်၊ မိဘနှင့်တူသော ဆရာ၊ စစ်ထောက်လုပ်ငန်းနှင့် တပ်မတော်၊ နှလုံးသားသက်သေခံချက်နှင့် ဥပဒေအစရှိသည့် စိတ်ဝင်စားဖွယ်ကောင်းသောဆောင်းပါးများလည်း ပါရှိသဖြင့် စာဖတ်ပရိသတ်များအတွက် ဥပဒေရေးရာများကို ပိုမိုသိရှိလာမည့်အပြင် ထိုက်သင့်သည့် ဗဟုသုတများရရှိခြင်း၊ သင်ခန်းစာများ ဖော်ထုတ်အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ယင်းစာအုပ်ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း(အထက်) ရှိ ထက်စာပေက ဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **မြန်မာ့အလင်း**



# မိုးလရာသီ ရောက်လာပြီ၊ မြန်ပြည်တစ်ဝန်း စိမ်းလန်းစေဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

ဒေါက်တာသောင်းနိုင်ဦး (သစ်တောသုတေသန)

မိုးသံလေသံလေးတွေ ကြားနေပြီ၊ ရွက်နုလေးများဝေလို့ အပင်လေးတွေ စိမ်းလန်း စိုပြည်လာလေပြီ၊ တချို့မြို့ရွာတွေမှာ ပုလဲလုံးလေးတွေလို တဖွဲဖွဲရွာလေပြီ၊ တချို့နေရာများမှာတော့ ဒေါသမာန်ဟုန်တင်း ခပ်ပြင်းပြင်းလေး ရွာချေပြီ၊ မိုးကိုမျှော်သော တောင်သူဦးကြီးများလည်း ပျော်နေပြီ၊ မိုးကိုမျှော်ပြီး စိုက်ပျိုးကြရမည့် သစ်တောသမားများ၊ သစ်တောသစ်ပင် ချစ်ခင်သူများလည်း ပျော်လေပြီ၊ ရေကိုမျှော်သော ပြည်သူများလည်း ပျော်ကြရသည်၊ တစ်နွေလုံးခြောက်သွေ့ခဲ့ရသည့် သစ်ပင်လေးများလည်း ကြည်နူးရွှင်လန်းပြုံးပန်းများ ငွားငွားစွင့်စွင့် ပွင့်ဖူးကြလေပြီ၊ မိုးလရာသီမှာဖြင့် တောတောင် သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံး စိမ်းလန်းသာယာလျက်ရှိတော့သည်။ မိုးဖြိုင်ဖြိုင်ရွာသွန်းသည်နှင့် မြေဆီစိုခိုက် သစ်ပင်စိုက်ရန် ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။

### သစ်တောသစ်ပင် အကျိုးကျေးဇူးစုံလင်

သစ်ပင်သစ်တောသစ်ပင်များက ထောက်ပံ့သော အကျိုးကျေးဇူးများကား များ ပြားလှသည်၊ ငွေကြေးအားဖြင့် တန်ဖိုးဖြတ်နိုင်သော သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာလည်းရှိ၏။ ဥတုရာသီ၊ တောကိုမှီ ဆိုသကဲ့သို့ ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ဖယ်ရှားပေးခြင်း၊ ရေ၊ လေသန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ် အဆင့်ဆင့်ဖြစ်ပေါ်စေခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို သစ်ပင်သစ်တောများက ပံ့ပိုးပေးလျက် ရှိသည်။ ထို့အပြင် အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒဆိုင်ရာ ဝန်ဆောင်မှု၊ ရိုးရာဓလေ့ ယုံကြည်မှုကိုးကွယ်မှုအတွက်လည်း သစ်တောသစ်ပင်များကပင် အထောက်အပံ့ပြု၊ အကျိုးပြုလျက်ရှိသည်။

### သစ်ပင်စိုက်ပျိုး အလှတိုး

ပတ်ဝန်းကျင် သာယာစေဖို့၊ မျက်စိပသာဒဖြစ်စေဖို့ ရာသီဥတုမျှတစေဖို့ သစ်ပင် စိုက်ပျိုးခြင်းသည် အကောင်းဆုံး၊ ကုန်ကျစရိတ်အသက်အသာဆုံး၊ အလွယ်ကူဆုံး၊ အရိုးရှင်းဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည်၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက် အရွယ်မရွေး၊ ကျား၊ မ မရွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုဖြစ်သည်။ အလှအပ မျက်စိပသာဒကောင်းမွန်စေသည်။ လမ်းဘေးဝဲယာတွင် စိုက်ပျိုးခြင်းဖြင့် စိမ်းစိမ်းစိုစို အပင်များတွင် ဖြူ၊ နီ၊ ဝါ၊ ပြာ၊ ခရမ်းအရောင်မျိုးစုံ ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာ အလှချင်းပြိုင် ရှုမငြီးနိုင်အောင် မျက်စိပသာဒ ဖြစ်ရသည်။ နီနီရဲရဲ စိန်ပန်းနီ၊ ပြာလဲ့လဲ့ စိန်ပန်းပြာ၊ ဝါဝင်းသည့် ငုရွှေဝါ၊ ခရမ်းရောင် ပျဉ်းမနဲ့ ပန်းသွေးရောင်ချယ်ရီ၊ ငုစပ်၊ မွှေးပြန့်သည့် ရွှေဝါရောင်ပိတောက်၊ သင်းရနံ့ရှိတဲ့ ခရေ၊ တမာ စသည့် အပင်များကို လမ်းဘေးဝဲယာနှင့် အိမ်ခြံဥယျာဉ်တွေမှာ စိတ်ကူးကွန့်မြူးပြီး အလှဆင်တံတိုင်းများ၊ အစိမ်းရောင် တံတိုင်းများ အဖြစ် စိုက်ပျိုးနိုင်ပါသည်။ ထို သစ်ပင်ကြီးများအပြင် အရွယ်အစားမျိုးစုံ အပင်မျိုးစုံကို မိမိအိမ်ခြံဝင်းအတွင်းမှာ စိုက်ပျိုးခြင်းဖြင့် မိမိသာမက မြင်ရသူအပေါင်း စိတ်ကြည်နူးချမ်းမြေ့ကြရမှာဖြစ် သည်။ ထို့ကြောင့် သစ်ပင်စိုက်လျှင်တို့ဝန်းကျင် ၊ စိမ်းစိုလှပကြည်နူးရ၏ဟု ဆိုခြင်း ဖြစ်သည်။

### စားပင်သီးပင် စိုက်ပျိုးစို့

အရိပ်ရသော အပင်များကိုစိုက်ပါက အရိပ်ရသည်။ အသီးစားရသော အပင်စိုက်ပျိုးက အသီးစားကြရသည်၊ သစ်ထင်းအတွက် ရည်ရွယ်ပြီးစိုက်ပါက အချိန်တန်တော့ သစ်၊ တိုင်၊ တန်း၊ ထင်းတို့ကို ရရှိနိုင်မည်ဖြစ်သည်။ မိမိကျေးရွာ၊ အိမ်ခြံ၊ လယ်ယာပတ်လည်တွင် ရာသီအလိုက် သီးနှံများ စိုက်ပျိုးခြင်း၊ သရက်၊ ပိန္နဲ၊ ထောပတ်၊ မာလကာ၊ သင်္ဘော၊ ဥသျှစ်၊ ဆီး စသည့် မိမိအရပ်ဒေသနှင့် ကိုက်ညီသည့် စားပင် သီးပင်များ စိုက်ပျိုးခြင်းသည် အလွန်အကျိုးကျေးဇူးများပါသည်။ မိမိအိမ်၊ လယ်ယာ ၊ ကျေးရွာ၊ ရပ်ကွက် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သည့်အပြင် ရာသီအလိုက် သီးပွင့်လာသည့် အသီး၊ အရွက်၊ အညွန့်တို့ကိုလည်း စားသုံးကြရသည်။ ပိုလျှံသော အသီးအနှံတို့ကို ရောင်းချခြင်းဖြင့် အပိုဝင်ငွေ ရရှိနိုင်သည်။ နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင်ဆိုသကဲ့သို့ အပင်ကြီးငယ် ချုံ၊ နွယ်မရွေး လူသားများအတွက် အသုံးဝင်၊ ပတ်ဝန်းကျင်အတွက် အကျိုးများသဖြင့် နည်းများမဆို စိုက်ပျိုးသင့်လှသည်။

### စွမ်းအင်လည်းရ၊ ပြည်လည်းလှ

လူတိုင်း အိမ်ထောင်စုတိုင်း မိသားစုတိုင်းအတွက် နေ့စဉ်လိုအပ်ချက်သည် ထင်းလောင်စာ ဖြစ်သည်၊ အစားအစာ ချက်ပြုတ်ကြော်လှော်ရန်၊ အနွေးဓာတ်၊ အပူဓာတ် ရရှိဖို့ ထင်း၊ မီးသွေးလောင်စာများကို အားပြုကြရသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျှပ်စစ်၊ ဂက်စ်၊ ဆိုလာ စသည့် စွမ်းအင်များ လုံလုံလောက်လောက် မရနိုင်သရွေ့ မိရိုးဖလာ အစဉ်အလာအရ သုံးစွဲခဲ့သော ထင်း၊ မီးသွေး လောင်စာများကိုပင် အသုံးပြုကြရသည်။

သစ်ပင်၊ သစ်တောများမှ ထုတ်လုပ်ပေးသော ထင်း၊ သစ်သားစသည့် ဇီဝဒြပ်ထု လောင်စာများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အချို့စက်မှုနိုင်ငံများအတွက် အလွန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကမ္ဘာ့သစ်ထုတ်လုပ်မှု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း (၁ ဒသမ ၈ ဘီလီယံ ကုဗမီတာ) သည် ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့် လျှပ်စစ်ထုတ်လုပ်ခြင်း



ကလောမြို့ ဘော်ဆုံကျေးရွာအနီး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များက ထင်းရှူးပင်၊ ချယ်ရီပင်နှင့် ခါတော်မီပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ ဓာတ်ပုံ- မြို့နယ် (ပြန်/ဆက်)

စသည့် စွမ်းအင်များအတွက် အသုံးပြုလျက်ရှိသည်။ ၂ ဒသမ ၄ ဘီလီယံသော ကမ္ဘာ့ပြည်သူများသည် ချက်ပြုတ်ခြင်း၊ အာဟာရပြည့်ဝသော အစားအစာထုတ်လုပ်ခြင်း၊ ရေနွေးကျိုခြင်းနှင့် နေအိမ်အပူပေးခြင်း လုပ်ငန်းများတွင် ထင်းကို အသုံးပြုလျက်ရှိသည်ဟု ဆို၏။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများ ဖြစ်ပြီး နေ့စဉ်ချက်ပြုတ် စားသောက်ရန်အတွက် ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ် သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံ ကျေးလက်နှင့် မြို့ပြဒေသနေ ပြည်သူအများစုအတွက် နှစ်စဉ်ထင်းလိုအပ်ချက် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့် ရှိပြီး ကျေးလက်နှင့် မြို့ပြနေ ပြည်သူများ၏ ထင်း၊ မီးသွေးသုံးစွဲမှုသည် စုစုပေါင်း စွမ်းအင် သုံးစွဲမှု ပမာဏ၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်း အထိရှိသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် သဘာဝသစ်တောများကို ပျက်စီးပြုန်းတီးမှု မရှိစေဘဲ ထင်းလိုအပ်ချက် ပြည့်မီစေရန်အတွက် ထင်းလိုအပ်ချက် စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကို ကိုယ်ပိုင်အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ခြံမြေ၊ လယ်ယာပတ်လည်တို့တွင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ ၂၅ ရာခိုင်နှုန်းကို ဒေသခံပြည်သူအစု အဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ လည်းကောင်း၊ ၄ ဒသမ ၂ ရာခိုင်နှုန်းကို ဌာန ဆိုင်ရာ သစ်တောစိုက်ခင်းများမှလည်းကောင်း၊ ၄၅ ဒသမ ၈ ရာခိုင်နှုန်းကို သဘာဝသစ်တောများမှလည်းကောင်း ရရှိနိုင်ရေးအတွက် အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။ ‘သစ်တော သစ်ပင်စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ’ စကားသည် လက်တွေ့ကျလှသည်။ လောင်စာစွမ်းအင်ဖူလုံဖို့ သစ်ပင်များ စိုက်ပျိုးဖို့ လိုအပ်သည်။ ကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ထင်း၊ မီးသွေး၊ ဇီဝဒြပ်ထု လောင်စာစွမ်းအင်ပြဿနာများ ဖြေရှင်းနိုင်မည်ဖြစ်သည်။

### ရေကြည်ချမ်းမြေ သစ်တောမှရ

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ အဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတဖြစ်သည်။ ထို့ကြောင့် ‘ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်’ ဟု ဆိုကြ၏။ ‘ရွှေကိုမလို၊ ရေကိုသာလိုသည်’ ဟုဆိုကြသည်။ ရေသယံဇာတသည် သစ်ပင်သစ်တောများမှ အထောက်အပံ့ပြုသည့် အလွန်အဖိုးတန်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ လူနှင့်တိရစ္ဆာန်များ၊ သက်ရှိများအားလုံးအတွက် မရှိမဖြစ်လိုအပ်သည့် ရေသယံဇာတများသည် သစ်တောများနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည်။

သစ်တောများရှိမှသာ သဘာဝရေဦးရေထွက်များ၊ စိမ့်ရေစမ်းရေများရရှိနိုင်သည်။ သစ်တောများ ပြုန်းတီးခြင်းကြောင့် သဘာဝ ရေထွက်များ၊ စိမ့်ရေစမ်းရေများ ခန်းခြောက်ပျောက်ကွယ်ကြရသည်။ သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချို ပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ကမ္ဘာ့အကြီးဆုံး မြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၎င်းတို့အတွက် လိုအပ်သည့် သောက်သုံးရေ ရာခိုင်နှုန်းအများစုကို သစ်တောများဖုံးလွှမ်းနေသည့် သဘာဝနယ်မြေများမှ ရရှိခြင်းဖြစ်သည်။

သစ်တောများသည် သဘာဝရေသန့်စက်ကြီးများသဖွယ်ဖြစ်၍ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့် အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်းဖြင့် လူနှင့် သက်ရှိများကို အကျိုးပြုလျက်ရှိသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်ကြီးများ၊ အင်းတော်ကြီးနှင့် အင်းလေးကဲ့သို့သော ကုန်းတွင်း ရေကန်များ၊ ဆည်များ၊ ချောင်းများ၊ ရေကန်များ ရေရှည်တည်တံ့နေစေရန် ရေဝေရေလဲဒေသများရှိ သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်ကြရခြင်းဖြစ်သည်။

### ဇီဝမျိုးစုံ၊ တောမှာစုံ

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အပင်နှင့် တိရစ္ဆာန်မျိုးရင်းမျိုးစိတ်များ၊ ဇီဝမျိုးအရင်းအမြစ်များ ၎င်းတို့အချင်းချင်း အပြန်အလှန်ဆက်စပ်မှုများဖြစ်သည်။ သက်ရှိများ ရှင်သန်ဖို့အပင်၊ တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲတို့ အပြန်အလှန် အမှီသဟဲပြုကြရသည်။ လူသားများ ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်သော အစားအစာ၊ ဆေးဝါး၊ နေရာထိုင်ခင်း၊ အဝတ်အစားတို့အတွက် ဇီဝမျိုးစုံမျိုးကွဲများက ထောက်ပံ့ပေးသည်။ သစ်ပင်၏ အရွက်၊ အသီး၊ အခေါက်၊ အမြစ် စသည့် အစိတ်အပိုင်းများကို အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ နေထိုင်စရာတို့အဖြစ် ဖန်တီးထုတ်လုပ်ပေးသည်။ အပင်မျိုးရင်း မျိုးစိတ်အမျိုးမျိုး၊ အသား၊ ငါးအမျိုးမျိုးတို့ကို စားသောက်ပြီး လူသားများ ရှင်သန်ကြရသည်။ ကျေးငှက်၊ တိရစ္ဆာန်များက အပင်ဇီဝမျိုးစုံ ကြွယ်ဝဖို့ ဝတ်မှုန်ကူးခြင်း၊ သစ်ဥသစ်ဖုသစ်စေ့များကို စားသောက်ပြီး သစ်စေ့များကို နေရာဒေသအသီးသီးသို့ ဖြန့်ကြက်သယ်ဆောင်ပေးခြင်းဖြင့် ကူညီပေးကြသည်။ ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေနေသတ္တဝါများအတွက် နေရင်းဒေသ၊ သားပေါက်ပျော်မွေ့ရာ နေရာဖြစ်သည်၊ တောတောင်စိမ့်စမ်းများသည် တောရိုင်းတိရစ္ဆာန် ဇီဝမျိုးစုံတို့ အတွက် ပျော်မွေ့ရာ၊ ကျင်လည်ကျက်စားရာ နေရာဒေသများဖြစ်သည်။ ကြွယ်ဝသည့် ဇီဝမျိုးစုံမျိုးကွဲများကို သစ်ပင်သစ်တော ပေါများထူထပ်ရာတွင် စုံစုံလင်လင် တွေ့နိုင်သည်။

### သဘာဝဘေးအန္တရာယ် လျှော့ပါးဖို့

သစ်ပင် သစ်တောများသည် လေပြင်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြို မှု၊ မြေတိုက်စားမှုများကို အကာအကွယ်ပေးနိုင်သည်။ သစ်ပင်သစ်တောများ၊ ဒီရေ တောများကြောင့် မြစ်ချောင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် ကျေးရွာ၊ ရပ်ကွက် မြို့ ရွာများ၊ မြို့များ လေဒဏ် မိုးဒဏ် လှိုင်းဒဏ် လျော့ပါးသက်သာစေသည်။ သည်းထန်သည့် မိုးရေများကို သစ်မြစ်များက စုပ်ယူထိန်းသိမ်းထားပြီး ရေကိုတဖြည်းဖြည်းချင်း လွှတ်ထုတ်သဖြင့် ရေကြီးမှုကို လျော့နည်းစေသည်၊ ကမ်းရိုးတန်းများ တည်ငြိမ်စေသည်၊ အနည်အနှစ် အစိုင်အခဲများကို စစ်ထုတ်ပေးခြင်းဖြင့် ရေကို သန့်စင်ကြည်လင်စေသည်၊ သစ်မြစ်များက မြေစိုင်မြေခဲ မြေသားများကို ရစ်ပတ်တုပ်နှောင်ထားသောကြောင့် မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေဆီတိုက်စားခြင်းကို ကာကွယ်ပေးသည်။ သစ်ပင်သစ်တောများကြောင့် လူသားနှင့် သက်ရှိတို့၏ အသက် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမှ အကာအကွယ်ပေးနိုင်ခဲ့သည့် သာဓကများစွာ ရှိခဲ့သည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို ‘သဘာဝ အစိမ်းရောင် တံတိုင်းကြီးများ’ ဟု တင်စားခေါ်ဝေါ်ကြသည်။

### ထာဝရကုသိုလ် ရရှိလို

သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်းလည်းမည်၏။ ထာဝရကုသိုလ် ခြောက်ပါးဆိုသည်မှာ ပန်းဥယျာဉ် သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း (အာရာမရောပ ဒါန)၊ အရိပ်ရအပင် စားသုံးပင် စသော သစ်ပင်ကြီးငယ်ခြင်းတို့ကို စိုက်ပျိုးလှူဒါန်းခြင်း (ဝန ရောပ ဒါန)၊ တံတားခင်းလမ်းဖောက် လှူဒါန်းခြင်း (သေ တုကာရက ဒါန)၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း (ပပါဒါန)၊ ရေတွင်း ရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း (ဥပဒါန)၊ ဇရပ် တန်ဆောင်း ဂူကျောင်းပြာသာဒ် နားနေရိပ်သာ ဆေးရုံ ဆေးခန်းစသော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း (ဥပဿယဒါန) တို့ဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရ ကုသိုလ်တစ်ပါး အဖြစ် ပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ်နှင့် အခြား ထာဝရကုသိုလ်များကဲ့သို့ တူညီသော ကုသိုလ်ကိုရရှိခံစားနိုင်မည် ဖြစ်သည်။

### ပျိုးပင်လေးတွေ ဖြန့်ဝေတယ်

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း သစ်တော သစ်ပင်များဖြင့် စိမ်းလန်းနေစေဖို့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ် တောများတွင်သာ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းသည် မဟုတ်ဘဲ မြို့ပြ၊ ကျေးလက်များတွင်လည်း သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းနေစေဖို့ အစဉ်အမြဲ ကြိုးပမ်းလျက်ရှိသည်။ သဘာဝတောများ သားစဉ်မြေးဆက် တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ်ထိန်းသိမ်းခြင်း၊ တောနိမ့်တောပျက်များတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင် ရွက်လျက်ရှိသည်။ ထိုသို့သစ်တောများ စိုက်ပျိုးထိန်းသိမ်းရာတွင် ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင် နိုင်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ၁၉၉၅ ခုနှစ်ကပင် စတင်တည်ထောင်ခွင့်ပြုဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် အောင်မြင်မှု အရှိန်အဟုန်မြင့်မားလျက်ရှိသည်။

ယခုအခါ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို ပြည်သူ အများ နားလည်သဘောပေါက်လာသည်နှင့်အညီ ပတ်ဝန်း ကျင်စိမ်းလန်းစိုပြည်ဖို့ အစိုးရဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက မိုးရာသီတွင် သစ်ပင်စိုက်ပွဲတော်များ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာကြသည်။ တက်တက်ကြွကြွ ပူးပေါင်းပါဝင် လာကြသည်။

ရပ်ရွာ၊ ကျေးလက်၊ မြို့ပြများ၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံ များ၊ လမ်းဘေးဝဲယာများ၊ ဆက်သွယ်ရေးလမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာများ စသည့်အများနှင့် သက်ဆိုင်သည့် နေရာများတွင် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာကြသည်။ သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများအတွက် လိုအပ်သော သစ်ပင်ပျိုးပင်မျိုးစုံကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးရှိ သစ်တောဦးစီးဌာန သစ်တောပျိုး ဥယျာဉ်များတွင် လူထုဖြန့် ပျိုးပင်များကို စနစ်တကျ ဖြန့်ဖြူးပေးလျက်ရှိသည်။

*စာမျက်နှာ ၇ သို့*

# ၂၀၁၈ ခုနှစ် မြန်မာသမိုင်းအဖွဲ့ ဥပဒေပြဋ္ဌာန်း

**၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)**
**၁၃၈၀ ပြည့်နှစ်၊နယုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာသမိုင်းအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကို ဆိုသည်။

(င) **မြန်မာသမိုင်း** ဆိုသည်မှာ တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်ဆက်နွှယ်သော သမိုင်းကိုဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာသမိုင်းကို အထောက်အထားခိုင်မာစွာ စနစ်တကျဖော်ထုတ်ပြုစုရန်၊

(ခ) မြန်မာသမိုင်းဆိုင်ရာ အထောက်အထားများကို ပြည်တွင်း ပြည်ပမှ ရှာဖွေစုဆောင်းရန်၊

(ဂ) ရှာဖွေစုဆောင်းရရှိပြီးသော အထောက်အထားများကို အခြေခံ၍ မြန်မာသမိုင်းကို သုတေသနပြုစုရန်၊

(ဃ) သုတေသနပြုတွေ့ရှိချက်များကို အခြေခံ၍ ခေတ်အပိုင်းအခြားအလိုက် မြန်မာသမိုင်းကို ပြုစုရန်၊

(င) မြန်မာသမိုင်းနှင့် ဆက်နွှယ်သော ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သော အကူအညီ ရယူရန်၊

(စ) ပြည်သူလူထု၏ သမိုင်းဆိုင်ရာအသိပညာ၊ ဗဟုသုတတိုးပွားစေရေးအတွက် မြန်မာသမိုင်းနှင့် သက်ဆိုင်သော ကျမ်း၊ စာအုပ်၊ စာစောင်နှင့်စာတမ်းများကို ပြုစုထုတ်ဝေရန်၊

(ဆ) သမိုင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

**အခန်း (၃)**
**ဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သုတေသီများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀ ဦးထက် မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာသမိုင်းအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသောအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**
**အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ အဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရအဖွဲ့ကို တာဝန်ခံခြင်း၊

(ခ) မြန်မာနိုင်ငံသမိုင်းကို စနစ်တကျ ဖော်ထုတ်ပြုစုရာ၌ ပံ့ပိုးကူညီဖြည့်ဆည်းခြင်း၊

(ဂ) သမိုင်းသုတေသီများ၊ သမိုင်းပညာရှင်များ ပေါ်ထွန်းစေရန် လေ့ကျင့်ပေးခြင်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) မြန်မာသမိုင်းဆိုင်ရာအချက်အလက်များ၊ အထောက်အထားများကို ရှာဖွေရရှိစေရန် ပံ့ပိုးခြင်း၊

(င) မြန်မာသမိုင်းဆိုင်ရာ စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းထားရှိခြင်း၊

(စ) တက္ကသိုလ်သမိုင်းဌာနများနှင့် အခြားဝန်ကြီးဌာနအသီးသီးမှ လိုအပ်သော သမိုင်းသုတေသနဆိုင်ရာ အကူအညီများပေးခြင်း၊

(ဆ) မြန်မာသမိုင်းနှင့် သက်ဆိုင်သော သုတေသန အထောက်အထားများကို စိစစ်ခြင်းနှင့် ကျမ်း၊ စာအုပ်၊ စာစောင်နှင့် စာတမ်းများကို ပြုစုထုတ်ဝေခြင်း၊

(ဇ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက ပေးအပ်သည့် မြန်မာသမိုင်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

၆။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လိုအပ်သော အဖွဲ့ခွဲများကိုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြင်ပပုဂ္ဂိုလ်များထံမှ လိုအပ်သောအကူအညီကို ရယူခြင်း၊ ထိုသို့ရယူရာတွင် လိုအပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် ရယူခြင်း၊

(ဂ) စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ပြည်တွင်း ပြည်ပမှ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် လက်ခံရယူခြင်းတို့ကို ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ဦးစီးဌာန၏ ပံ့ပိုးကူညီမှု ရယူခြင်း။

**အခန်း (၅)**
**အထွေထွေ**

၇။ ဦးစီးဌာနသည် အဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၉။ အဖွဲ့၏ ကုန်ကျစရိတ်များကို ဦးစီးဌာနက ကျခံရမည်။

၁၀။ အဖွဲ့၏ ရငွေနှင့် သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထားရှိဆောင်ရွက်ရမည်။

၁၁။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၁၂/၉၁) အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ အဖွဲ့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လည်းကောင်း ထုတ်ပြန်နိုင်သည်။

၁၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၂/၉၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၆ မှ*

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးလိုသူ၊ မိုးရာသီလူထုလှုပ်ရှားမှု၊ အဖွဲ့အစည်းလှုပ်ရှားမှု အသွင်ဖြင့် စိုက်ပျိုးလိုသည့် မည်သူမဆို၊ မည်သည့် အဖွဲ့အစည်းကိုမဆို ဖြန့်ဖြူးပေးလျက်ရှိပါသည်။ နှစ်စဉ် ပျိုးပင် ၁၀ သန်းခန့်ကို မြန်ပြည်တစ်ဝန်း စိမ်းလန်းစေဖို့ ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် ဝေငှဖြန့်ဖြူးလျက်ရှိပါသည်။

**ရှင်အောင် စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း**

တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်ဖို့ အလွန်အရေးကြီးလှသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်။ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသအနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ်သည်၊ ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက်ချမှတ်ပြီး နေရာဒေသအလိုက် စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည် ဖြစ်သည်၊ သစ်ပင်ရှင်သန်အောင် စိုက်ပျိုးခြင်းသည် လွယ်ကူသော်လည်း ကြီးအောင်ပြုစုဖို့၊ မြဲအောင်ထိန်းသိမ်းဖို့ အလွန်ခက်ခဲသည်။ အပင်တိုင်း အပင်တိုင်းကို တန်ဖိုးထားလျက် စတင်စိုက်ပျိုးခြင်းမှသည် ကြီးပြင်းသည်အထိ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ သေပင် ဖာထေးခြင်း စသည့် လုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်မှသာ စိုက်ပျိုးပြီး အပင်များကို ကြီးအောင်ပြုစုနိုင်လိမ့်မည်၊ မြဲအောင် ထိန်းသိမ်းနိုင်မည် ဖြစ်သည်။ မိမိစိုက်ပျိုးခဲ့သော သစ်ပင်များအတွက် အမြဲတမ်းဝမ်းမြောက်ဂုဏ်ယူနိုင်အောင် ဆောင်ရွက်ကြရပါမည်။

ထို့အပြင် စိုက်သင့်သောနေရာကို စနစ်တကျ ဘက်စုံစဉ်းစားရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။ ဥပမာ လမ်းနှင့်မလွတ်သောနေရာများ၊ ဓာတ်ကြိုးများနှင့် မလွတ်ကင်းနိုင်သောနေရာများ၊ အဆောက်အအုံနှင့် မလွတ်သောနေရာများ စသည်ဖြင့် စိုက်ပျိုးပြီး အပင်ကို ခုတ်ထွင်ရှင်းလင်းခြင်းခံရမည့် အန္တရာယ်ရှိသော နေရာများကို မစိုက်ပျိုးမိကပင် သေချာလေ့လာရှောင်ကြဉ်ကြရမည်။ သို့မဟုတ်ပါက ဆုံးရှုံးမှုများစွာ ရှိလာမည်ဖြစ်သည်။ အပင်သက်တမ်းကြီးမားလာလေ ဆုံးရှုံးမှု ကြီးမားလေဖြစ်သည်။

**မြန်ပြည်တစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပဟူသော ဆိုရိုးစကားနှင့်အညီ ယခုအချိန်သည် သစ်ပင်စိုက်ပျိုးရန် ဒုတိယအကြိမ် အကောင်းဆုံးအချိန်အခါဖြစ်သည်။ မိုးလရာသီရောက်ခဲ့ပြီ၊ မြေဆီစိုခိုက် သစ်ပင်စိုက်ဖို့ အချိန်အခါကောင်းလည်းဖြစ်သည်။ တစ်နိုင်တစ်ပိုင် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် ကျေးရွာအစုအဖွဲ့၊ အစိုးရနှင့်အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ မိုးရာသီ လူထုလှုပ်ရှားမှုအနေဖြင့် သစ်ပင်များ စိုက်ပျိုးရန် အချိန်အခါကောင်းဖြစ် သည်။ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေး အထောက်အကူပြုရန်၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှု လျော့ချနိုင်ရန်၊ ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျ ထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိအမြင်များ တိုးပွားလာစေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရန် သစ်တောဦးစီးဌာနက သစ်မျိုးစုံ၊ သစ်ပင်ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိသည်။ သက်ရှိလောက တည်မြဲဖို့၊ ထာဝရကုသိုလ်ရယူဖို့၊ ဇီဝမျိုးစုံ ထိန်းသိမ်းဖို့၊ လောင်စာစွမ်းအင်ရရှိဖို့၊ ရေသယံဇာတ ထိန်းသိမ်းဖို့၊ ရာသီဥတုမျှတဖို့ ၊ သစ်ပင်စိုက်ပျိုးကြပါစို့လို့ တိုက်တွန်းရင်း ပြည်သူလူထု ပူးပေါင်းပါဝင်မည့် စနစ်ကျသော၊ ထိရောက်သော၊ ကြီးအောင်ပြုစုနိုင်သော၊ မြဲအောင်ထိန်းသိမ်းနိုင်သော လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုး ပွဲတော်များကို ကြိုဆိုအပ်ပါသည်။ ။

● *ကျောဖုံးမှ*

ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်လုကြမည့် လက်ရှိချန်ပီယံ အောင်လအန်ဆန်နှင့် ဂျပန်နိုင်ငံသား ကမ်ဟာစီဂါဝါ၊ ဘရာဇီးနိုင်ငံသား လီအန်ဒိုနှင့် ရိုမန်၊ ဘရာဇီးနိုင်ငံသား ရီဖာလီနှင့် ဂျပန်နိုင်ငံသား ရာမဒါ၊ စင်ကာပူနိုင်ငံသား တူကာတာတုန်းနှင့် ပါနီကိုစ်၊ အီလီရိုနှင့် မက်သရူး၊ အင်ဒိုနီးရှားနိုင်ငံသား မီရာဒိုနှင့် စင်ကာပူနိုင်ငံသား ကိုင်ဆာဒါ၊ အာမက်နှင့် ရှန်လီ၊ စင်ကာပူနိုင်ငံသား ဆာဂီတာရိုနှင့် ဗီယက်နမ်နိုင်ငံမှ မက်ဂျာဝမ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ညကျင်းပမည့် MMA (Mix Martial Art) ပြိုင်ပွဲကြီး၏ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံဆုရှင် မြန်မာနိုင်ငံသားကချင်ပြည်နယ်ဖွား အောင်လအန်ဆန်သည် ယခုနှစ်အတွင်း အဆိုပါချန်ပီယံ ခါးပတ်ကာကွယ်ပွဲများကို ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။

"လာမယ့် ဇွန်လကုန်ပိုင်းမှာ ကျွန်တော့်ရဲ့ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲရှိပါတယ်၊ ဒီပွဲအတွက်လည်း အချိန်ယူပြီး အကောင်းဆုံးဖြစ်အောင် ကြိုးတင်ပြီး အပြင်းအထန် လေ့ကျင့်ပေးနေတယ်၊ ဒီပွဲမှာ အလဲထိုးနဲ့အနိုင်ယူပြီး မြန်မာပရိသတ်ရှေ့မှာ လက်ရှိချန်ပီယံခါးပတ်ကို ကာကွယ်သွားမှာပါ"ဟု MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်နှစ်ခုကို ပိုင်ဆိုင်ထားသော အောင်လအန်ဆန်က ပြောသည်။




**မြန်မာနိုင်ငံတွင်(၇) ကြိမ်မြောက်ကျင်းပမည့် MMA ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများ။**

စင်ကာပူနိုင်ငံအခြေစိုက် ONE Championships အဖွဲ့က ကမ္ဘာ့နိုင်ငံတစ်ဝန်း လှည့်လည်ကျင်းပလျက်ရှိသော MMA (Mix Martial Art) ပြိုင်ပွဲကြီးကို လာမည့် ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံ၌ ခုနစ်ကြိမ်မြောက် ကျင်းပတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစတင်ကာ ခြေချလာသော MMA ပြိုင်ပွဲများတွင် မြန်မာနိုင်ငံသား လက်ရှိရွှေခါးပတ်နှစ်ခုပိုင်ရှင် အောင်လအန်ဆန်အနေဖြင့် ငါးကြိမ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာငါးကြိမ်စလုံးအနိုင်ရခဲ့ပြီး MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်တို့ကို လက်ဝယ်တွင် ပိုင်ဆိုင်ထားပြီဖြစ်၍ မကြာမီဆက်လက်ထိန်းသိမ်းကာကွယ်နိုင်ရန် ယှဉ်ပြိုင်ထိုးသတ်ရတော့မည် ဖြစ်သည်။

အောင်လအန်ဆန်သည် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာတွင် အမှတ်နှင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး MMA လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ပြီးခဲ့သော ဖေဖော်ဝါရီ ၂၃ ရက်က ဘရာဇီးနိုင်ငံသား အလက်စန္ဒား မချာဒိုကို ပထမအချီ ၅၆ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရကာ ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ MMA ချန်ပီယံခါးပတ်နှစ်ခုပိုင်ရှင် အောင်လအန်ဆန်မှာ လာမည့် ဇွန် ၂၉ ရက်တွင် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို ကာကွယ်ယှဉ်ပြိုင် ထိုးသတ်ရမည်ဖြစ်ပြီး ယင်းနောက် စက်တင်ဘာလတွင် လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို ကာကွယ်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း အပိုင်း (၁)


အီမာနူရ်ဆောင်း


ဆူဖရာဘီဘီ


ဖေရုဒစ်


နော်ဂူမူလ္လာ


အော်ဒါဟူဆောင်း


မာမတ်အီလီယာ့စ်


မဟာဘေဇူရာမန်


မာမက်အာယာ့စ်


မာမက်ဂျူဘာရ်


အဒူရော်ဟိန်း

**မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး သဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပါသည်။**

ထို့ပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ ၁၉၉၃ ခုနှစ် သဘောတူညီချက်တွင် သဘောတူညီခဲ့သည့်အတိုင်း နေရပ်စွန့်ခွာသူများ ပြန်လည်ရောက်ရှိလာလျှင် အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါက အရေးယူခြင်းပြုမည် မဟုတ်ကြောင်း နှစ်နိုင်ငံသဘောတူညီခဲ့ကြပါသည်။

ယခုအခါ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူအချို့မှာ အကြမ်းဖက်မှုတွင် ပါဝင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်မှုခံယူပြီးနောက် မောင်တောမြို့နယ်ရှိ မိမိတို့နေရပ်အသီးသီးတွင် ပြန်လည်ရောက်ရှိ နေထိုင်နေကြပြီဖြစ်ရာ ၎င်းတို့အား သတင်းအဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်းထားပါသည်။

**အီမာနူရ်ဆောင်း**
**နေရပ် - ယခင် ရွှေဇားကျေးရွာအုပ်စု ၊ ရွှေဇားအလယ်ကျေးရွာ**
**ယခု - ရွှေဇားအုပ်စု မိမိနေအိမ်**

ဒီမြန်မာနိုင်ငံဘက်ကို ဟိုဘက်ကမ်းကနေ ပြန်ရောက်လာခဲ့ပါတယ်။ ကျွန်တော့်မိသားစုကတော့ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကို သွားနေပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံဘက်ခြမ်း ကျွန်တော့်အိမ်ကို ကျွန်တော်ပြန်လာနေထိုင်တာပါ။ ကျွန်တော့်မိသားစုကိုလည်း ပြန်ခေါ်မှာပါ။ သူတို့က ဒုက္ခသည်စခန်းမှာ သွားနေတာဖြစ်တဲ့အတွက် ဒုက္ခသည်စာရင်းအတိုင်း ပြန်လာမှာကိုပဲ ကြိုဆိုနေမှာပါ။ ဒီမှာနေရတာ အဆင်ပြေပါတယ်။ ဒီမြန်မာနိုင်ငံမှာ ပြန်လာတာဖြစ်တဲ့အတွက် NVC ကတ်နဲ့ ပတ်သက်ပြီး အစိုးရရဲ့စည်းမျဉ်းစည်းကမ်းအတိုင်း ကျွန်တော်နာခံပါမယ်။ ဒီမှာစားဝတ်နေရေးအတွက်ကိုတော့ အရင်တုန်းကလိုပဲ ငါးဖမ်းလုပ်ငန်းကိုပဲ ဆက်ပြီးတော့ လုပ်ကိုင်မှာပါ။

**ဆူဖရာဘီဘီ**
**နေရပ် - ယခင် ကညင်တန်းကျေးရွာအုပ်စု၊ မောင်နီရွာ**
**ယခု - ကညင်တန်း(မြို့မ) ၊ မိမိနေအိမ်**

ဒီကို ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကနေ ပြန်ရောက်လာတာပါ။ ကျွန်မ မြန်မာနိုင်ငံကဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာပဲ နေချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ် ဘက်ကိုတော့ ဆေးကုဖို့ပဲသွားခဲ့တာပါ။ ကျွန်မက အခု အစိုးရရဲ့စည်းမျဉ်းစည်းကမ်းအတိုင်း နေပါမယ်။ NVC ကတ်လုပ်ဖို့အတွက်ကတော့ မိသားစုနဲ့တိုင်ပင်ရပါဦးမယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ ရှိတဲ့သူတွေကိုလည်း မြန်မာနိုင်ငံဘက်ကိုပဲ ပြန်လာစေချင်ပါတယ်။

**ဖေရုဒစ်**
**နေရပ် - မြို့မတောင်ရပ်ကွက်၊ ဖေဇီရွာ**
**ယခု - ကညင်တန်း(မြို့မ)**

ကျွန်မလောလောဆယ်တော့ မြို့မကညင်တန်းမှာ အဖေနဲ့နေပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားခဲ့တာက ကျွန်မညီမ တစ်ယောက် လက်ကျိုးသွားလို့ သူ့ကိုစောင့်ရှောက်ဖို့၊ ဝိုင်းဝန်းကူညီပေးဖို့အတွက် လိုက်သွားခဲ့တာပါ။ ဆေးရုံမှာခြောက်ရက်တိတိနေခဲ့ပါတယ်။ ခြောက်ရက်နေပြီး ဆေးရုံဆင်းတာနဲ့ ဒီမြန်မာနိုင်ငံဘက်ကမ်းကို ပြန်လာပါတယ်။ အခုဒီကနေ ထွက်ပြေးတဲ့သူတွေနေတဲ့နေရာနဲ့ ဆေးရုံနဲ့ အဝေးကြီးပါ။ အဲဒီဘက်ကိုတော့ မသွားခဲ့ပါဘူး။

အဲဒီဘက်မှာ လူတွေအများကြီး ရောက်နေတယ်ဆိုတာတော့ သတင်းကြားပါတယ်။ သူတို့တွေကို ဘင်္ဂလားဒေ့ရှ်ဘက်က အထောက်အပံ့တွေ ပေးနေတာကိုလည်းကြားပါတယ်။ ကျွန်မက မြန်မာနိုင်ငံမှာနေတဲ့အတွက် မြန်မာနိုင်ငံကိုပဲ သဘောကျပါတယ်။ အခု NVC ကတ်ကတော့ ကျွန်မ တစ်ယောက်တည်းပဲ ရထားပါတယ်။ ကျွန်မအဖေကတော့ NVC ကတ်ကို မယူပါဘူး။ ကျွန်မက မြန်မာနိုင်ငံမှာနေတဲ့အတွက် မြန်မာနိုင်ငံရဲ့စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီးတော့ နေမှာပါ။

**နော်ဂူမူလ္လာ**
**နေရပ် - ယခင် ညောင်ချောင်းကျေးရွာအုပ်စု၊**
**ညောင်ချောင်းကျေးရွာ**
**ယခု - ညောင်ချောင်းကျေးရွာ**

ကျွန်တော်ဘင်္ဂလားဒေ့ရှ်ဘက်ကို ဆေးကုဖို့အတွက် သွားခဲ့တာပါ။ ဆေးကုရင်းနဲ့ ဘာလူကာလီ ဒုက္ခသည်စခန်းကိုတော့ တစ်ရက် နှစ်ရက် သွားနေပြီး အဲဒီက အုပ်ချုပ်ရေးမှူးရုံးမှာ တည်းခိုခဲ့ပါတယ်။ အခုကတော့ ပြန်ပြီးနေကောင်းသွားပါပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကို လောလောဆယ်တော့ မသွားတော့ပါဘူး။ အဲဒီဒုက္ခသည်စခန်းမှာတော့ ကျွန်တော့်ရဲ့ ဆွေမျိုးသားချင်းလည်း မရှိပါဘူး။ သူငယ်ချင်းတွေလည်း မရှိပါဘူး။ ကျွန်တော်ဆေးကုဖို့ အချိန်မကျသေးတဲ့အတွက်ကြောင့် အဲဒီဒုက္ခသည်စခန်းမှာ နှစ်ရက်လောက် သွားပြီးနေတာပါ။

ကျွန်တော့်မိသားစုကလည်း မြန်မာနိုင်ငံမှာ ရှိပါတယ်။ မောင်တောမြို့မှာပဲနေကြပါတယ်။ NVC ကတ်ကတော့ ကျွန်တော်တစ်ယောက်တည်းပဲ ရထားပါတယ်။ ကျွန်တော့် မိသားစုမှာတော့ မရှိပါဘူး။ မြန်မာနိုင်ငံမှာရှိသရွေ့ NVC ကတ်ကို လုပ်ရမယ်လို့ ကျွန်တော်ထင်ပါတယ်။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ကျွန်တော်က အရင်က အငှားအလုပ်သမား တစ်ယောက်ပါ။ အခုကတော့ ကျွန်တော်ဆိုင်ခန်းတစ်ခန်းဖွင့်ဖို့အတွက် စိတ်ကူးနေပါတယ်။ ဟိုဘက်မှာရှိနေတဲ့ သူတွေကိုလည်း ပြန်လာဖို့အတွက် အကြံပေးချင်ပါတယ်။

**အော်ဒါဟူဆောင်း**
**နေရပ် - ယခင် ကျောက်ပြင်ဆိပ်ကျေးရွာအုပ်စု၊ တောင်ရွာ**
**ယခု - ကျောက်လှေကားကျေးရွာ၊ ဦးလေးနေအိမ်**

ကျွန်တော်ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ နှစ်လတိတိနေခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ ကျွန်တော့် မိသားစု လေးယောက်ရှိပါတယ်။ ကျွန်တော်ပြန်လာမယ်ဆိုတော့ သူတို့ကို ခေါ်ပါတယ်။ ဒါပေမယ့် မလာကြပါဘူး။ ကျွန်တော်ကတော့ NVC ကတ်ရှိတဲ့အတွက် ဒီဘက်မှာပဲနေမှာပါ။ ဒီဘက်ခြမ်းကို ပြန်လာဖို့အတွက်ကိုတော့ ဘင်္ဂလားဒေ့ရှ်ဘက်က အာဏာပိုင်တွေ တာဝန်ရှိသူတွေ ပြောလို့မဟုတ်ပါဘူး။ ကျွန်တော့်စိတ်နဲ့ ကျွန်တော်ပြန်လာတာပါ။

ဘဝနေထိုင်မှုအတွက် လုံခြုံတာကတော့ ဒီဘက်မှာပဲ ကောင်းပါတယ်။ ဒီဘက်ကိုပြန်ရောက်တော့ မြန်မာအစိုးရဘက်ကနေ အိုး၊ ခွက်တွေ ထောက်ပံ့ပေးထားပါတယ်။

**မာမတ်အီလီယာ့စ်**
**နေရပ် - ယခင် ရွှေဇားကျေးရွာအုပ်စု၊ ရွှေဇားမြောက်ကျေးရွာ**
**ယခု - ရွှေဇားမြောက်ကျေးရွာ**

ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ ငါးရက်လောက်နေပြီး မြန်မာနိုင်ငံဘက်ခြမ်းကို ပြန်လာတဲ့အချိန်မှာ အဖမ်းခံခဲ့ရတာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်လောက်က သွားခဲ့တာပါ။ ကျွန်တော့် မိသားစုကတော့ မောင်တောမြို့မှာ ရှိပါတယ်။

အခုကတော့ ကျွန်တော့်မှာ NVC ကတ်ယူထားပါတယ်။ NVC ကတ်လုပ်ထားရင် ကျွန်တော်တို့ စီးပွားရေးအတွက် အထောက်အကူဖြစ်နိုင်မယ်ဆိုပြီးတော့ ယူထားပါတယ်။ ကျွန်တော့်မိသားစုကတော့ NVC ကတ်မယူပါဘူး။ ကျန်တဲ့သူတွေ NVC ကတ် ဘာကြောင့်မလုပ်ဘူးဆိုတာကိုတော့ ကျွန်တော် မသိပါဘူး။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ဆိုက်ကားနင်းပါတယ်။

အချုပ်ကနေထွက်ပြီးတဲ့နောက်ပိုင်း ဆန်ရယ်၊ ဆီ၊ ပဲနီ၊ အိုးခွက်ပန်းကန်တွေ၊ အကျီနဲ့ ပုဆိုးကို အစိုးရကနေ ထောက်ပံ့ပေးပါတယ်။ အခုလောလောဆယ် ဆိုက်ကားမရှိတော့ တက္ကစီမောင်းပြီးတော့ ဝင်ငွေရအောင်လုပ်ဖို့ စဉ်းစားနေပါတယ်။

ဖြစ်စဉ်ဖြစ်ပြီး နောက်ပိုင်းမှာ ထွက်ပြေးသွားတဲ့သူတွေကိုလည်း မြန်မာနိုင်ငံမှာ ပြန်လာကြမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ကြိုဆိုပါတယ်။

**မဟာဘေဇူရာမန်**
**နေရပ် - ယခင် ငါးခူရကျေးရွာအုပ်စု၊ တောင်ရွာ**
**ယခု - ငါးခူရကျေးရွာအုပ်စု၊ မှိုဝင်ကျေးရွာ၊**

ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာတော့ ဘာလူဟာလီဆိုတဲ့ ကျေးရွာဒုက္ခသည်စခန်းမှာ နေခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့် မိသားစုနဲ့နေတာပါ။ အခုပြန်လာတာကတော့ အဲဒီမှာမနေချင်တဲ့ အတွက်ကြောင့် မြန်မာနိုင်ငံဘက်ကို ပြန်လာတာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကိုတော့ ဒီမှာဖြစ်စဉ်တွေ ဖြစ်ပြီးနောက်ပိုင်းမှ မိသားစုနဲ့ ထွက်ပြေးသွားခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်က ဒုက္ခသည်စခန်းမှာတော့ တူရကီနိုင်ငံကထောက်ပံ့ပစ္စည်းတွေ ပေးပါတယ်။ အခြားနိုင်ငံတွေကလည်း ထောက်ပံ့ပေးတယ်ဆိုတာတော့ သိရတယ်။ ဒါပေမယ့် ဘယ်နိုင်ငံဆိုတာတော့ အတိအကျမသိဘူး။ တူရကီနိုင်ငံကိုပဲ သိခဲ့တာပါ။

ဒီမြန်မာနိုင်ငံဘက်ကို ပြန်လာဖို့အတွက်တော့ ကျွန်တော့်ဘာသာ ကျွန်တော်ပဲ ပြန်လာတာပါ။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ကျွန်တော့်မှာ အရင်ကဆိုင်ရှိပါတယ်။ အဲဒီဆိုင်ကလည်း မီးလောင်တဲ့အထဲမှာ ပါသွားပါပြီ။ အခုလောလောဆယ်တော့ အလုပ်အကိုင်မရှိသေးပါဘူး။ အခုမြန်မာနိုင်ငံအစိုးရကတော့ အိုး ခွက်၊ ဇွန်း ၊ ပန်းကန်၊ ဆန်၊ ဆီ၊ ဆား၊ ပဲနီနဲ့ ပုဆိုး၊ အကျီတွေ ထောက်ပံ့ပေးထားပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံမှာနေဖို့ပဲ ဆန္ဒရှိပါတယ်။ ဒါပေမယ့် ကျွန်တော့် မိသားစုကတော့ သူတို့ဆန္ဒအတိုင်းပဲ ဖြစ်ပါတယ်။ ကလေးတွေကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က အာရ်ဗီကျောင်းမှာ လက်ရှိကျောင်းတက်နေပါတယ်။

ကျွန်တော် NVC ကတ်လုပ်ထားပြီ ဖြစ်ပါတယ်။

**မာမက်အာယာ့စ်**
**နေရပ် - ယခင် ရွှေဇားကျေးရွာအုပ်စု၊ ရွှေဇားမြောက်ကျေးရွာ**
**ယခု - ရွှေဇားမြောက်ကျေးရွာ**

ဘင်္ဂလားဒေ့ရှ်ဘက်မှာ ငါးရက်လောက်နေခဲ့ပါတယ်။ ငါးရက်နေပြီး မြန်မာဘက်ကို ကူးလာတဲ့အချိန်မှာ ဖမ်းဆီးခံလိုက်ရပါတယ်။ ဘာတစ်ခုမှ လုပ်ဖို့သွားတာ မဟုတ်ပါဘူး။ အခုနှစ်၊ နှစ်လပိုင်းကသွားတာပါ။ ဟိုဘက်မှာ ဒီဘက်က သွားတဲ့ လူတွေနဲ့ မတွေ့ပါဘူး။ မောင်တောမြို့မှာ ကျွန်တော်တို့မိသားစု ခေတ်ပုံလုပ်ငန်းလုပ်ပါတယ်။

**မာမက်ဂျူဘာရ်**
**နေရပ် - ယခင်အလယ်သံကျော်ကျေးရွာအုပ်စု၊**
**မော်တူလာကျေးရွာ**
**ယခု - ကညင်တန်း(မြို့မ) ဂျော်မိလ်နေအိမ်**

ဘင်္ဂလားဒေ့ရှ်ကို သွားခဲ့တာကတော့ နှစ်နှစ်ဝန်းကျင်လောက်ရှိပါပြီ။ ဘင်္ဂလားကနေ အခုဒီဘက်ကမ်းကို ပြန်လာပါတယ်။ ပြီးတော့ ကညင်တန်းကျေးရွာမှာ နေပါတယ်။ ဒီဘက်မှာ တစ်နှစ်နီးပါးလောက် နေထိုင်ခဲ့ပါတယ်။

လောလောဆယ်တော့ ဘာအလုပ်မှ မလုပ်ရသေးဘူး။

*စာမျက်နှာ ၉ သို့*

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

**စစ်တွေ ဇွန် ၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာနများမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းသားကျောင်းသူကလေးများက **မြန်မာ့ကျောင်း** သီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ယင်းနောက် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်ဆုချီးမြှင့် ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီးတို့က ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ကြသူ ၁၃ ဦးအား လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၀ တို့ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က လေးဘာသာနှင့် သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး၏ဇနီးက နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိကြသူများကို လည်းကောင်း၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ပြီး အမှတ်အများဆုံးရရှိကြသူများကို လည်းကောင်း၊ ကွန်ပျူတာ တက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာ ဇော်ထွန်းက အောင်ချက် အကောင်းဆုံးကျောင်း၊ လူမှုရေးဝန်ကြီးက ဂုဏ်ထူးရှင်များ ထွက်ပေါ်လာအောင် ကူညီသင်ကြားပြသပေးသော စစ်တွေတက္ကသိုလ်၊ ဘာသာစုံဂုဏ်ထူးရှင် ပေါ်ထွက်ခဲ့သော ကျောင်းများနှင့် ဘာသာစုံ ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသော ဆရာ ဆရာမများအား ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ဂုဏ်ထူးရရှိသူများ ကိုယ်စား ဘာသာစုံဂုဏ်ထူးရှင် မအေးပြည့်ဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဘာသာစုံဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်း၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ်ရှစ်သိန်း၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ်လေးသိန်း၊ နှစ်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။ စစ်တွေခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာနများမှ ဘာသာစုံဂုဏ်ထူးရှင် ၁၃ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၂၀၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၃ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၃၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၆၆ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၂၃ ဦး ထွက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



ဇာဟိတ်ဟူစိန်



ဆော်ယူဆလန်



နေဆာအူလ္လာ



မာမွတ်ဆွေယော့စ်



မာမတ်ဇာဘေရ်

*စာမျက်နှာ ၈ မှ*

ဘင်္ဂလားဒေ့ရှ်မှာနေရတာထက် မြန်မာနိုင်ငံမှာ နေရတာက ပိုအဆင်ပြေပါတယ်။ အလယ်သံကျော်မှာ အိမ်ထောင်စုစာရင်း ပယ်ဖျက်ခံရတော့ အုပ်ချုပ်ရေးမှူးတွေပြောပြီး ကညင်တန်းမှာ နေရပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာလည်း နေထိုင်ခွင့်ကတ်ယူရပါတယ်။ ကတ်မရှိရင် ရဲတွေက ဖမ်းပါတယ်။

အခုမြန်မာနိုင်ငံမှာ NVC ကတ် လုပ်ပြီးပြီဆိုတော့ ဘင်္ဂလားဒေ့ရှ်ကို ပြန်မသွားတော့ပါဘူး။ မိသားစုကို ဒီဘက်ကို ခေါ်ဖို့တော့ ကြိုးစားနေပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဘက်ကို လာစေချင်တယ်။

လောလောဆယ်တော့ ပိုက်ဆံမရှိ၊ အိမ်မရှိဆိုတော့ ဒီမှာ အမျိုးတစ်ယောက်ရှိပါတယ်။ သူ့ဆီမှာ ကားတစ်စီးရှိပါတယ်။ အဲဒီကားနောက်မှာ စပယ်ယာလိုက်ပါမယ်။ အခုတော့ကျွန်တော်က တစ်ကောင်ကြွက်ဖြစ်သွားပြီ။ မိသားစုက ဟိုဘက်မှာရှိတော့ သူတို့လာရင် တအားပျော်ပါတယ်။

**အဒူရော်ဟိန်း**

**နေရပ် - ယခင်ဥဒေါင်းကျေးရွာအုပ်စု၊ ပါစ်ကိုရီကျေးရွာ**

**ယခု - အလယ်သံကျော် အိုစမော်ဟိုကျေးရွာ**

ဒီဘက်မှာ ဖြစ်စဉ်ဖြစ်ပွားတဲ့အချိန်မှာ ဘင်္ဂလားဒေ့ရှ်ကို သွားပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာတော့ တန်ခါလီဆိုတဲ့ ဒုက္ခသည်စခန်းမှာ နေပါတယ်။ အလုပ်အကိုင်တော့ ဘာအလုပ်မှ မလုပ်ပါဘူး။ အဲဒီဘက်မှာ မိသားစုလိုက်နေပါတယ်။ ဘင်္ဂလားဒေ့ရှ် အစိုးရကတော့ မြန်မာနိုင်ငံကို ပြန်သွားဖို့ မပြောပါဘူး။ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်လာခြင်းဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံကို ပြန်ရမယ်ဆိုပြီး တိုက်တွန်းတာမရှိပါဘူး။ အခု မောင်တောမြို့နယ်မှာ နေရတာကတော့ ပျော်ပါတယ်။ ကျွန်တော့်မိသားစုကို ဘင်္ဂလားဒေ့ရှ်ကနေ ဒီကိုခေါ်လာပြီး ဘဝတည်ထောင်မယ်ဆိုရင် ကျွန်တော် ပျော်ပါတယ်။

ကျွန်တော့်ရဲ့ စိတ်ဆန္ဒကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က မိသားစုကို လာစေချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာနေရင် သူတို့ရဲ့စည်းမျဉ်းစည်းကမ်းကို လိုက်နာရသလို မြန်မာနိုင်ငံမှာ နေရင်လည်း မြန်မာနိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်းကိုလိုက်နာပါမယ်။

**ဇာဟိတ်ဟူစိန်**

**နေရပ် - ယခင်မြင်းလွတ်မြို့၊ ရှီးဒါးရပ်ကွက်**

**ယခု - အလယ်သံကျော် မော်ဇော်ဖူးတူဆောင်းနေအိမ်**

ဖြစ်စဉ်ဖြစ်ပြီးချိန်မှာ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားခဲ့ပြီး တစ်လအကြာမှာ ပြန်လာပါတယ်။ အမျိုးအနွယ်တွေ မောင်နှမတွေ ဒီဘက်ခြမ်းရောက်နေလို့ ပြန်လာပြီး တွေ့တာပါ။ ဘင်္ဂလားဒေ့ရှ် ဘက်မှာတော့ တန်ခါလီ ဒုက္ခသည်စခန်းမှာနေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကနေ ပြန်လာတာမို့ လောလောဆယ် အလုပ်အကိုင်တော့ အဆင်မပြေသေးပါဘူး။ အမျိုးတစ်ယောက်ဆီမှာ ကပ်နေပါတယ်။

မြန်မာနိုင်ငံကိုပြန်လာတာကတော့ တန်ခါလီကျေးရွာကနေ လောင်းနဲ့ကူးပြီး ရောက်လာခြင်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာနေတုန်းက နေရပ်ပြန်ဖို့အတွက် အစိုးရအချင်းချင်း သဘောတူထားတယ်ဆိုတာ မကြားခဲ့ပါဘူး။

အခုနေရတာကတော့ အဆင်ပြေပါတယ်။ ကျွန်တော့် မိသားစုက ဘင်္ဂလားဒေ့ရှ်ဘက်မှာပါ။ ဒီဘက်ခြမ်းက ခေါ်ဖို့ အဆင်သင့်ရှိမယ်ဆိုရင် သူတို့လာမယ်ဆိုရင် ကျွန်တော်ကြိုဆိုပါတယ်။

**ဆော်ယူဆလန်**

**နေရပ် - ယခင် တောလျာကျေးရွာအုပ်စု၊ ဠူလကျေးရွာ**

**ယခု - ကညင်တန်းကျေးရွာ**

ဘင်္ဂလားဒေ့ရှ်ဘက် သွားခဲ့တာကတော့ ခြောက်လ၊ ခုနစ်လလောက်ရှိပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်မှာ ကတော့ မူဆိုနီဒုက္ခသည်စခန်းမှာ နေခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်ကနေ မြန်မာနိုင်ငံကိုပြန်လာတာကတော့ ဒီမှာသမီးရှိလို့ လာခဲ့တာပါ။ အရင်ကတော့ ဆောက်လုပ်ရေး အလုပ်လုပ်ပါတယ်။ ဒီမှာနေရတာလည်း အဆင်ပြေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကနေ ပြန်လာတာလည်း ဂေါ်ဒူသာရ ကျေးရွာဘက်က ပြန်လာတာပါ။ ဘင်္ဂလားဒေ့ရှ် အစိုးရကလည်း မြန်မာနိုင်ငံကိုပြန်ဖို့ တိုက်တွန်းတာတွေ မရှိပါဘူး။

အခု NVC ကတ် လုပ်ထားပြီးပါပြီ။ မြန်မာနိုင်ငံကိုလာမယ်ဆိုတော့ ဒီနိုင်ငံရဲ့လုပ်ထုံးလုပ်နည်းတွေကို ဒုက္ခသည် စခန်းမှာ နေစဉ်ကတည်းက သိထားပါတယ်။ မိသားစုကိုခေါ်ဖို့လည်း တင်ပြထားပါတယ်။ မြန်မာနိုင်ငံရဲ့လုပ်ထုံးလုပ်နည်းဥပဒေတွေကိုလည်း လိုက်နာမှာပါ။

ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းမှာလည်း သုံးလနေခဲ့ပါတယ်။ အဲဒီစခန်းကနေ မြန်မာနိုင်ငံကိုလာချင်တဲ့ လူတွေလည်း ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာနေရတာထက် မြန်မာနိုင်ငံမှာနေရတာ ပိုအဆင်ပြေပါတယ်။ ခွင့်ပြုမယ်ဆိုရင် ကျွန်တော့် မိသားစုကို မြန်မာနိုင်ငံ ခေါ်ချင်ပါတယ်။

**နေဆာအူလ္လာ**

**နေရပ် - ယခင် သူဦးလာကျေးရွာအုပ်စု၊ ကံပြင်ရွာ**

**ယခု - သူဦးလာ မိမိနေအိမ်**

ကျွန်တော်က ဘင်္ဂလားဒေ့ရှ်ကနေ မြန်မာနိုင်ငံဘက်ကို ထွက်လာခဲ့တာ မိဘကိုမပြောဘဲ ခိုးထွက်လာခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်မှာတော့ ဇမ်တိုလီ ဒုက္ခသည်စခန်းမှာ နေပါတယ်။ အခုလောလောဆယ်တော့ ထောင်က ထွက်လာတာ ဆိုတော့ အလုပ်မရှိသေးပါဘူး။ အရင်ကတော့ လယ်သမားအလုပ်လုပ်ပါတယ်။ နိုင်ငံတော်က အဆင်ပြေသလိုထားမယ်ဆိုရင် မိသားစုကို ပြန်ခေါ်ချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံကိုလာတာကတော့ ဘယ်သူမှ တိုက်တွန်းလို့ လာတာတော့မဟုတ်ပါဘူး။ ကျွန်တော့်ဘာသာ ခိုးထွက်ပြီးလာခဲ့တာပါ။

ဒုက္ခသည်စခန်းတွေမှာလည်း မြန်မာနိုင်ငံကို ပြန်ဖို့ ကြော်ငြာကပ်ထားတာတွေလည်း မရှိပါဘူး။ မြန်မာနိုင်ငံကို ပြန်လာမယ်ဆိုရင် ဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်းတွေကိုလည်း မသိခဲ့ရပါဘူး။ ကျွန်တော်ကတော့ NVC ကတ်လုပ်ပြီးပါပြီ။ မိသားစုကိုလည်း NVC ကတ်လုပ်ဖို့ ပြောမှာပါ။ လှုဖိုးခေါင်စခန်းကနေပြီးတော့ ဆန်တွေ၊ အိုးတွေ ပေးပါတယ်။ အဖြစ်ချင်ဆုံးဆန္ဒကတော့ ကျွန်တော့်မိသားစုကို တွေ့မြင်လိုပါတယ်။ သူတို့ပြန်လာမယ်ဆိုရင် တအားပျော်မှာပါ။

**မာမွတ်ဆွေယော့စ်**

**နေရပ် - ယခင် သူဦးလာကျေးရွာအုပ်စု၊ ကံပြင်ရွာ**

**ယခု - သူဦးလာ မိမိနေအိမ်**

အကြမ်းဖက်မှုဖြစ်စဉ်တွေဖြစ်ပွားပြီး နယ်မြေရှင်းလင်းရေးတွေလုပ်တဲ့အချိန်တုန်းက ကျွန်တော်တို့ မိသားစုတွေ ဘင်္ဂလားဒေ့ရှ်ဘက်ကို ကြောက်လို့ထွက်ပြေးသွားခဲ့ပါတယ်။ နောက်ပြီး တဖြည်းဖြည်း အဆင်မပြေဘူး။ တစ်ဖက်နိုင်ငံမှာ မနေချင်တဲ့ အတွက်ကြောင့် မိဘတွေမသိအောင် ငါးဖမ်းတဲ့လောင်းနဲ့ ဒီမြန်မာနိုင်ငံဘက်ကို ပြန်လာခဲ့တာဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်ဘက်မှာ ဇမ်တူလီကမ့်ဆိုတဲ့ ဒုက္ခသည်စခန်းမှာ နေပါတယ်။ ကိုယ့်နိုင်ငံ မဟုတ်တဲ့အတွက်နေရတာ အဆင်မပြေပါဘူး။ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ လယ်သမားအလုပ်ကို လုပ်ပါတယ်။ အခုကတော့ ကျွန်တော် တစ်ယောက်တည်းပဲ ဝင်လာတာဖြစ်ပါတယ်။ အခုဒီမှာနေရာ အဆင်ပြေပါတယ်။ ကျွန်တော့်မိသားစုကိုလည်းခေါ်ဖို့ ဆန္ဒရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်ဘက်ကနေ ဒီဘက်ကို ပြန်လာလို့ရတယ်ဆိုတဲ့အစီအစဉ်တွေကို ပြောတာတော့ မရှိဘူး။ ကြားလည်း မကြားမိပါဘူး။ ကြော်ငြာတွေ ကပ်ထားတာကိုလည်း မတွေ့မိပါဘူး။ ဒုက္ခသည်စခန်းမှာ ခုနစ်လခွဲတိတိနေခဲ့ရပါတယ်။ မြန်မာနိုင်ငံကို ပြန်လာရင်လုပ်ရမယ့် လုပ်ထုံးလုပ်နည်းတွေအတိုင်း ကျွန်တော်ကတော့ လက်ခံပါတယ်။ မိသားစုအတွက်ကိုလည်း NVC ကတ်လုပ်ဖို့အတွက် ဆန္ဒရှိပါတယ်။

**မာမတ်ဇာဘေရ်**

**နေရပ် - ယခင် သူဦးလာကျေးရွာအုပ်စု ၊ ကံပြင်ရွာ**

**ယခု - သူဦးလာမိမိနေအိမ်**

အကြမ်းဖက်မှုဖြစ်စဉ်တွေ ဖြစ်ပွားတဲ့အချိန်တုန်းက ကျွန်တော်တို့မိသားစုတွေ ဘင်္ဂလားဒေ့ရှ်ဘက်ကို ကြောက်လို့ ထွက်ပြေးသွားခဲ့ပါတယ်။ အဲဒီကနေ ကျွန်တော်တို့ ဘင်္ဂလားဒေ့ရှ်ဘက်မှာ မပျော်ဘူး။ကျွန်တော်မြန်မာနိုင်ငံမှာနေရတာ ပျော်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာ တုန်းကတော့ ဇမ်တူလီကမ့်ဆိုတဲ့ ဒုက္ခသည်စခန်းမှာ နေပါတယ်။

အရင်တုန်းကတော့ ကောက်စိုက်တယ်၊ လယ်ထွန်တယ် ၊ အဲဒီအလုပ်တွေလုပ်တယ်။ ဒါပေမယ့် အခုလောလောဆယ်ကတော့ ဘာအလုပ်မှ မလုပ်ပါဘူး။ ကျွန်တော့်မိသားစုကတော့ ဘင်္ဂလားဒေ့ရှ်ဘက်က ဇမ်တူလီကမ့်မှာ ကျန်နေခဲ့ပါတယ်။ ကျွန်တော့်မိသားစုတွေကိုတော့ ခွင့်ပြုမယ်ဆိုရင် မြန်မာနိုင်ငံမှာ ပြန်နေဖို့ အဆင်သင့်ပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ လမ်ဘာဘီလီ ကျေးရွာကနေ လာပါတယ်။ သွားတာလည်း အဲဒီကနေသွားပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံကိုပြန်ဖို့ တိုက်တွန်းတာ မရှိပါဘူး။ ဘင်္ဂလားဒေ့ရှ်ကနေ မြန်မာနိုင်ငံကို ပြန်လာရင် လုပ်ရမယ့် စည်းမျဉ်း စည်းကမ်းတွေကိုလည်း ကြိုပြီး မသိထားပါဘူး။ ကျွန်တော့်မိသားစုတွေကိုလည်း NVC ကတ်လုပ်ပေးဖို့ အချိန်မရှိခဲ့ပါဘူး။

**သတင်းအဖွဲ့**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ


## ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံ လုံခြုံရေးနှင့် နယ်စပ်ဒေသ စီမံခန့်ခွဲမှုအတွက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း မြန်မာဘက်ခြမ်း၌ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေးလေးကြိမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေးတစ်ကြိမ် စုစုပေါင်း ငါးကြိမ် ပြုလုပ်ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အုပ်ချုပ်ရေးမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲတစ်ကြိမ်ကိုလည်း ပြုလုပ်ခဲ့ပါသည်။




မောင်တောဒေသကုန်သွယ်မှု တိုးတက်မြင့်မားလာစေရေးအတွက် မောင်တောမြို့ ကညင်ချောင်း ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်မှုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ရာ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြစ်သည့် ကွန်ကရစ်ဆိပ်ခံတံတားနှစ်စင်း၊ ပင်မအဆောက်အအုံ တစ်လုံးနှင့် ကုန်စည်ပြခန်းအဆောက်အအုံ အလုံး ၂၀ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပါသည်။ ဖွင့်လှစ်ပြီးဖြစ်သည့် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိရာ စစ်တွေကုန်သွယ်ရေးစခန်းမှ ၁-၁-၂၀၁၈ မှ ၂၇-၄-၂၀၁၈ အထိ အမှန်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၁ သန်းဖြစ်ပြီး ယခင်နှစ်အလားတူ ကာလထက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၄၇ သန်း ပိုမိုလာခဲ့ပါသည်။ မောင်တောကုန်သွယ်ရေးစခန်းတွင် ၁-၁-၂၀၁၈ မှ ၂၇-၄-၂၀၁၈ အထိ အမှန် ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၅၈ သန်းဖြစ်ပြီး ယခင်နှစ်အလားတူ ကာလထက် အမေရိကန် ဒေါ်လာ ၄ ဒသမ ၃၆၅ သန်း ပိုမိုလာခဲ့ပါသည်။




**ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး**

မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေမှုများကို ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ ကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားမှုများ ဆောင်ရွက်လျက်ရှိရာ

- ၆-၂-၂၀၁၈ နေ့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော ASEAN Foreign Ministers' Retreat သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ မြန်မာအစိုးရ၏ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြပါသည်။






- စင်ကာပူနိုင်ငံတွင် ၂၅-၄-၂၀၁၈ မှ ၂၈-၄-၂၀၁၈ နေ့ အထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ နိုင်ငံတော်သမ္မတဦးဝင်းမြင့် တက်ရောက် ခဲ့ပြီး ASEAN Summit Retreat တွင် ရခိုင်ပြည်နယ် အရေးနှင့် စပ်လျဉ်းသော ဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း၊



အိမ်နီးချင်းနိုင်ငံများနှင့် ကုသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ၏ နယူးယောက်မြို့ အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ ၃၀-၄-၂၀၁၈ ရက်နေ့မှ ၁-၅-၂၀၁၈ ရက်နေ့အထိ လာရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့တို့နှင့် တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။




-သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၁၇-၃-၂၀၁၈ နေ့မှ ၁၈-၃-၂၀၁၈ နေ့အထိ ကျင်းပခဲ့သည့် အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံနှင့် သြစတြေးလျ နိုင်ငံခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်ကိစ္စ အပါအဝင် နိုင်ငံ၏ စိန်ခေါ်မှုများကိုလည်းကောင်း၊

ရခိုင်ပြည်နယ်၏ မြေပြင်အခြေအနေကို လက်တွေ့ကျကျ သိရှိနိုင်ရန် မြန်မာနိုင်ငံအခြေစိုက်သံရုံးများနှင့် ကုလသမဂ္ဂ အေဂျင်စီများမှ အကြီးအကဲများအား အုပ်စုသုံးစုခွဲကာ ရခိုင်ပြည်နယ်လေ့လာရေးခရီးစဉ်ကို ၆-၂-၂၀၁၈ နေ့၊ ၉-၂-၂၀၁၈ နေ့နှင့် ၁၅-၂-၂၀၁၈ နေ့များတွင် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။



**အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှု**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ဖွဲ့စည်းခဲ့သော ထိုင်းနိုင်ငံအငြိမ်းစား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Prof. Surakiart Sathirathai ဦးဆောင်သည့် ပြည်ပပညာရှင် လေးဦး၊ ပြည်တွင်းပညာရှင် ငါးဦး စုစုပေါင်း ကိုးဦးပါဝင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။

အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Surakiart Sathirathai နှင့် အဖွဲ့ဝင်များသည် ၂၂-၁-၂၀၁၈ နေ့မှ ၂၅-၁-၂၀၁၈ နေ့ အထိ မြန်မာနိုင်ငံသို့ လာရောက်ကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်များသို့ နယ်မြေအခြေအနေသွားရောက် လေ့လာခြင်းတို့ ပြုလုပ်




ပြီးနောက် လိုအပ်သောအကြံပြုမှုများ ဆောင်ရွက်ခဲ့ပါသည်။

ယင်းအကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၃၀-၃-၂၀၁၈ နေ့မှ ၂-၄-၂၀၁၈ နေ့အထိ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် လာရောက်၍ တာဝန်ရှိသူများနှင့်



တွေ့ဆုံ ဆွေးနွေးပြီးနောက် စင်ကာပူနိုင်ငံသို့ သွားရောက်ကာ ၃-၄-၂၀၁၈နေ့တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။ ယင်းနောက် အာဆီယံသံရုံးအကြီးအကဲများအား ပြန်လည်ရှင်းလင်းပြောကြားမှု Debriefing ပြုလုပ်ကာ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး အသိပေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ပြည်သူသို့ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလတွင် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပြည်သူ့ထံသို့ အစီရင်ခံတင်ပြနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အထောက်အကူပြုရုံးအဖွဲ့ဝင်များသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများနှင့် မကြာခဏတွေ့ဆုံ၍ လိုအပ်ချက်များ၊ ဆွေးနွေးရရှိချက်များကို ကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များတွင် လက်တွေ့အကျိုးရှိမည့်လုပ်ငန်းများကို ဦးစာပေးရွေးချယ်ကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသကဲ့သို့ အခြားမဖြစ်မနေ ဆောင်ရွက်ရန်ကိစ္စများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ သိသာထင်ရှားသော ပြောင်းလဲမှုများကို ပြည်သူသို့ လေးစားစွာအစီရင်ခံခြင်း ဖြစ်ပါသည်။

# မန္တလေးမြို့၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရန် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇွန် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကြိုတင်လာရောက်ပြီး ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်များ အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေပေးနိုင်ရန်နှင့် အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်များဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း နိုင်ငံတိုင်း၊ အစိုးရတိုင်းက ၎င်းတို့နိုင်ငံ၏ အနာဂတ်ကို ရေးဆွဲပုံဖော်ဆောင်ရွက်နိုင်မည့် လူငယ်လူရွယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ယခင်နှစ်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ အတွေ့အကြုံကောင်းများကို အခြေခံပြီး ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းခန့်သည် အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြား အရွယ်လူငယ်များဖြစ်ပါကြောင်း၊ ၎င်းတို့ကို အသိပညာ၊ အတတ်ပညာ ပြည့်ဝစေရန်အတွက် အထောက်အကူဖြစ်စေရန် မန္တလေးမြို့တွင် လူငယ် ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကို လက်ခံကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ပွဲတော်စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေးအတွက် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်(မန္တလေး)ကို မကြာမီ မန္တလေးတက္ကသိုလ်တွင် သုံးရက်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်တွင် စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေးနှင့် ပညာပေးအစီအစဉ်များ၊ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ပြပွဲများ ထည့်သွင်းကျင်းပနိုင်ရန် ဆွေးနွေးခဲ့ကြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်(ရန်ကုန်)ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့ပြီး ယခုအခါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မန္တလေးတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မန္တလေး(ကိုယ်ပွား)**



**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မန္တလေးမြို့၌ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပမည့် မန္တလေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။**

# နေအိမ်မီးလောင်သွားသူများအတွက် ပြန်လည်နေရာချထားရေးနှင့် နေအိမ်ပြန်လည်ဆောက်လုပ်ပေးမည့်လုပ်ငန်းများ စီစဉ်ဆောင်ရွက်

**မောင်တော ဇွန် ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့မွန်းလွဲပိုင်းက မောင်တောမြို့သို့ ရောက်ရှိပြီး မိမိသဘောဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများထဲမှ နေအိမ်မီးလောင်ဆုံးရှုံးသွားသူများအတွက် ပြန်လည်နေရာချထားရေးနှင့် နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးမည့် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ မေ ၂၆ ရက်က ပြန်လည်ဝင်ရောက်လာသူများအနက်မှ နေအိမ်မီးလောင်ဆုံးရှုံးခဲ့သူများအား မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး **(ယာပုံ)**၎င်းတို့၏ ယခင်က နေထိုင်ခဲ့မှု၊ ယခုလက်ရှိ နေထိုင်နေမှု၊ မိသားစုအခြေအနေ၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အကိုင်များ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ပြီး ဒုတိယဝန်ကြီးက နေအိမ်မီးလောင်ဆုံးရှုံးခဲ့သူများအား ၎င်းတို့ ယခင်က နေထိုင်ခဲ့ကြသည့်ကျေးရွာများ သို့မဟုတ် အနီးဆုံးကျေးရွာများတွင် ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်းနှင့် နေအိမ်များကိုလည်း Cash For Work အစီအစဉ်ဖြင့် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးမည့် ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံကြည့်ရှုခဲ့ပြီး လုပ်ငန်းများ လျင်မြန်စွာ ပြီးမြောက်စေရန်အတွက် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**



# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၈**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အသင်းသားများနှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အထွေထွေစီးပွားရေးသမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သီတာတင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အကျိုးအမြတ်ခွဲဝေမှုကို လည်းကောင်း ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ရယူ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေစီးပွားရေးသမဝါယမအသင်းအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေများ၊ အစုရှယ်ယာများဖြင့် အသင်းသားများအား ချေးငွေများ ထုတ်ချေးပေးခြင်း၊ အမြတ်ငွေများအား အသင်းသားများသို့ ပြန်လည်ခွဲဝေထုတ်ပေးခြင်းများသာမက Corporate Social Responsibilities အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ သာရေး၊ နာရေး ထောက်ပံ့ငွေများ၊ ပညာသင်ထောက်ပံ့ငွေများကိုပါ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပစဉ်။**

သတင်းစဉ်

# ညောင်ဦးတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပုဂံမြို့ဟောင်းရှိ ဘုရားအမှတ် ၁၃၇၈ စေတီတစ်ဆူ ပြိုကျပျက်စီးမှုဖြစ်ပွား

**ညောင်ဦး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဇွန် ၈ ရက် ညနေ ၄ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး အဆိုပါမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဂံမြို့ဟောင်း မြင်းကပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အရှေ့ဘက်ရှိ ဘုရားအမှတ် ၁၃၇၈ စေတီတစ်ဆူ မိုးဒဏ်ကြောင့် ယနေ့ ညနေ ၅ နာရီက ပြိုကျပျက်စီးသွားခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျပျက်စီးသည့် ဘုရားအမှတ် ၁၃၇၈ စေတီပြိုကျပျက်စီးရာ နေရာသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းနှင့် ခရိုင်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးနေလင်းသိန်းနှင့် တာဝန်ရှိသူများအဖွဲ့က သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘုရားပြိုကျတယ်ဆိုတာ မှန်ပါတယ်၊ ပြိုကျတဲ့နေရာက ပုဂံမြို့ဟောင်း မြင်းကပါကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အရှေ့ဘက်မှာရှိတဲ့ ညဏ်တော်အမြင့် ၂၇ ပေခန့်ရှိ ဘုရားအမှတ် ၁၃၇၈ စေတီပါ။ မိုးဒဏ်ကြောင့် ပြိုကျပျက်စီးသွားတာပါ။ ကျွန်တော်တို့ဆီမှာ မိုးကလည်း ရွာလိုက်ရင် တအားသည်းတာ ဖြစ်ပါတယ်၊ ပြီးခဲ့တဲ့လ မေ ၃၀ ရက်က မိုးရေချိန် ၄ ဒသမ ၇၆ လက်မ ရွာသွန်းသွားခဲ့ပြီး အခု ဒီလထဲမှာဆိုရင်လည်း ဇွန် ၃ ရက်က မိုးရေချိန် ၁ ဒသမ ၂၂ လက်မ၊ ဇွန် ၅ ရက်က မိုးရေချိန် ၀ ဒသမ ၇၁ လက်မ၊ ဇွန် ၆ ရက်က မိုးရေချိန် ၂ ဒသမ ၆၄ လက်မ ၊ ဒီနေ့ ဇွန် ၈ ရက်က မိုးရေချိန် ၀ ဒသမ၂၀ လက်မတို့ အသီးသီး ရွာသွန်းသွားခဲ့ပါတယ်၊ အဲဒီလို မိုးတွေ ဆက်တိုက်သည်းထန်စွာရွာသွန်းခဲ့လို့ ဘုရားပြိုကျ ပျက်စီးသွားတာ ဖြစ်ပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**




# ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး၊ ပင့်ပစ္စည်းဖြန့်ဖြူးထားရှိမှု

*ယမန်နေ့မှအဆက်*

ခွေးကိုက်ခံရသူတစ်ဦးလျှင် ပျမ်းမျှကုန်ကျငွေမှာ Categories III လူနာများ (ခွေးရူးပြန်ရောဂါကာကွယ်ဆေးနှင့် Rabies Immunoglobulin (RIG) အသုံးပြုသည့်လူနာများ)အတွက် မြန်မာကျပ်ငွေ (၅၀၅၀၀-၁၀၀၀၀၀)ကျပ်ခန့်နှင့် Categories II လူနာများ(ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးတစ်မျိုးတည်းသာ အသုံးပြုသည့်လူနာများ)အတွက် မြန်မာကျပ်ငွေ (၃၄၀၀၀)ကျပ်ခန့်ကုန်ကျခံ၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။




**ပုံ(၃) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ခွေးရူးပြန်ရောဂါကာကွယ်ဆေး (ARV) ဝယ်ယူသည့် ကုန်ကျစရိတ် (ကျပ်သန်းပေါင်း)**




**ပုံ(၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ Rabies Immunoglobulin (RIG) ဝယ်ယူသည့်ကုန်ကျစရိတ် (ကျပ်သန်းပေါင်း)**

(၂၀၁၂) ခုနှစ်မှစ၍ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်မှုကြောင့် ဖြစ်ပွားမှုလျော့နည်းလာကြောင်း၊ (၂၀၁၇)ခုနှစ် ဒီဇင်ဘာလကုန်အထိ သတင်းပို့မှုများအရ မြန်မာတစ်နိုင်ငံလုံးတွင် ခွေးကိုက်ခံရသူ ၆၁၄၇၂ ဦးအနက် ခွေးရူးပြန်ရောဂါဖြစ်ပွားသူ ၇၂ ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသားလေကြောင်းလိုင်း ခရီးစဉ်အမှတ် UB001 ရေခဲတိမ်တောင်ကြောင့် အရှိန်လျော့ကျမှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့

**နေပြည်တော် ဇွန် ၈**

မြန်မာ အမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines-MNA) ခရီးစဉ်အမှတ် UB001 သည် ဇွန် ၇ ရက် နံနက် ၇ နာရီ ၁၈ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းစဉ် ရေခဲတိမ်တောင်ကြောင့် အရှိန်လျော့ကျမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ထုတ်ပြန်ချက်အရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပျံသန်းချိန် မိနစ် ၅၀ ခန့်အကြာ မြိတ်မြို့ အနောက်ဘက် မိုင် ၃၀ ခန့်အကွာတွင် severe icing (ပြင်းထန်သော ရေခဲ ခြင်း) ဖြစ်ပေါ်ကာ air speed လျင်မြန်စွာ ကျဆင်းခဲ့ပြီး လေယာဉ်၏ computer system က လေကြောင်းဆိုင်ရာ သတိပေးချက်များဖြစ်ပေါ်ခဲ့ရာ အမြင့်ပေ ၃၇၀၀၀ တွင် ဆက်လက်ထိန်းသိမ်းနိုင်စွမ်းမရှိသဖြင့် auto pilot ဖြုတ်ကာ ပေ ၂၅၀၀၀ သို့ ဆင်းသက်ခဲ့ရကြောင်း သိရသည်။

သို့သော် ပေ ၂၅၀၀၀ အရောက်တွင် လေယာဉ်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကာ လေကြောင်းထိန်းဌာနသို့ သတင်းပေးပို့ပြီး ခရီးစဉ် ဆက်လက်ထွက်ခွာသည့်အတွက် စင်ကာပူလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကို လေယာဉ်မှူးက သက်ဆိုင်ရာ လေကြောင်းထိန်းသို့ သတင်းပေးပို့ကာ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးလုပ်ဆောင်ခဲ့သည့်အတွက် ထိခိုက်မှု တစ်စုံတစ်ရာ မရှိခဲ့သော်လည်း စီးနင်းလိုက်ပါသော ခရီးသည်များကို စိုးရိမ်မှုဖြစ်ပေါ်စေခဲ့သောကြောင့် MNA မှ အနူးညွတ်တောင်းပန်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

**ရှင်မင်း**

❑ *ကျော၁ဖုံးမှ*

ရောဝတီအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း ရောဝတီအသင်း၏ လက်ရှိခြေစွမ်းကြောင့် အခက်အခဲမရှိဘဲ အမှတ်ပြည့်ရယူနိုင်ဖွယ်ရှိနေသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ ရတနာပုံနှင့် အဝေးကွင်းပွဲ ကစားရမည်ဖြစ်ပြီး ယခုပွဲ အနိုင်ရသည့်အသင်းသာ ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။ ၁၁ မှတ် ရထားသည့် စစ်ကိုင်းအသင်းနှင့် ၁၀ မှတ်ရထားသည့် GFA အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည့် တန်းဆင်းဇုန်တိုက်ပွဲမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေပြီး အနိုင်ရသည့်အသင်းမှာ တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းဖွယ်ရှိနေသည်။

ပွဲစဉ် (၁၄) အပြီးတွင် ရန်ကုန်အသင်းက ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၇ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ ရတနာပုံအသင်းက ၂၃ မှတ်၊ ဟံသာဝတီအသင်းက ၂၁ မှတ်၊ ရခိုင်အသင်းက ၂၀ မှတ်၊ Southern အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၇ မှတ်၊ ရောဝတီအသင်းက ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၁ မှတ်၊ GFA အသင်းက ၁၀ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို Alpine က စပွန်ဆာပေးမည်

**ရန်ကုန် ဇွန် ၈**

၂၀၁၈ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပသည့် လေးနိုင်ငံ ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲကို လွယ်ဟိန်းကုမ္ပဏီ၏ Alpine က Title Sponsor အဖြစ် ပံ့ပိုးကူညီမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်း အတွေ့အကြုံကောင်းများရစေရန် ယင်းပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး ဘာရိန်း ယူ-၂၃ အသင်း၊ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ထိုင်း ယူ-၂၃အသင်းတို့နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေး မြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။ Alpine နှင့် စာချုပ်ချုပ်ဆိုပွဲကို ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုပြိုင်ပွဲကာကွယ်ရေးအသင်း လေးနှစ်ဆက်တိုက် တံခွန်စိုက်ဖလား ဆွတ်ခူး

**ရန်ကုန် ဇွန် ၈**

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ ၆၅-၆၉ ကီလိုတန်းတွင် သက်ထွေး (ကာကွယ်ရေး)က ဇင်မင်းဦး(ဗေယျာသိဒ္ဓိ)ကို ပထမအချီ၌ အလဲထိုးအနိုင်ရခဲ့ပြီး စတုတ္ထအကြိမ် တံခွန်စိုက်ဖလားကို ရယူပေးနိုင်ခဲ့သည်။

ပြိုင်ပွဲအပြီး အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အားကစားသမားများအား တပ်မတော်မြန်မာ့သိုင်းကော်မတီအတွင်းရေးမှူး အရာခံဗိုလ်လှအောင်သိန်း၊မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင်များက တစ်ဦးချင်း ဆုနှင့်ငွေသားဆုများကို လည်းကောင်း၊ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ သက်ထွေး(ကာကွယ်ရေး)၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ မမေဟန်နီအောင်လွင်(ပြည်ထဲရေး)တို့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာ့သိုင်းကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်မြင့်ဌေးတို့က တစ်ဦးချင်းဆုကလပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က အသင်းလိုက်ဆုရရှိကြသော တတိယ မွန်ပြည်နယ်၊ ဒုတိယ ဗေယျာသိဒ္ဓိပင်မ၊ တံခွန်စိုက်ဆု ရရှိသွားသော ကာကွယ်ရေးအသင်းတို့အား ဆုဖလားနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လေးကြိမ်ဆက်တိုက် အနိုင်ရဗိုလ်စွဲခဲ့သည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၅ သင်း၊ အားကစားသမား ၈၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဆောမြို့နယ် သီးကုန်းကျေးရွာအနီး ချုပ်ချောင်းတွင် တောင်ကျရေရုတ်တရက်ကျလာသဖြင့် ကျောင်းသားကျောင်းသူ ခြောက်ဦးနှင့် လာကြိုသူတစ်ဦး မျောပါ

**ဆော ဇွန် ၈**

ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းကျေးရွာနှင့် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျလောင်ချောင်းဖျားရွာမှာ ၂ မိုင်သာ ကွာဝေးသဖြင့် ကျလောင်ချောင်းဖျားရွာမှ ကျောင်းသားကျောင်းသူများသည် သီးကုန်းရွာ အလကသို့ ကျောင်းတက်ပညာသင်ကြရသည်။

ဇွန် ၇ ရက် ညနေက ကျလောင်ချောင်းဖျားရွာမှ ကျောင်းသား ကျောင်းသူများ ကျောင်းဆင်း၍ ရွာအပြန် ချုပ်ချောင်းကိုဖြတ်ကူးစဉ် တောင်ကျချောင်းရေများ ရုတ်တရက်ကျလာသဖြင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် လာကြိုသူ ဒေါ်လေးဟုန် (၅၀ နှစ်)တို့ ရေစီးတွင် မျောပါကြောင်း သိရသည်။

အဆိုပါ မျောပါကြသူများအနက် သီးကုန်းကျေးရွာမှ ဦးစိုးလွင်သည် ညနေ ၅ နာရီခွဲခန့်တွင် နွားကျောင်း၍အပြန် သီးကုန်းသုသာန်အနီး ချုံပင်များကြားတွင် စတုတ္ထတန်းကျောင်းသူ မပန်မနားကို ဆယ်ယူနိုင်ခဲ့သည်ဟု သိရသည်။

ရေစီးတွင် ကျောင်းသားများ မျောပါသွားသည်ကို သတင်းရလျှင်ရချင်း ဝိုင်းဝန်းရှာဖွေကြရာ ညနေ ၆ နာရီခန့်တွင် မျောပါသွားသည့်နေရာနှင့် နှစ်ဖာလုံခန့်အကွာအဝေးတွင် တတိယတန်း ကျောင်းသား မောင်ပိုင်းဟုန်းနှင့် မောင်ထန်းဟုန်းတို့ကို အသက်ရှင်လျက် ဆယ်ယူနိုင်ခဲ့သည်ဟု သိရသည်။

ထို့ပြင် ကျန်ရှိ လေးဦးတို့မှ လာကြိုသူ ဒေါ်လေးဟုန်၊ တတိယတန်း ကျောင်းသား မောင်နိုင်းလိန်း၊ ဒုတိယတန်းကျောင်းသား မောင်ထုံလိန်း၊ KG ကျောင်းသူ မလှူးလိန်းတို့အား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများတို့က ချောင်းရိုးတစ်လျှောက် ဝိုင်းဝန်းရှာဖွေကြရာ ယနေ့နံနက် ၁၀ နာရီ ခွဲခန့်က တတိယတန်း ကျောင်းသား မောင်နိုင်းလိန်း၏ အလောင်းအား လယ်ရင်းကျေးရွာအနီးတွင် တွေ့ရှိဆယ်ယူနိုင်ခဲ့ကြောင်းနှင့် ကျန်သုံးဦးအား ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း သိရသည်။

**၁၀၁**

# ပြင်ဦးလွင်မြို့နယ်၌ ရှေးဟောင်းဘုရားဆင်းတုတော် ၁၀ ဆူ ပျောက်ဆုံး

**ပြင်ဦးလွင် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပင်လိန်အရှေ့ကျေးရွာ ရွှေလမင်းကျောင်းတိုက်အတွင်း အရှေ့မြောက်ဘက်ရှိ တောင်ကုန်းနှင့် ညောင်ပင်အမြစ်များဖုံးအုပ်နေသော စေတီကို ပြုပြင်ရန် ရှင်းလင်းစဉ် စေတီဟောင်းနှင့် ဌာပနာတိုက်အတွင်းမှ တူးဖော်တွေ့ရှိခဲ့သည့် ညောင်ရမ်းခေတ် ဘုရားဆင်းတုတော် ၁၃၅ ဆူခန့်မှ ၁၀ ဆူ ပျောက်ဆုံးသွားကြောင်း သိရသည်။

အဆိုပါကျောင်းတိုက်အတွင်း၌ ချုံနွယ်များ ဖုံးအုပ်နေသဖြင့် ကျောင်းထိုင်ဆရာတော်က ရှင်းလင်းစဉ် ယိုယွင်းပျက်စီးနေသည့် စေတီငုတ်တိုနှစ်ဆူနှင့် ညောင်ပင်ငုံထားသည့် စေတီတစ်ဆူကို တွေ့ရှိသဖြင့် ပြန်လည်ပြုပြင်ရန် ဖယ်ရှားရာမှ စေတီအတွင်းရှိ ဌာပနာတိုက်နှစ်ခုမှ နှစ်ပေါင်း ၄၀၀ ခန့်ရှိ ကျောက်ဆင်းတုတော်၊ ကြေးဆင်းတုတော်နှင့် နံ့သာဖြူသားဆင်းတုတော် ရုပ်ပွားတော် ၁၃၅ ဆူခန့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

အဆိုပါ တူးဖော်တွေ့ရှိသည့် ဘုရားဆင်းတုတော်များကို ဘုန်းကြီးကျောင်းအပေါ်ထပ်ရှိ ဘုရားခန်းအတွင်း ကိန်းဝပ်အပူဇော်ခံထားရှိရာ ဇွန် ၈ ရက် နံနက် ၉ နာရီက ပင်လိန်အရှေ့ကျေးရွာနေ ဘုရားဂေါပက၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဘုရားဆင်းတုတော်များ ကိန်းဝပ်အပူဇော်ခံထားရှိရာနေရာသို့ သန့်ရှင်းရေးဆောင်ရွက်ရန် သွားရောက်စဉ် ဘုရားဆင်းတုတော် ၁၃၅ ဆူခန့်အနက်မှ ကြေးဘုရားဆင်းတုတော် ၁၀ ဆူမှာ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ခိုးယူသွားသူအား စုံစမ်းအရေးယူပေးပါရန် ပြင်ဦးလွင်မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူ အမြန်ဖော်ထုတ်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ဇော်မျိုးထိုက် ( ပြင်ဦးလွင် )**

# မိုးကောင်းမြို့နယ်၌ အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိ

**မိုးကောင်း ဇွန် ၈**

မိုးကောင်းမြို့နယ် လွယ်လီယံကျေးရွာ၌ လွန်ခဲ့သော ငါးရက်ခန့်က သေဆုံးသည်ဟု ယူဆရသော အမျိုးသားအလောင်း တစ်လောင်း တွေ့ရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လွယ်လီယံကျေးရွာအနောက်ဘက် မြစ်ကြီးနား-တနိုင်း-လီဒိုလမ်းမကြီး 14KM အနီး လမ်းအနောက်ဘက်ရှိ ဘူးဂါးကုမ္ပဏီပိုင် စိုက်ခင်းအဟောင်း အတွင်း လူနေထိုင်ခြင်းမရှိသည်မှာ ကြာပြီဖြစ်သော စိုက်ခင်းစောင့်နှစ်ထပ် အိမ်အောက်ထပ်၌ ဇွန် ၇ ရက် ညနေ ၆ နာရီခွဲက အမျိုးသားအလောင်း တစ်လောင်း တွေ့ရှိကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ နေအိမ်သမံတလင်းပေါ်၌ ပြင်ပဒဏ်ရာ မတွေ့ရဘဲ လွန်ခဲ့သော ငါးရက်ခန့်က သေဆုံးသည်ဟု ယူဆရသော အသက် ၃၅ နှစ်ခန့် အမျိုးသားအလောင်းကို ပက်လက်အနေအထားဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မရဲစခန်းက အမည်၊ နေရပ်နှင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**မင်းမင်းဦး**

# မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများ ဖမ်းဆီးရမိ



**မြန်အောင် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာ၌ ဇွန် ၇ ရက် ညက တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ် အင်ပင်နယ်မြေ ရဲစခန်း အပိုင်၌ ဇွန် ၇ ရက် ည ၇ နာရီ ၄၅ မိနစ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းဌာနနှင့် ပူးပေါင်း ရဲတပ်ဖွဲ့ဝင်များနှင့် မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးဇော်လင်းအောင်နှင့်အဖွဲ့ ပါဝင်သော အဖွဲ့သည် ဘန့်ဘွေးကုန်းကျေးရွာနေ ဦးသိန်းဇော်၏ နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ သာမန်ကာကွယ်ထားသည့် တရားမဝင် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများဖြစ်သော ဆင်စွယ်တစ်စုံ၊ ပြောင်ခေါင်း (ဦးချိုစုံပါ) ၃၆ ချောင်း၊ ပြောင်သည်းခြေ နှစ်ခု၊ ပြောင်ဦးချိုခွဲသုံးစုံ၊ စိုင်ခေါင်း (ဦးချိုစုံပါ) သုံးခေါင်း၊ ဆတ်ခေါင်း (ဦးချိုစုံပါ) ခုနစ်ခေါင်း၊ သမင်ခေါင်း (ဦးချိုစုံပါ) တစ်ခေါင်း၊ ကျားဝက် (အရိုးစုံ) နှစ်စုံ၊ ကျားဝက်သားရေ နှစ်ချပ်၊ တောင်ဆိတ်ခေါင်း (ဦးချိုစုံပါ)နှစ်ခေါင်း၊ တောင်ဆိတ်ခွာ သုံးခု၊ ဝက်ဝံသားရေ တစ်ချပ်၊ ဝက်ဝံခေါင်း နှစ်ခေါင်း၊ ဖြူအစာအိမ် တစ်ခုနှင့် တိရစ္ဆာန်ခေါင်းများ ချိတ်ဆွဲရာတွင်အသုံးပြုသည့် ဒိုင်းပုံ ကျွန်းပြား ၃၂ ချပ်တို့ကို ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ စုဆောင်းထားရှိခြင်း စစ်ဆေးတွေ့ရှိရသဖြင့် တိုင်းရဲတပ်ဖွဲ့ မှုခင်းအကူဌာနစုမှ ဒုရဲအုပ် နေဝင်းအောင်က တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ အင်ပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

**ဓာတ်ပုံ- မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့**

# မြန်မာ့ရုပ်မြင်သံကြား

**၉ -၆- ၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - Weekly Sport Info
၈း၃၅ - **ရတနာထဲကရတနာအမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်**
၈း၅၀ - ပန်းပျိုးခင်း(အပိုင်း-၄၂)
၉း၁၅ - News Watch TV
၉း၃၀ - မြစ်မခမီဒီယာ **စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေတိုးဖို့**
၁၀း၃၀ - လုံမမှတ်စု(အပိုင်း-၄၀)
၁၀း၄၅ - ကဗျာရိပ်မြုံ **ဗေဒင်နဲ့ မှန်ပေါင်**
၁၀း၅၅ - NHK Program အခွံခွာခြင်း
၁၁း၂၀ - ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး **တန်ဖိုးမြင့်ထုတ်ကုန်ကြယ်ပဲ**
၁၁း၃၅ - ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ယက်**
၁၃း၄၀ - ပတ်ဝန်းကျင်သဘာဝမျှလိုက သစ်ပင်စိုက်ကြဝသန်ကာလ
၁၅း၁၀ - **ဆိုင်ကယ်မောင်းသူများ ဘေးကင်းဖို့ လိုင်စင်ပြုလုပ်စို့**

**ညပိုင်း**

၁၅း၄၅ - Myanmar National League 2018 **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** (GFA FC Vs Sagaing United FC)
၁၈း၂၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ **မယားကြောက်** [ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ စန်းစန်းမော် (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်)]
၁၈း၃၀ - Tasty Trip
၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၉၆)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - Big Step (Singer- ဘီလီလမင်းအေး) ဂီတသမား၊ ဂီတစကား(ဂီတစာဆို-ဦးမောင်မောင်လတ်၊ဦးဝင့်အောင်)
- **ဖူးငုံပန်းတို့ဂုဏ်ဝင့်ချိန်** (ချစ်စနိုးဦး၊ အိမ့်ကြာဖြူ၊ သီသီဆွေ၊ နန်းယွန်းဝတီ၊ ကလေးသရုပ်ဆောင်-ယွန်းမေ)

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၉၅ စီး ၊ သွင်းကုန် ၉၉၅ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး ၊ သွင်းကုန် ၁၇၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၃၉ သန်းခန့် စုစုပေါင်း တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၁၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားသည့်ဖမ်းဆီးမှုအနေဖြင့် ဇွန် ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကရောင်း မော်တော်ယာဉ်တစ်စီးနှင့် ဗင် မော်တော်ယာဉ်နှစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိုးသတ်ဆေး ငါးဖာ၊ ပေါင်းသတ်ဆေး ၁၀ ဖာ၊ စပါးပင်အားဆေး ခုနစ်ဖာနှင့် အမျိုးသမီးအဝတ်အထည် အထည် ၁၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် စပါးပင်အားဆေးများကို တွေ့ရစဉ်**

# ကျွန်းစုမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကျွန်းစု ဇွန် ၈**

ကျွန်းစုမြို့နယ် ဒုရဲမှူး ညွန့်ဝင်းနှင့်တပ်ဖွဲ့ဝင်များသည် သတင်းအရ ဇွန်လပထမပတ်က မူးယစ်ဆေးများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု ပရည်ကျွန်းကျေးရွာတွင် ဦးသိန်းတန်နေထိုင်သောအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ၎င်း၏နေအိမ်အိပ်ခန်းအတွင်းရှိ ခြင်ထောင်အမိုးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြားကို တွေ့ရှိခဲ့ပြီး အိပ်ခန်းအနီးရှိ မီးဖိုချောင်ကြမ်းခင်းပေါ်တွင် လွှင့်ပစ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားငါးပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါဦးသိန်းတန်ကို စစ်မေးရာ စိတ်ကြွရူးသွပ်ဆေးပြားများကို လွန်ခဲ့သော နှစ်ရက်ခန့်က မြိတ်မြို့သို့သွားရောက်ရာလမ်းပေါ်၌တွေ့သည့် လူတစ်ဦးထံမှ တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဆေးပြား ၂၅ ပြားကို သုံးစွဲရန်နှင့် ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများမှာ ရောင်းချရာမှ ကျန်ရှိသောပစ္စည်းများဖြစ်ကြောင်း၊ ဦးသိန်းတန်ကို ကျွန်းစုမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း ကျွန်းစုမြို့နယ်ရဲစခန်းမှ သိရသည်။

**ကျွန်းစု(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၈**

မော်တိတ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက်က အင်းတော်မြို့နယ် မော်တိတ်ကျေးရွာ ရဲကင်းရှေ့၌ ဇော်မြင့်လွင်နှင့် သိန်းဇော်ထွန်းတို့နှစ်ဦး အတူ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၈ ခွက်( အလေးချိန် ၁၅၇ ဒသမ ၅ ဂရမ် )နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅ ပြားတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီက ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် စမ်းရေတွင်းလမ်း အမှတ် ၃၄/ စီ/၃ နေ ဩစတြေးလျနိုင်ငံသား Mr. Dunkley Ross Stirling ၏ နေအိမ် ကို ရှာဖွေရာ ၎င်းနှင့်အတူ ဗြိတိန်နိုင်ငံသား Mr. Mckenzie John gavin၊ မဟန်နီစိုး၊ မဟေမန်လွင်၊ မသူဇာ၊ မဝင်းဝင်း၊ မနှင်းအိခိုင်၊ မတင်တင်ဝင်းနှင့် တူးတူး(ခ) စောမတ်သူးရှလ(ခ) သူးသူး တို့ကို တွေ့ရှိပြီး နေအိမ်မှ အိုက်စ် ၃၁၃ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၇ ပြား၊ ဆေးခြောက် ၁၆ ဒသမ ၅ ဂရမ်၊ အဆင့်နိမ့်ဘိန်း ၁၉ ဂရမ်၊ စိတ်ကြွဆေးမှုန့် ၂ ဂရမ်၊ ဘိန်းဖြူ ၅ ဒသမ ၁ ဂရမ်၊ ဘိန်းဆီခဲ ၆ ဂရမ်၊ ဟောင်ကောင်ဒေါ်လာ ၄၄၀ ဒေါ်လာ၊ အမေရိကန် ဒေါ်လာ ၅ ဒေါ်လာ၊ ယူရိုငွေ ၅ ဒေါ်လာ၊ ထိုင်းငွေ ဘတ် ၃၆၃၀၊ ဗီယက်နမ်ငွေ ဒေါင် ၆၄၀၀၀၊ ကမ္ဘောဒီးယားငွေ ရီရယ် ၃၀၀၀ ၊ အင်္ဂလန်ငွေ ပေါင် ၆၀၊ ကနေဒါငွေ ၁၃၅ ဒေါ်လာနှင့် မြန်မာငွေကျပ် ၁၃၉၀၀၀၊ ဖုန်း ၁၀ လုံး၊ မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း၊ ထို့အတူ ဇွန် ၇ ရက် နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နောင်တရားမြို့လွယ်မောကျေးရွာအုပ်စု မြသပိတ်တောင်ပိုင်းကျေးရွာနေ ခွန်တလန်း (ခ)တလန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ နှင့် ဘိန်းစိမ်း ၇၀ ဂရမ်တို့ကို လည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ဝိန်းထန်ကျေးရွာအုပ်စု လားရှိုး-မိုင်းယန်း-ဟိုခို-ဂျာယန်သွားကားလမ်း၌ အိုက်ပီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# အစည်းအဝေးအောင်မြင်ခဲ့ပါက ကင်ဂျုံအန်းအား အမေရိကန်သို့ လာရောက်ရန် ဖိတ်ခေါ်မည်

**ဝါရှင်တန် ဇွန် ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် စင်ကာပူနိုင်ငံ၌ ပြုလုပ်မည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါက ကင်ဂျုံအန်းအား အမေရိကန်သို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ပြောခဲ့သည်။

အမေရိကန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား တွေ့ဆုံမှုပြုပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိ၏ဖိတ်ခေါ်မှုကို မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ကြိုဆိုလက်ခံမည်ဟု ယုံကြည်ကြောင်း ထရန့်ကပြောခဲ့သည်။

ဒေါ်နယ်ထရန့်က မိမိအနေဖြင့် ကင်ဂျုံအန်းနှင့် တွေ့ဆုံမှုတွင် အောင်မြင်မှုရမည်ဟု ယုံကြည်ကြောင်း၊ ထိပ်သီးဆွေးနွေးပွဲတွင် နှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး စာချုပ်အပေါ် သဘောတူလက်မှတ်ရေးထိုးနိုင်ဖွယ်ရှိပြီး လက်ရှိအချိန်တွင် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများဆောင်ရွက်နေကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေးသည် မြောက်ကိုရီးယားနှင့် အမေရိကန်တို့ တစ်ကြိမ်တစ်ခါတွေ့ဆုံကာမျှဖြင့် ဖြေရှင်းနိုင်မည် မဟုတ်ကြောင်းလည်းထရန့်က ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအား အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတွင် ပုံမှန်အခြေအနေသို့ ရောက်ရှိစေလိုပြီး ကင်ဂျုံအန်းနှင့် တွေ့ဆုံစဉ်အတွင်း အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သော်လည်း အပြင်းထန်ဆုံး ဖိအားပေးမှုကို အသုံးပြုတော့မည်မဟုတ်ကြောင်း ထရန့်က ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း အစည်းအဝေးကို အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ခဲ့ခြင်းမရှိပါက အဆိုပါအသုံးအနှုန်းကို ပြန်လည် ကြားတွေ့ရမည်ဖြစ်ကြောင်း ထရန့်က ဆက်လက်ပြောခဲ့သည်။

ဇွန်လ ၁၂ ရက်တွင် စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းပေါ်ရှိ ကက်ပီလာဟိုတယ်တွင် အမေရိကန်သမ္မတ ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ သမိုင်းတွင်မည့်တွေ့ဆုံ ဆွေးနွေးမှုပြုလုပ်သွားမည် ဖြစ်သည်။

**ဆင်ဟွာ**




# ကင်ညာနိုင်ငံ၌ ပျောက်ဆုံးလေယာဉ်ပျက်ကျကြောင်း အတည်ပြု

**နိုင်ရိုဘီ ဇွန် ၈**

ဇွန် ၅ ရက်တွင် မြေပြင်နှင့် အဆက်အသွယ်ပြတ်တောက်သွားသော ကင်ညာနိုင်ငံ ဖလိုင်းဆက်စ်လေကြောင်း ကုမ္ပဏီပိုင် လေယာဉ်တစ်စင်းသည် ယခုအခါတွင် ပျက်ကျခြင်းဖြစ်ကြောင်း အတည်ပြုခဲ့ပြီး လေယာဉ်ပေါ်လိုက်ပါလာသည့် လူ ၁၀ဦးလုံး သေဆုံးခဲ့ကြောင်း ကင်ညာနိုင်ငံအစိုးရအရာရှိတစ်ဦးက မကြာသေးမီတွင် ပြောခဲ့သည်။

ပျောက်ဆုံးနေသည့် လေယာဉ် အပိုင်းအစများကို ဇွန် ၇ ရက်တွင် အယ်လ်ဘာဒါးဥယျာဉ်ဒေသတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ လေယာဉ်ပျက်ကျသည့်နေရာသို့ ရောက်ရှိချိန်တွင် အသက်ရှင်ကျန်ရစ်သူမရှိကြောင်း မြေပြင်ရှာဖွေကယ်ဆယ်ရေးအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။



လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျံ၏ ပျံသန်းမှုလမ်းကြောင်းပြပစ္စည်းကို ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း၊ သေဆုံးသူရုပ်အလောင်းများကို မြို့တော်နိုင်ရိုဘီသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ကင်ညာနိုင်ငံသတင်းမီဒီယာများက ဖော်ပြခဲ့သည်။

ဇွန် ၅ ရက်က မြေပြင်နှင့်ဆက်သွယ်မှုပြတ်တောက်သွားခဲ့သော ဖလိုင်းဆက်စ်လေကြောင်း ကုမ္ပဏီပိုင်လေယာဉ်တွင် ခရီးသည်ရှစ်ဦးနှင့် လေယာဉ်ဝန်ထမ်းနှစ်ဦးတို့လိုက်ပါလာကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆီးရီးယားအနောက်မြောက်ပိုင်း၌ ရုရှားက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အရပ်သား ၃၈ ဦးသေဆုံး

**ဘေရွတ် ဇွန် ၈**

ရုရှားဂျက်လေယာဉ်များသည် ဆီးရီးယားအနောက်မြောက်ပိုင်းရှိ သူပုန်များထိန်းချုပ်ထားသော လူနေဒေသကို လေကြောင်းမှတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အရပ်သား ၃၈ ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက်လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဇွန် ၈ ရက်တွင် ပြောခဲ့သည်။

ဇွန် ၇ ရက်နှောင်းပိုင်းက အီဒလစ်ပြည်နယ် အနောက်မြောက်ပိုင်းရှိ ဇာဒနာဒေသကို လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ကလေးငယ် ငါးဦးအပါအဝင် ၃၈ ဦးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

ဇာဒနာဒေသသည် အစ္စလာမ္မစ်သူပုန်များထိန်းချုပ်ထားသည့် ဒေသဖြစ်သည်။

စေတနာရှင်လုပ်အားပေးများသည် ဝန်ချီစက်များနှင့် အပျက်အစီးပုံများကြားတွင် သေဆုံးသူများ ရှိ မရှိ ရှာဖွေမှုများဆက်လက်လုပ်ဆောင်နေကြောင်း အဆိုပါနေရာ၌ရှိသော အေအက်ဖ်ပီသတင်းထောက်က ပြောခဲ့သည်။

အရပ်ဝတ်များနှင့်လူခြောက်ယောက်ခန့်သည် အိတ်အမည်းနှင့်ထုပ်ထားသည့် လူသေအလောင်းတစ်လောင်းကို လေကြောင်းတိုက်ခိုက်ခံခဲ့ရသည့် အပျက်အစီးပုံများမှဝေးရာသို့ ကူညီပြီးသယ်ဆောင်သွားခဲ့ကြောင်းနှင့် ညဘက်တွင် ဒဏ်ရာရသူများကို ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒဏ်ရာရသူများတွင် အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် ကယ်ဆယ်ရေးသမားများလည်း ပါဝင်ကြောင်း အေအက်ဖ်ပီသတင်းထောက်က ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**

# ၂၀၂၀ ပြည့်နှစ်တွင် သမ္မတရာထူးမှ ဆင်းပေးမည်ဟု ဘူရွန်ဒီသမ္မတပြော

**ဘူဂျမ်ဘူရာ ဇွန် ၈**

ဘူရွန်ဒီသမ္မတ ပိုင်ရာနီကူရန်ဇီဇာသည် ၂၀၂၀ ပြည့်နှစ်တွင် သမ္မတရာထူးမှ ဆင်းပေးမည်ဖြစ်ကြောင်း ကြာသပတေးနေ့က ကြေညာခဲ့သည်။ ၎င်း၏ရာထူးသက်တမ်းမှာ ၂၀၂၀ပြည့်နှစ်တွင်ကုန်ဆုံးမည်ဖြစ်သည်။ ဘူရွန်ဒီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် သမ္မတ၏ ရာထူးသက်တမ်းကို ယခင်သတ်မှတ်ထားသည့် ငါးနှစ်မှ ခုနစ်နှစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီး သမ္မတသည် နှစ်ခါပြန်၍ တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့ကြောင့် လက်ရှိသမ္မတသာ နောက်ပြုလုပ်မည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပါက ၂၀၃၄ ခုနှစ်အထိတာဝန်ထမ်းဆောင်ခွင့် ရရှိမည်ဖြစ်သည်။

သမ္မတနီကူရန်ဇီဇာကမူ ဖွဲ့စည်းပုံကို ပြင်ဆင်လိုက်ခြင်းမှာ သူ၏အတိုက်အခံများယူဆနေသကဲ့သို့ ၎င်းကိုယ်ကျိုးအတွက် ကြည့်ကာပြင်ဆင်ခဲ့ခြင်း မဟုတ်ကြောင်း ပြောသည်။ ၂၀၂၀ ပြည့်နှစ်မှာ သမ္မတရွေးကောက်ပွဲတွင် သမ္မတဖြစ်လာမည့်သူကို ထောက်ခံအားပေးရန် အသင့်ရှိကြောင်းလည်းလက်ရှိသမ္မတက ပြောခဲ့သည်။ နယ်နှင်ဒဏ်ပေးခံရသည့် နိုင်ငံရေးသမားများကို တိုင်းပြည်သို့ပြန်လာပြီး ၂၀၂၀ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြရန် ၎င်းကတိုက်တွန်းခဲ့သည်။ ဘူရွန်ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ လူထုဆန္ဒခံယူပွဲမှ ရလဒ်များကို ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။



၇၃ ဒသမ ၂၄ ရာခိုင်နှုန်းခန့်က ထောက်ခံခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ဆန္ဒမဲကောက်ခံခြင်းမပြုလုပ်မီ အတိုက်ခံပါတီမှ ယင်းဆန္ဒကောက်ခံပွဲကိုမဲပေးခြင်းမပြုလုပ်ကြရန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

**ဆင်ဟွာ**

# ထိပ်သီးအစည်းအဝေးကျင်းပရေးအတွက် မြောက်ကိုရီးယားအပေါ်ထားရှိသော ပိတ်ဆို့မှုများ စင်ကာပူခေတ္တဖယ်ရှား

**စင်ကာပူ ဇွန် ၈**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတထရန့်တို့ ပြုလုပ်ကြမည့်ဆွေးနွေးပွဲအတွက် မြောက်ကိုရီးယားအပေါ်ထားရှိထားသော ပိတ်ဆို့မှုများကို စင်ကာပူက ယာယီဖယ်ရှားပေးမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲကို အင်္ဂါနေ့တွင် စင်ကာပူ၌ ပြုလုပ်သွားမည်ဖြစ်သည်။ အစည်းအဝေးကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည့်စင်ကာပူသည် စနေနေ့မှစတင်ကာ နောက်တစ်ပတ် ကြာသပတေးနေ့အထိ မြောက်ကိုရီးယားအပေါ် ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ တက်ရောက်မည့် ပုဂ္ဂိုလ်များနှင့် အစည်းအဝေးနှင့်ဆက်စပ်လျက်ရှိသော လူများသည် ယင်းကင်းလွတ်ခွင့်ကိုခံစားရမည်ဖြစ်သည်။ စင်ကာပူနိုင်ငံသည် မြောက်ကိုရီးယားနှင့် သံတမန်ရေးရာအရ အဆက်အသွယ်ရှိသော်လည်း ပြီးခဲ့သည့်နှစ်နိုဝင်ဘာလမှစတင်ကာ မြောက်ကိုရီးယားနှင့် ပြုလုပ်သည့် စီးပွားရေးများအားလုံးကို ရပ်တန့်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ဂျီ ၇ အစည်းအဝေးတွင် အမေရိကန်အထီးကျန်ဖြစ်လိမ့်မည်ဟု ပြင်သစ်သမ္မတ သတိပေး

**အော့တဝါ ဇွန် ၈**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် မကြာမီကျင်းပတော့မည့် ဂျီ ၇ ထိပ်သီးအစည်းအဝေးတွင် ကုန်သွယ်မှုကိစ္စ၊ အီရန်နျူကလီးယားစာချုပ်နှင့် အခြားသော ဖြေရှင်းစရာကိစ္စများဆွေးနွေးသည့်အခါ ကျန်ခြောက်နိုင်ငံက အမေရိကန်ကို ဆန့်ကျင်ကာ ဆွေးနွေးသွားဖွယ်ရှိကြောင်း သတိပေးပြောကြားခဲ့သည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုနှင့် ကြာသပတေးနေ့က အော့တဝါမြို့တွင်တွေ့ဆုံခဲ့ပြီး ထိပ်သီးအစည်းအဝေးပွဲမှာ ကနေဒါနိုင်ငံ၌သောကြာနေ့တွင် ကျင်းပမည်ဖြစ်သည်။

ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် ဂျီ ၇ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်နိုင်ငံကအီးယူနိုင်ငံများအပေါ် ပြုလုပ်ထားသော စတီးနှင့်အလူမီနီယမ်များတွင် အခွန်စည်းကြပ်မှုကိစ္စနှင့် ပတ်သက်၍ အမေရိကန်နှင့် အကြိတ်အနယ်ဆွေးနွေးသွားဖွယ်ရှိကြောင်း ခန့်မှန်းခဲ့သည်။

ပြင်သစ်သမ္မတ မက်ခရွန်က ယင်းအစည်းအဝေးပွဲတွင် အမေရိကန်မှာ အထီးကျန်ဖြစ်နိုင်ကြောင်း ယင်းအစည်းအဝေးပွဲ၏သဘာပတိဖြစ်သော မစ္စတာထရူးဒိုကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။ ပထမဦးဆုံးအကြိမ်ကျင်းပမည့် မြောက်ကိုရီးယား- အမေရိကန်အစည်းအဝေးကိုမူ ထောက်ခံကြောင်း မက်ခရွန်က ပြောကြားခဲ့သည်။ သို့သော် အီရန်နျူကလီးယားစာချုပ်မှ အမေရိကန်နုတ်ထွက်ခဲ့သည့်အတွက် ကိုရီးယားပင်နီဆူလာကျွန်းတွင် နျူကလီးယားကင်းစင်ရေး ဆွေးနွေးရာတွင် အနှောင့်အယှက်ဖြစ်လိမ့်မည်ဟု သတိပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# "သမန်းကျား" အဖြစ်နှင့် တွေ့ရဦးမည့် ခွန်းဆင့်နေခြည်

ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်း၏ တပည့်ရင်းတစ်ဦးလည်းဖြစ်၊ "စာလာလာမဖတ်နဲ့" တေးစီးရီးခွေမှ "လက်ဆောင်" သီချင်းကို ဖန်တီးခဲ့ပြီး "မိုင်တိုင် ၇၆" ရုပ်ရှင် ဇာတ်ကားကြောင့် ပရိသတ်များက သရဲမဟု ကင်ပွန်းတပ်ခံခဲ့ရသည့် သရုပ်ဆောင် ခွန်းဆင့်နေခြည်က ယခုအခါတွင်လည်း ပရိသတ်များအတွက် ထူးထူးခြားခြားဇာတ်ကောင်စရိုက်များကို ဖျော်ဖြေပြသနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မကြာမီရုံတင်ပြသရန် စီစဉ်ထားသည့် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ရိုက်ကူးပြီး သူထူးစံနှင့်အတူ သရုပ်ဆောင်ထားသော "သမန်းကျား" ရုပ်ရှင်ကားတွင် ခွန်းဆင့်နေခြည်၏ ကြိုးစားတင်ဆက်မှုများကို မြင်တွေ့ရတော့မည်ဖြစ်သည်။

"ဒီကားက လေးနှစ်ကျော်လောက် ရှိနေပြီ၊ ပြင်ဆင်ထားတာဆိုရင် မြန်မာနိုင်ငံမှာ လုပ်ခဲ့တဲ့အစအဆုံးကို ကိုယ်လိုချင်တဲ့ skill ကို မရောက်လိုက်တဲ့အတွက် ထိုင်းမှာ အစအဆုံးပြန်လုပ်လိုက်ရတယ်၊ ရုပ်သံပိုင်းကို အကောင်းဆုံးလုပ်ထားတယ်၊ ထိုင်းမှာလုပ်ရတာ စိတ်တိုင်းကျတယ်၊ အသေးစိတ်ပေါ့နော်၊ professional skill ကို အပြည့်ဝန်ဆောင်မှုပေးတယ်၊ ကိုယ်ပြောတဲ့နည်းစနစ်က လွဲနေရင်တောင် သူတို့က ဒါမဟုတ်ဘူး၊ ဒီလိုဆိုပြီး ပြန်ပြင်ပေးတယ်၊ ခွန်းဆင့်က ဒီမှာလုပ်တာ ကိုယ်လိုချင်တဲ့ skill မရောက်လို့သာ ဗန်ကောက်မှာ သွားလုပ်တာပါ၊ မြန်မာနိုင်ငံမှာလည်း သူ့ skill နဲ့သူ အဆင်ပြေပါတယ်၊ ဒီကားက အက်ရှင်သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားရတဲ့ ဒရာမာဇာတ်ပေါ့နော်၊ရသကိုရောထားတော့ တစ်ခုချင်း၊တစ်ကတ်ချင်းမှာ အီမိုးရှင်း(ခံစားမှု)တွေပါတဲ့အတွက် အီမိုးရှင်းကိုပြောင်းပြီး ဒါဗင်ဆိုလည်း ဒါဗင်၊ နောက်ခံဆက်တင်တို့ sound design တို့ကအစ အကုန်ပြောင်းထားရတာပေါ့၊ တစ်ခုပြီးတစ်ခု ပြောင်းလဲချင်တာကြောင့် ခွန်းဆင့်က တစ်ခန်းနဲ့တစ်ခန်း ရောပြီးတော့ အိုင်နေရင်လည်း ပရိသတ်က ပျင်းသွားမှာ စိုးရိမ်ပါတယ်၊ ဒါကြောင့် အသွက်လေးလုပ်ထားပါတယ်၊ ဇာတ်လမ်းဘယ်လောက်ကောင်းကောင်း အရုပ်၊ အသံ အားနည်းနေရင်ကောင်းမှာမဟုတ်ဘူးလေ၊ ဒီတော့ ကြာလည်းကြာနေပြီဆက်ကြာသွားလည်း အကြောင်းမဟုတ်တော့ဘူးဆိုပြီး အချိန်ကုန်ထပ်ခံလိုက်တယ်၊ ပိုက်ဆံလည်း အကုန်ခံလိုက်တယ်၊ နောက်ဆုံးရလာတဲ့ရလဒ်ကတော့ ကျေနပ်လောက်စရာဖြစ်တာပါ" ဟု ဇာတ်ကားနှင့် ပတ်သက်၍ ခွန်းဆင့်နေခြည်က ပြောသည်။

**သမန်းကျားရိုက်ဖြစ်တာက**

"သမန်းကျား" က ခွန်းဆင့်နဲ့ ဒါရိုက်တာ မောင်မျိုးမင်းတို့ရဲ့ ဆုံစည်းမှု သုံးကားမြောက်ပါ၊ အဓိကကတော့ ဒါရိုက်တာမောင်မျိုးမင်းရဲ့ဇာတ်ပေါ့၊ သူက ထမံသီမြို့မှာရှိတဲ့ ကျားတွေရဲ့အကြောင်းအရာနဲ့ပတ်သက်ပြီးတော့ ဖန်တီးထားတဲ့ဇာတ်တစ်ပုဒ်ပါ၊ လူကနေ ကျားပြောင်းတဲ့ Animation တွေပါတယ်၊ အဲဒါတွေအတွက် အများကြီးဆိုတော့ စိန်ခေါ်မှုတွေရှိတယ်ဆိုတာကြုံတွေ့ထားတယ်၊ အဲဒီအချိန်တုန်းက နည်းပညာပိုင်း အားနည်းနေသေးတဲ့ အခြေအနေမျိုးမှာ ရပ်တည်နေတာဖြစ်တဲ့အတွက် ကိုယ်တွေက မအောင်မြင်လိုက်ဘူးပေါ့နော်၊ Animation နဲ့တွဲပြီးလုပ်ဖို့ ရိုက်ထားတဲ့ကတ်တွေက အသုံးပြုလို့မရတော့ဘူး၊ အမျိုးမျိုးပေါ့လေ၊ နည်းပညာပိုင်းမှာ အခက်အခဲဖြစ်သွားတဲ့အခါကျတော့ ခွန်းဆင့်တို့က ဇာတ်ဝင်ခန်းအရကျားအစစ်တွေနဲ့ သွားရိုက်လိုက်ရတယ်၊ အခက်အခဲတွေကတော့အများကြီးရင်ဆိုင်ခဲ့ရတယ်၊ ရိုက်ရက်က ဂျူတီ ၆၀ ကျော်တယ်၊ ခုနစ်ကြိမ်လောက် ပြန်ရိုက်လိုက်ရတယ်၊ ကြားထဲမှာလည်း အမှားအယွင်းပေါင်းမြောက်မြားစွာကို ရင်ဆိုင်ဖြေရှင်းရတယ်၊ အဲ့ဒါကြောင့်အချိန်တွေ သိပ်ကြာသွားတယ်၊ ရုံတင်ဖို့ကိုတော့ ရုံရှင်စိတ်ကြိုက်ရွေးချယ်ပြီးမှပဲ မြန်မြန်ရုံပေါ်ရောက်မယ့်သဘောလေးတော့ရှိတယ်၊ ရုံရှင် စိတ်ကြိုက်ဖြစ်၊ မဖြစ် ဆိုတာကိုတော့ သူတို့ အစမ်းကြည့်ပြီးတဲ့အချိန်မှပဲ သိရမယ်လေ၊ လောလောဆယ် အစမ်းကြည့်ဖို့ ရက်တော့ပေးထားပြီ" ဟု ၎င်းက ပြောသည်။

**တာဝန်**

"ကျွန်မက ဒီကားမှာ position နှစ်ခုမှာ ရပ်တည်ရတာပါ၊ ရိုက်ကူးရေးပြီးသွားတဲ့အတွက် သရုပ်ဆောင်ဘက်မှာ တာဝန်ကျေကျေသရုပ်ဆောင်နိုင်ခဲ့ပေမယ့် position တစ်ခု ကျန်သေးတယ်၊ ပရိုဂျူဆာဆိုတဲ့နေရာအတွက် တာဝန်ကျေဖို့ လုပ်ဆောင်ရဦးမယ်၊ ဒီကားကို အစအဆုံး ကိုယ့်သားသမီးလေးတစ်ယောက်လို ဂရုတစိုက်စောင့်ရှောက်ရတယ်၊ ဒီကားထဲမှာ အရာအားလုံးစိတ်ထည့်လိုက်တဲ့အတွက်၊ ကိုယ့်ထုတ်ဝေရေးရဲ့ပထမဆုံးကားဖြစ်တဲ့အတွက် အကောင်းဆုံးဖြစ်အောင် အားထည့်လိုက်တော့ကျန်တာတွေကို ဂရုမစိုက်ချင်တော့တာ၊ အနုပညာကို ခဏဘေးဖယ်ထားမိတာပေါ့" ဟု ခွန်းဆင့်နေခြည်က ဆိုသည်။

**ကိုလင်း**



# အနုပညာနှင့် သန့်မြန်မာ ပလတ်စတစ်ကင်းစင်မှုစတင်



သန့်မြန်မာမှ လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အစီအစဉ်ကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများ ပူးပေါင်းပါဝင်လုပ်ဆောင်မှု ပိုမိုရရှိလာရန်ရည်ရွယ်ပြီး အနုပညာရှင်များနှင့် လက်တွဲ ဆောင်ရွက်မည်ဟု သိရသည်။

"ပညာပေး ဇာတ်လမ်းတိုလေးပါပဲ၊ မိနစ်ပိုင်းလောက်ပေါ့၊ တစ်ကမ္ဘာလုံး ပလတ်စတစ်အိတ်လျှော့ချရေးကို ဦးစားပေးလုပ်ဆောင်ဖို့ဆိုပြီး ဒီလိုအစီအစဉ်လေးတွေကိုလုပ်ဖို့ ကျွန်တော်တို့ အနုပညာရှင်တွေကိုလည်းပါဝင်ဖို့ ကမ်းလှမ်းပါတယ်၊ အဲ့ဒါကြောင့် ကျွန်တော်တို့လည်း ပါဝင်ပြီး ကိုယ်တတ်နိုင်တဲ့ အနုပညာနဲ့ ပြန်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဖြစ်တာပါ၊ အစီအစဉ်တွေကတော့ ပညာပေးအနေနဲ့ ဖျော်ဖြေရေးပွဲလေးတွေလုပ်မယ်၊ ပြီးရင် ပလတ်စတစ်အစား တခြားအိတ်တွေကို သုံးစွဲဖို့ တိုက်တွန်းသွားမှာပါ" ဟု အဆိုတော် ဖွဲ့ပြည့်က ပြောသည်။

အဆိုပါ အသိပညာပေးလှုပ်ရှားမှုအစီအစဉ်တွင် နိုင်ငံကျော်အနုပညာရှင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဆွေဇင်ထိုက်၊ တေးသံရှင် ဖွဲ့ပြည့်၊ သရုပ်ဆောင်နှင့် မိတ်ကပ်ပညာရှင် မကြီးစန်း(ခင်စန်းဝင်း)၊ ဒီဇိုင်နာ မပုံ့နှင့် မြနှင်းရည်လွင်တို့က ပူးပေါင်းပါဝင်ထားသည့် ရုပ်သံဗီဒီယိုငါးကားတွင် ပလတ်စတစ်ညစ်ညမ်းမှုနှင့် ဆိုးကျိုးများအကြောင်း အများပြည်သူများ အကျယ်တဝင့်သိရှိစေရန် ဥရောပသမဂ္ဂအဖွဲ့ ပံ့ပိုးကူညီမှုဖြင့် သန့်မြန်မာမှ ဖန်တီးတင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Kristian Schmidt ကလည်း "မိတ်ဆွေတို့ရဲ့ အတွေးထဲမှာ ကမ္ဘာ့ပြဿနာအကြီးကြီးတစ်ခု ပြောင်းလဲပစ်ဖို့ မိမိဘာလုပ်နိုင်မလဲ၊ မိမိ တစ်ဦးတစ်ယောက်ပါဝင်ပြောင်းလဲလိုက်လို့ရော ဘာများကွာသွားနိုင်မှာလဲဆိုတဲ့အတွေးတွေ တွေးမိပါလိမ့်မယ်၊ တကယ်တမ်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ဖို့က ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ လက်ထဲမှာ ရှိပါတယ်၊ ကျွန်တော်တို့ရဲ့အမူအကျင့်တွေ၊ နေ့စဉ်အလေ့အထတွေ၊ မစဉ်းစားမတွေးခေါ်ဘဲ သက်သာဖို့ အလွယ်လိုက်ခဲ့တာတွေ မပြောင်းလဲမပြင်ဆင်ဘူးဆိုရင် ပလတ်စတစ်ညစ်ညမ်းမှုဆိုတာ ပျောက်သွားမှာ မဟုတ်သလို ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေနဲ့ဆက်ပြီး မွန်းကျပ်နေမှာဖြစ်တယ်" ဟု ပြောသည်။ **ကိုလင်း**

# ဂီတလောကနှင့် ၁၈ နှစ်တာ ဝေးကွာနေသူ သီရိကိုကို

သီရိကိုကိုသည် ဂီတလောကတွင် ကြယ်တစ်ပွင့်အဖြစ် ၁၉၉၂ ခုနှစ်တွင် စတင်ထွက်ပေါ်လာခဲ့သူဖြစ်သည်။ ယင်းနှစ်များတွင် **မောင့်ကို** ဟု အမည်ရှိ စီးရီးတစ်ခွေ၊ **ဖန်ဆင်းရှင်၊ ကလေး၊ ကြင်နာနေပြီးသား၊ နေရာတကာ** စသည့် စိတ်ကြိုက်တေးများ၊ ကိုင်ဇာ၏ **မိုးကောင်းကင်အောက်တွင်** တေးစီးရီးများ ထွက်ခဲ့ကာ အတွဲခွေပေါင်းများစွာနှင့် တီဗွီကြော်ငြာ နောက်ခံတေးသီချင်းများစွာကို သီဆိုခဲ့သူဖြစ်သည်။ ယခု ၁၈ နှစ်တာဝေးကွာခဲ့ပြီးနောက် ပရိသတ်ရှေ့ တစ်ဖန်ပြန်လည်ထွက်ပေါ်လာခဲ့သည်။ တေးသံရှင် အိအိ၊ ဇာလီနိုင်တို့နှင့်အတူ **မြားသုံးစင်း** စီးရီးကို မကြာမီက စတင်ထွက်ရှိခဲ့သူလည်း ဖြစ်သည်။

"မိသားစုတာဝန်၊ ကိုယ်ရေးကိုယ်တာတွေကြောင့် ဂီတနဲ့ဝေးတာ ၁၈ နှစ်ကျော်သွားတယ်၊ အခုတော့ ကျွန်မနဲ့ မအိ၊ မဇာလီနိုင်တို့ ကိုလူမောင်ဆေး-၁ ရဲ့ မွေးနေ့အမှတ်တရပွဲမှာတွေ့ဖြစ်ရင်း တိုင်ပင်ဖြစ်သွားခဲ့တယ်၊ သီချင်းရွေးချယ်တာကတော့ ကျွန်မက နှစ်ပုဒ်ဆိုထားတယ်၊ ဂီတလောကထဲက အကြာကြီးထွက်ခွာသွားခဲ့သူဆိုတော့ ရင်ခုန်မိတာတော့အမှန်ပဲ၊ ခေတ်ရဲ့ပြောင်းလဲမှုကြောင့် ကိုယ့်အတွက် အသစ်တွေဖြစ်နေရသလို ကျွန်မတို့ခေတ်က သီချင်းတစ်ပုဒ်ဆိုရင် နောက်ဆုံးမှာအဆွဲအငင်နဲ့ အဆုံးသတ်တာများတယ်လေ၊ ဒီဘက်ခေတ်မှာ အသံတွေက ဖြတ်ချတာများတယ်၊ အဲဒီတော့ အသံသွင်းတဲ့အခါ တေးရေးဆရာက ကျွန်မကို အသံကို ဆွဲမနေနဲ့ ဖြတ်တောက်ပစ်ပါလို့ ပြောယူရတဲ့အထိပေါ့၊ အမှတ်တရဖြစ်စေပါတယ်" ဟု သီရိကိုကိုက ပြောသည်။

အဆိုပါတေးစီးကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး သီချင်းရွေးချယ်မှုပိုင်းမှအစ ယနေ့ခေတ်ပုံစံမျိုးဖြစ်အောင် ရွေးချယ်ခဲ့ရကြောင်း သိရသည်။

"ထပ်ပြီးတော့လည်း ဖန်တီးဖို့ရှိပါတယ်၊ တစ်ကိုယ်တော်အနေနဲ့ပါ၊ သီချင်းသစ်လေးတွေချည်းပဲ ဖန်တီးမှာပါ၊ အားလုံး ကိုယ်ပိုင်သံစဉ်သီချင်းတွေချည်းပဲ လုပ်မှာပါ၊ လောလောဆယ်တော့ တေးရေး ထျာန်ခေးရဲ့ သီချင်းလေးတွေရပါပြီ ပရိသတ်ကိုတော့ အွန်လိုင်းကနေ တစ်ပုဒ်ချင်းစီ နားဆင်နိုင်အောင် ဖန်တီးမှာပါ၊ တစ်ကိုယ်တော်ခွေလုပ်ရင်လည်း သီချင်းအများကြီး မလုပ်ပါဘူး၊ အများဆုံး ခြောက်ပုဒ်လောက်ပဲပါတဲ့ အခွေလုပ်မှာပါ၊ တစ်ကိုယ်တော်ခွေမှာပါမယ့် သီချင်းလေးတွေ အနှေးတွေကြီးပဲဆိုရင် ပရိသတ်က ရိုးအီသွားမယ်လို့ ကျွန်မတွေးမိတယ်၊ အဲဒီတော့ အမြူးလေးတွေပါထည့်မယ်လို့ စိတ်ကူးထားပါတယ်" ဟု သီရိကိုကိုက ပြောသည်။ **ကိုလင်း**



# ဗီလိန်ဇာတ်ရုပ်နေရာတွင်လည်း အကောင်းဆုံးသရုပ်ဆောင်နိုင်ရန် နေမျိုးအောင် အစဉ်ကြိုးစား

ဒါရိုက်တာ သားညီ ရိုက်ကူးသော "၂၅ ရာခိုင်နှုန်း" ရုပ်ရှင်ဇာတ်ကားကြီးတွင် အလုမယ် ရွှေအိမ်စည်၏ ဖခင်အဖြစ် မြင်တွေ့ရမည့် သရုပ်ဆောင် နေမျိုးအောင်က ၂၀၁၈ ခုနှစ်အတွင်း ပရိသတ်အတွက် အနုပညာဖန်တီးကြိုးပမ်းမှုများကို ပေးအပ်သွားမည်ဟု သိရသည်။

ဇွန်လအတွင်း ဒါရိုက်တာ စတီး (ဒွေးမေတ္တာ) ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားတစ်ကားကိုလည်း လက်ခံထားကြောင်းသိရပြီး ဇာတ်ကားရိုက်ကူးမှုပိုင်းနှင့် ပတ်သက်၍ သူ၏ အနုပညာခံစားချက်များကို ယခုလို ဖွင့်ဟလာခဲ့သည်။

" ကျွန်တော်တို့က အနုပညာကို ဖန်တီးနေကြတဲ့ အနုပညာရှင်တွေပဲလေ၊ အဲဒီအပေါ်မှာ မှီငြမ်းတယ်၊ မမှီငြမ်းဘူးဆိုတာကတော့ ပရိသတ်တွေ ဝေဖန်ကြတာပါ၊ ကျွန်တော်တို့ကိုယ်တိုင်လည်း ခုထိ နိုင်ငံခြားဇာတ်ကားတွေကို ကြည့်နေရတုန်းပါပဲ၊ အိုက်တင်ဆိုရင်လည်း သူတို့ဆီက ယူနေရတုန်းပါပဲ၊ ကောင်းတာကို အတုယူတာ ယူကောင်းတယ်လို့ ကျွန်တော် ထင်ပါတယ်၊ မှီငြမ်းတယ်ဆိုတာက သတ်မှတ်ကြတာပါ၊ ဗုဒ္ဓဘာသာနိုင်ငံတစ်ခုအနေနဲ့ မသင့်တော်တဲ့ဇာတ်ကောင်စရိုက်နဲ့ ဇာတ်ဝင်ခန်းတွေမှာ ဆင်ဆာရှိလို့ ဆင်ဆာအဖြတ်ခံရသလိုပါပဲ၊ မှီငြမ်းတယ်ဆိုတဲ့အပေါ် ပရိသတ်ဘက်က ဝေဖန်လာမှုတွေကိုလည်း ကိုယ့်ဘက်က ပြင်ဆင်ထားဖို့တော့ လိုတာပေါ့" ဟု ဆိုသည်။

ကိုယ်ပိုင်ထုတ်လုပ်ရေးကိုပါ ပြုလုပ်နေပြီး ကိုယ်တိုင်ရိုက်ကူးမှုနှင့် ဆင်ဆာအပေါ် နေမျိုးအောင်က "ကျွန်တော်တို့ အနုပညာသမားတွေကတော့ ဇာတ်ကားတစ်ကားကို အကောင်းဆုံးဖြစ်အောင်၊ ပီပြင်အောင်၊ ရသပေါ်လွင်အောင်၊ ဇာတ်ကားကောင်းအောင် ကိုယ်လေ့လာဆည်းပူးထားသမျှ၊ တတ်ကျွမ်းသမျှနဲ့ ဖျော်ဖြေရတာလေ၊ ကျွန်တော်တို့ နိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံနဲ့ မသင့်တော်တဲ့ကားတွေဆိုသက်ဆိုင်ရာကလည်း ခွင့်မပြုပါဘူး၊



ကျွန်တော်တို့ထက် အနုပညာမှာဝါရင့်ပြီး သမ္မာပြည့်စုံတဲ့ ဆရာသမားတွေက ဆုံးဖြတ်ကြတဲ့အပေါ် ကျွန်တော်တို့ကတော့ လိုက်နာနေရဦးမှာပါပဲ၊ အနုပညာဆိုတာ တင်ဆက်မှုတစ်ခုပဲလေ၊ တချို့ကုမ္ပဏီပိုင်ရှင်တွေက ငွေကြေးအမြောက်အမြားနဲ့ အကုန်အကျခံပြီး ရိုက်ထားတဲ့ဇာတ်ကားကောင်းတွေကို အပိတ်ခံရတယ်ကြားရတော့ နှမြောမိတယ်၊ ပြင်ဆင်ပြီးတော့ ရိုက်ခိုင်းလို့ရတာလေးတွေကိုလည်း ပြင်ဆင်ပြီးတော့ရိုက်ဖို့ ညွှန်ကြားစေချင်တယ်၊ အဲဒီလိုမျိုးလေးနဲ့ နှစ်ဦးနှစ်ဖက် အဆင်ပြေကြမယ်ဆိုရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

အနုပညာသမားတစ်ယောက်ဖြစ်ခြင်းကြောင့် ကိုယ်လက်ခံထားသည့် ဇာတ်ကားအပေါ်တွင် ပရိသတ်ရင်ထဲရောက်အောင်၊ ပရိသတ်လက်ခံအောင် ကြိုးစားရမည်ဖြစ်ခြင်းကြောင့် ရွေးချယ်ခြင်းမရှိကြောင်း၊ ပရိသတ်များအတွက် အတွေးအခေါ်မျိုး ကျန်ရှိမည့်ဇာတ်ကားများကို ရိုက်ကူးပြချင်ကြောင်း၊ ကိုယ်နှင့်လိုက်ဖက်ခြင်း၊ မလိုက်ခြင်းအတွက် ဇာတ်ကားကို ဦးစွာဖတ်ရှုရန် လိုအပ်ကြောင်း၊ မိသားစုနှင့်လည်း တိုင်ပင်၍ ရင်ထဲမှအနုပညာဖြင့် ပရိသတ်များကို ဖျော်ဖြေပေးခြင်းဖြစ်ခြင်းကြောင့် ဗီလိန်ဇာတ်ရုပ်များပင်ဖြစ်လင့်ကစား အကောင်းဆုံးကြိုးစား တင်ဆက်ပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။ **ကိုလင်း**

နိုင်ငံတကာ အနုပညာသတင်း စာမျက်နှာ ၁၈ သို့

## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး တင်ပြလွှာခြောက်ခု ဆွေးနွေးမည်

ရန်ကုန် ဇွန် ၈

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၂) ၌ လာမည့် ဇွန် ၁၂ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကွန်ဖရင့် ၂၀၁၈ တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုလွှာ ခြောက်ခု ဆွေးနွေးကာ မြန်မာ့ခရီးသွားလုပ်ငန်းကို အရှေ့တစ်ခုသို့ တိုးတက်ပြောင်းလဲနိုင်ရေး ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကွန်ဖရင့်မှာဆိုရင် မြန်မာ့ခရီးသွားလုပ်ငန်းကို လက်ရှိအနေအထားမှ အရှေ့တစ်ခုသို့ ပြောင်းလဲတိုးတက်လာဖို့ အကြံပြုလွှာ ခြောက်ခုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်၊ ဆွေးနွေးတင်ပြလွှာတွေကနေ တူညီတာတွေစုစည်းပြီး ရလဒ်ကောင်းတွေ ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်၊ တစ်နေရာတည်းမှာ ခရီးသွားဆိုင်ရာ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက ပြောသည်။

အဆိုပါခရီးသွားကွန်ဖရင့်တွင် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့အစည်းများဆိုင်ရာ အကြံပြုတင်ပြလွှာ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသ ယှဉ်ပြိုင်မှုစွမ်းအား တိုးတက်စေရန်အတွက် ခရီးသွားဈေးကွက် မြှင့်တင်ရေးဆိုင်ရာ တင်ပြလွှာ၊ ခရီးသွားလုပ်ငန်းနည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရေးဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုလွှာ၊ မြန်မာ့ခရီးသွားလုပ်ငန်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ တင်ပြလွှာ၊ ယနေ့ မြန်မာ့ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ အကြံပြုလွှာနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် အခွင့်အလမ်းများဆိုင်ရာ အကြံပြုတင်ပြလွှာတို့ကို ပညာရှင်အသီးသီးက ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ကွန်ဖရင့်သို့ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနကိုးခုမှ တာဝန်ရှိသူများအပါအဝင် လူပေါင်း ၃၀၀ကျော် တက်ရောက်ဆွေးနွေးကြပြီး ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော ကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်သွားရန်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

## မန္တလေး ရွှေနန်းတော်ကျောင်းကြီးကို ကမ္ဘာ့အမွေအနှစ် မှတ်တမ်းဝင်နိုင်ရန် သက်ဆိုင်ရာအဖွဲ့များ ကြိုးစားပေးစေလို

မန္တလေး ဇွန် ၈

**မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းကြီးသည် ယူနက်စကိုမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသောကြောင့် ကမ္ဘာ့အမွေအနှစ်အဆောက်အအုံများ စာရင်းတွင် မှတ်တမ်းဝင်နိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ကြိုးစားစေလိုကြောင်း ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ စီမံကိန်းမန်နေဂျာ Mr.Jeffallen က ပြောသည်။**

### ရှေးဟောင်းအနုပညာလက်ရာ

ဇွန် ၆ ရက် နံနက်က ဂျက်ဖာဆင်စာကြည့်တိုက်၌ ပြုလုပ်သည့် ရွှေနန်းတော်ကျောင်းစီမံကိန်းရှင်းလင်းပွဲတွင် ၎င်းကပြောကြားခြင်းဖြစ်သည်။ ရွှေနန်းတော်ကျောင်းကြီးသည် မြန်မာတို့၏ ကုန်းဘောင်ခေတ် အနုပညာလက်ရာများစွာဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံဖြစ်ပြီး လက်ရှိအချိန် အထိ မြန်မာလူမျိုးတို့၏ ရှေးဟောင်းအနုပညာလက်ရာများစွာကို ပြသနိုင်သည့် အဆောက်အအုံဖြစ်ခြင်းကြောင့် ယခုကဲ့သို့ တိုက်တွန်းခြင်းဖြစ်ကြောင်း သိရသည်။

### ကုန်းဘောင်ခေတ်လက်ရာများ တွေ့မြင်နိုင်

"ယူနက်စကိုအသိအမှတ်ပြုဖို့ဆိုရင် ရှေးဟောင်းအမွေအနှစ်က ၁၀၀ ရာခိုင်နှုန်း မူလလက်ရာရှိစရာ မလိုဘူး၊ ၅၀ ရာခိုင်နှုန်းကျော်ရှိရင် ရပါတယ်၊ အဲဒါထက် ပိုအရေးကြီးတာက ပန်းပုထုတဲ့ နည်းပညာ၊ တည်ဆောက်တဲ့နည်းပညာတွေက ရှေးဟောင်းအမွေအနှစ်ထိုက်တဲ့ ကုန်းဘောင်ခေတ်က လက်သမားပညာ၊ ပန်းပုပညာတွေ ဖြစ်ဖို့တော့ လိုအပ်ပါတယ်၊ မြန်မာလူမျိုးတွေရဲ့ ကုန်းဘောင်ခေတ် လက်မှုပညာ၊ လက်သမားပညာ၊ ယွန်းပညာ၊ ရွှေချတဲ့ပညာတွေကို ဒီကျောင်းမှာ တွေ့မြင်နိုင်တယ်၊ ဒါကြောင့် ဒီလိုလုပ်ဖို့ တိုက်တွန်းတာပါ၊ ယူနက်စကို အသိအမှတ်ပြုဖို့ ကြိုးစားမယ်ဆိုရင် ကျွန်တော်က လိုအပ်တာထောက်ပံ့ပေးနိုင်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ရွှေနန်းတော်ကျောင်းကြီးကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံ သံအမတ်ကြီးများရန်ပုံငွေအဖွဲ့မှ ထောက်ပံ့လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၅၀၅၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း၌ ထပ်မံထောက်ပံ့လှူဒါန်းငွေ ဒေါ်လာ သုံးသိန်းကျော်ဖြင့်လည်းကောင်း ယခင် ကုန်းဘောင်ခေတ်လက်ရာအတိုင်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ပြန်လည်အစားထိုးတပ်ဆင်ဖို့ လုပ်နေ

"လက်ရှိ ရွှေနန်းတော်ကျောင်းကို ပြုပြင်မှုက ၅၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ၊ နောက်ထပ်ရမယ့် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး စီမံကိန်းတစ်ခုလုံး ဘယ်အချိန်ပြီးစီးမယ်ဆိုတာ ပြောလို့ရမယ်၊ ရန်ပုံငွေထပ်ရမယ်ဆိုရင် ပြုပြင်ဖို့ လိုအပ်တာတွေ ဆက်လက်ဆောင်ရွက်သွားမယ်၊ ပြုပြင်ဖို့အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါတယ်၊ လက်ရှိအခြေအနေကတော့ ရွှေကျောင်းကြီးရဲ့ဝရန်တာတွေမှာ အရင်ကရှိခဲ့တဲ့ ပန်းပုရုပ်တုတွေကို ပြည်တွင်း ပြည်ပ ပန်းပုဆရာတွေနဲ့ ပြန်လည်အစားထိုး တပ်ဆင်ဖို့ လုပ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

### ပြုပြင်မှုများ ဆောင်ရွက်သွားမည်

ရွှေနန်းတော်ကျောင်းကို မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်း၍ အမေရိကန်နိုင်ငံ သံအမတ်ကြီးများ ရန်ပုံငွေအဖွဲ့မှ ထောက်ပံ့မှုဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေခြင်းဖြစ် ပြီး ရန်ပုံငွေထပ်မံရရှိပါက အရှေ့ဘက်နှင့် မြောက်ဘက်ရှိ ပျက်စီးနေသည့် တိုင်လုံးသုံးလုံးကို ပြုပြင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၄ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၈ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၅ ·၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၇ ·၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၃ ·၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ ·၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ·၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ ·၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၀ ·၂၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၃၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ အခမဲ့လေ့လာလျက်ရှိ

ရန်ကုန် ဇွန် ၈

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်)ကို အခမဲ့ ဝင်ရောက်လေ့လာခွင့်ပြုထားရာ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် စိတ်ပါဝင်စားသူ ပြည်သူများ လာရောက်လေ့လာလျက်ရှိသည်ကို တွေ့ရသည်။

ဇွန်လ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်) ဇွန် ၁ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါ်သီတာမြင့်က "ကျွန်မတို့အနေနဲ့ နှစ်ပိုင်းပြသထားပါတယ်၊ ပထမတစ်ပိုင်းကတော့ မှတ်တမ်းနမူနာတွေပြထားတဲ့အပိုင်းနဲ့ မော်ကွန်းတိုက်ရဲ့လုပ်ငန်းစဉ် အပိုင်းတွေကို ပြသထားပါတယ်၊ မှတ်တမ်းတွေ စပြီးစုဆောင်းတဲ့ အပိုင်းမှာတော့ ဌာနဆိုင်ရာအစိုးရအဖွဲ့အစည်းတွေနဲ့ ပြည်နယ်တိုင်းဒေသကြီး အဖွဲ့အစည်းတွေကနေ စပြီးစုဆောင်းပါတယ်၊ မှတ်တမ်းတွေကို စိစစ်တယ်၊ ခွဲခြမ်းစိတ်ဖြာတယ်ပေါ့၊ ပိုးသတ်စရာရှိ ပိုးသတ်ပြီးတော့ မှတ်တမ်းခန်းကို ပေးပို့ပါတယ်၊ သတ်မှတ်ကာလရောက်တဲ့အခါမှာ မော်ကွန်းဖြစ်သင့်သလား၊ ဖြစ်သင့်တဲ့ မော်ကွန်းတွေဆိုရင် မော်ကွန်းခန်းကို ရွှေ့ပါတယ်၊ ဒီမှာလဲ မော်ကွန်းကြီးကြပ်ရေးအဖွဲ့ဆိုတာ ရှိပါတယ်၊ ဒီအဖွဲ့က စိစစ်ပြီးတော့မှ မော်ကွန်းခန်းကို ပို့တာဖြစ်ပါတယ်၊ မော်ကွန်းခန်းတို့ မှတ်တမ်းခန်းတို့မှာ မသိမ်းခင်မှာ ဒီစာတမ်းတွေကို သန့်စင်ရပါတယ်၊ မော်ကွန်းမှတ်တမ်းတွေမှာရှိနေတဲ့ သံတွေ၊ ကလစ်တွေကို ဖြုတ်ရတယ်၊ ပြီးတော့ ပိုးသတ်ရတယ်၊ ပိုးသတ်ပြီးတော့မှ နိုင်ငံတကာစံနှုန်းမီတဲ့ ပုံးတွေထဲထည့်ပြီးတော့မှ စင်ပေါ်မှာ သိမ်းတာဖြစ်ပါတယ်၊ ဒီအခန်းတွေ လေအေးစက်တပ်ထားပြီး အပူချိန်နဲ့ စိုထိုင်းဆကို သတ်မှတ်ထားတဲ့အတိုင်း ထားရှိရပါတယ်၊ နောက်တစ်ခုက ဘုရင်တွေလက်ထက်ကတည်းက ရှိနေတဲ့ မှတ်တမ်းတွေ၊ ဓာတ်ပုံတွေ၊ အသုံးအဆောင်တွေ၊ လက်ရေးမူတွေကို ခေတ်အလိုက် ပြသထားတဲ့ ပြခန်းရှိပါတယ်"ဟု ပြောကြားသည်။

ပြကွက်များတွင် တံဆိပ်လက်ရေး လက်မှတ်များနှင့် မော်ကွန်းနမူနာများပြကွက်၊ ရတနာပုံခေတ် ဗြိတိသျှ မော်ကွန်းများ ပြကွက်၊ ၁၉၃၉ ခုနှစ်မှ ၁၉၄၈ ခုနှစ်ကာလ ပြကွက်၊ တော်လှန်ရေးကောင်စီကာလပြကွက်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပြကွက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီပြကွက်၊ ထင်ရှားသည့် ကြေညာချက်များနှင့် လွတ်ငြိမ်းချမ်းသာခွင့်များပြကွက် အစရှိသော ပြကွက်များအပြင် လုပ်ငန်းစဉ်အကြောင်းကို ရိုက်ကူးထားသော မှတ်တမ်းကားကိုလည်း လာရောက်လေ့လာသူများအား ပြသထားသည်။

အဆိုပါ ပြကွက်များအပြင် ထူးခြားအစီအစဉ် ပြကွက်တစ်ခု ထည့်သွင်းထားပုံနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားရာတွင် "ထူးခြားတဲ့ အစီအစဉ်တစ်ခုအနေနဲ့ကတော့ လူရည်ချွန်ပြခန်းကို ထည့်ထားပါတယ်၊ ကျွန်မတို့ လူရည်ချွန်စီမံကိန်းစတာ ၁၉၆၄ ခုနှစ်ကပါ၊ အခုဆိုရင် နှစ်ပေါင်း ၅၄ နှစ်ရှိပါပြီ၊ ကျွန်မတို့ရဲ့ သတ်မှတ်ချက်တစ်ခုက ထူးခြားတဲ့ဖြစ်ရပ်လေးတစ်ခုက ၂၅ နှစ် ကြာပြီဆိုရင် သမိုင်းအဖြစ် သတ်မှတ်တာဖြစ်တဲ့အတွက် လူရည်ချွန်စီမံကိန်း စတင်ခဲ့တဲ့ဟာလေးဟာဆိုရင် အခုခေတ်လူငယ်တွေ၊ ကျောင်းသားလူငယ်တွေ ဒီလူရည်ချွန်တွေကိုမြင်ပြီးတော့ အားကျအောင်လို့ လူရည်ချွန်ပြခန်းလေးကို ထူးထူးခြားခြား ပြသထားပါတယ်" ဟု ပြောကြားသည်။

ဇွန် ၇ ရက်က လသာမြို့နယ်အတွင်းရှိ အထက (၁)နှင့် အထက(၂) ကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာလျက်ရှိသည်ကို တွေ့ရသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ စိုးမိုးအောက်မေ့မွေနှစ်သွန်း တို့ရဲ့မော်ကွန်း ဟူ၍ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အခမ်းအနားကိုလည်း ဇွန် ၉ ရက်နံနက် ၉ နာရီတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်)တွင် ပြသထားသော လူရည်ချွန်များအကြောင်းကို ကျောင်းသား ကျောင်းသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါ်သီတာမြင့်က ရှင်းပြနေစဉ်။ ဓာတ်ပုံ - ထိန်လင်း

## လှိုင်သာယာမြို့နယ်မှ မီးဘေးသင့်အိမ်ထောင်စုများ ယာယီအိမ်ရာများ၌ နေထိုင်ကြပြီ

**လှိုင်သာယာမြို့နယ်၌ ကျူးကျော်နေထိုင်မှု တိုးလာသောကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စာရင်းများကောက်ယူ၍ စမတ်ကတ်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ စမတ်ကတ်ထုတ်ပေးခဲ့သော အိမ်ထောင်စုများထဲမှ စက်မှုဇုန်(၄)ရှိ လူနေကျူးကျော်တဲ ၇၁ လုံးမှာ ယခုနှစ်ဆန်းပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့၍ ၎င်းတို့ယာယီနေထိုင်နိုင်ရန် အမှတ် ၁၉ ရပ်ကွက် ကျန်စစ်သားလမ်းနှင့် ပေါင်းကူးလမ်းထောင့်တွင် အိမ်ရာဆောက်ပေးခဲ့ရာ မေ ၂၃ ရက်မှစတင်၍ အဆိုပါအိမ်ရာတွင် အိမ်ထောင်စု ၅၃ စု စိတ်အေးချမ်းသာစွာ နေထိုင်လျက်ရှိကြောင်း သိရသည်။**



### အခန်းပေါင်း ၇၂ ခန်း

မြေ ၁၂ ဧကအကျယ်ရှိသော အမှတ် ၁၉ ရပ်ကွက် ကျန်စစ်သားလမ်းနှင့် ပေါင်းကူးလမ်းထောင့် အိမ်ရာသို့ မေ ၂၃ ရက်က မိသားစု ၄၀ နှင့် ဇွန် ၃ ရက်က မိသားစု ၁၃ စုတို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ အလျား အနံ (၉×၁၈) ပေစီကျယ်သော အခန်းပေါင်း ၇၂ ခန်းကို ပြန်လည်နေရာချထားရေးကော်မတီက စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ သွပ်မိုး၊ စတီးလ်ကျောက်ပြားကာ အိမ်ခန်းများ ဖြစ်ကြောင်း သိရသည်။ အဆိုပါ မီးဘေးသင့်အိမ်ထောင်စုများ ယာယီအိမ်ရာတွင် နေထိုင်နိုင်ရန်အတွက် စမတ်ကတ်ရှိသော အိမ်ထောင်စုများကို လှိုင်သာယာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၀ ရက် နံနက်ပိုင်းက မဲနှိုက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

"အရင်လို လမ်းဘေးမှာ စိုးရိမ်စိတ်နဲ့နေရတဲ့ဘဝက ကင်းဝေးသွားလို့ အတိုင်းမသိ ဝမ်းသာပါတယ်၊ ဒုက္ခရောက်နေတဲ့ပြည်သူတွေကို အခုလို စီမံဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ယူဆောင်ရွက်ပေးကြတဲ့ လူကြီးများကို ကျေးဇူးတင်နေကြပါတယ်၊ လူပေါင်းစုံ၊ ပုံစံမျိုးစုံနဲ့ နေထိုင်ခဲ့ပြီးတော့ မီးလောင်လို့ စိတ်သောကရောက်ချိန်မှာ လူကြီးတွေက ပြည်သူအတွက် ဆောင်ရွက်ပေးခဲ့တဲ့ ကျေးဇူးကို ကျွန်တော်တို့ သားသမီးတွေကအစ အမြဲသတိရနေကြတာပါ"ဟု အိမ်ရာတန်းတွင် ပြောင်းရွှေ့နေထိုင်နေသည့် ဦးအောင်ကျော်ဆန်းက ပြောသည်။

အိမ်ထောင်စု ၇၁ စုအတွက် အခန်း ၄၀ ရှိသော နေ အိမ်တန်းနှင့် ကျောချင်းကပ်၍ ၃၂ ခန်းရှိသော နေအိမ်တန်းနှစ်တန်းထားရှိကာ အိမ်ရာတန်း ထိပ်နှစ်ဖက်တွင် အဝီစိရေတွင်းသုံးတွင်းစီဖြင့် ခြောက်တွင်းထား ရှိပေးလျက် အခန်းတစ်ခန်းလျှင် သန့်စင်ခန်းတစ်ခန်း ထားပေးသောကြောင့် နေထိုင်သူများ အဆင်ပြေလျက်ရှိသည်။ အိမ်ရာတွင်နေထိုင်သူများ လိုက်နာရန် စည်း ကမ်းချက် ၁၀ ချက်ကိုလည်း အိမ်ရှေ့အသီးသီးတွင် အသိပေးကပ်ထားကြောင်း သိရသည်။

### အခက်အခဲများ

"အခု အခက်အခဲက အခန်းတွင်းကို မိုးပက်တယ်၊ ချက်ပြုတ်ဖို့ နေရာမရှိတော့ ရှေ့ကိုအဖီဆွဲမှ အဆင်ပြေနိုင်မယ်၊ ကျောင်းသားတွေရှိတယ်၊ လျှပ်စစ်မီးမရှိဘူး။ ကျပ်တစ်ရာမီး ဒီနေ့စသွယ်ပြီး သုံးတယ်၊ တစ်ညလုံးတော့ မရဘူးပေါ့၊ ရေတုံကင်က တစ်ဖက်သုံးခုစီရှိတာ ကျွန်တော်တို့ရောက်တော့ နှစ်ခုပဲ ကောင်းတော့တယ်၊ ကျန်တာတွေက ရေချူလို့မရဘူး၊ မောင်းတံကျိုးတာလည်း ရှိတယ်၊ ရေတုံကင်မှာ ရေဝပ်ရေလျှံဖြစ်နေတော့ ရေခပ်ရတာ အဆင်မပြေဘူး၊ အထူးသဖြင့် ကလေးတွေပေါ့၊ ကျန်တာတော့ အဆင်ပြေပါတယ်၊ ကျေးဇူးလည်း တင်တယ်၊ ကျူးကျော်တဲနေထိုင်တဲ့အထဲမှာ ကျွန်တော်တို့တွေက ကံအကောင်းဆုံးပါ"ဟု အိမ်ရာသို့ ပြောင်းရွှေ့လာသူ ဦးမောင်ဇော်က ပြောသည်။

အဆိုပါ မီးဘေးသင့်သူများ ယာယီနေထိုင်သော အိမ်ရာတွင် ကေဂျီတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၄၆ ဦး ပါဝင်ကြောင်း သိရသည်။

### တာဝန်ယူဆောင်ရွက်

မီးဘေးသင့်အိမ်ထောင်စု ၇၁ စုတွင် စမတ်ကတ် စစ်ဆေးအတည်ပြုပြီးသော အိမ်ထောင်စု ၅၃ စုမှာ ယခု အချိန်တွင် ပြောင်းရွှေ့နေထိုင်နေကြပြီဖြစ်ပြီး ကျန်ရှိသော အိမ်ထောင်စု ၁၈ စုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးက ဆက်လက်စိစစ်လျက်ရှိသည်။

မီးဘေးသင့်အိမ်ထောင်စုများအနေဖြင့် ယခုလို ကျောင်းဖွင့်ရာသီအမီ အိမ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရန် မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့က ပြန်လည်နေရာချထားရေးကော်မတီဝင်များအဖြစ် ပူးပေါင်းပါဝင်လျက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့၍ မီးဘေးသင့် အိမ်ထောင်စုများအတွက် ယာယီအိမ်ရာများ အစားထိုးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းဆောင်းပါး - သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက် သင်တန်းဆင်း

ဘုတ်ပြင်း ဇွန် ၈

ဘုတ်ပြင်းမြို့နယ် အတွင်းဘုတ်ပြင်းကျေးရွာအုပ်စု ကျေးရွာပိုင်အဆောက်အအုံတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အမျိုးသမီးအပ်ချုပ်စက်အခြေခံ နှစ်လသင်တန်းကို ဇွန် ၅ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အတွင်းဘုတ်ပြင်းကျေးရွာအုပ်စုအောက်ရှိ ကျေးရွာလေးရွာမှ သင်တန်းသူ ၁၆ ဦးတို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းသူများအား တက်ရောက်စဉ် နှစ်လအတွင်း ကြိုးစားစွာသင်ယူကြ၍ မိမိတို့၏အသက်မွေးဝမ်းကျောင်းအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည့် သင်တန်းဖြစ်သည့်အတွက် လက်တွေ့သင်ယူပြီး ကျွမ်းကျင်တတ်မြောက်လာပါက အဆင့်မြင့်သင်တန်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မီးမီး**

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail　mmalin.npt @ gmail.com,
Facebook　www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## နိုင်ငံတကာ အနုပညာသတင်း

### Legally Blonde 3 ဇာတ်ကားတွင် ရီးစ်ဝပ်သာစပွန်း ပါဝင်သရုပ်ဆောင်မည်

Legally Blonde ရုပ်ရှင်ဇာတ်ကားဟာ ၂၀၀၁ခုနှစ်ကထွက်ရှိခဲ့တဲ့ အမေရိကန်ဟာသရုပ်ရှင်ကားပဲ ဖြစ်တယ်။ အဲဒီဇာတ်ကားဟာ အောင်မြင်ခဲ့တဲ့အတွက် နောက်ဆက်တွဲ ရုပ်ရှင်တွေပါ ဆက်လက်ရိုက်ကူးခဲ့ရပါတယ်။ ရီးစ်ဝပ်သာစပွန်းကတော့ ၂၀၀၁ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Legally Blonde နဲ့ ၂၀၀၃ခုနှစ်ကရိုက်ကူး ခဲ့တဲ့ Legally Blonde 2:Red , White & Blonde ဇာတ်ကားနှစ်ကားစလုံးမှာ အယ်လီဝုဒ်အဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။

အခုဆိုရင် ရီးစ်ဝပ်သာစပွန်းကို အယ်လီဝုဒ် ဇာတ်ကောင်အဖြစ် မမြင်တွေ့ရတော့တာ ၁၅ နှစ်နီးပါး ရှိပြီပဲဖြစ်ပါတယ်။ Legally Blonde 3 ဇာတ်ကားရဲ့ဇာတ်အိမ်ကိုတော့ အသေးစိတ်မသိရသေးပါဘူး။ ပြီးခဲ့တဲ့ ၁၅နှစ်တာကာလအတွင်းမှာ အယ်လီဝုဒ်တစ်ယောက် ဘာတွေဖြစ်ခဲ့သလဲဆိုတာကို ဘယ်လိုဇာတ်လမ်းဆင်ထားမှာလဲဆိုတာ မသိရသေးပါဘူး။ ဒီဇာတ်ကားကို ရီးစ်ဝပ်သာစပွန်းပိုင် ကုမ္ပဏီဖြစ်တဲ့ Hello Sunshine ကုမ္ပဏီကနေပူးတွဲထုတ်လုပ်မှာလည်း ဖြစ်တယ်။

ဒီဇာတ်ကားရုံတင်မယ့်ရက်ကို အတိအကျ မသတ်မှတ်ရသေးပေမယ့် ၂၀၂၀ ကျမှ ရုံတင်နိုင်လိမ့်မယ်လို့လည်းခန့်မှန်းထားကြပါတယ်။

**ဘီဘီစီ**



### ဘယ်လာနဲ့ သည်ဝိခန်းတို့စုံတွဲကို သဘောမတူနိုင်သေးတဲ့ ဂီဂီ

ဘယ်လာဟတ်ဒစ်နဲ့သည်ဝိခန်းတို့စုံတွဲဟာ သူတို့နှစ်ဦးရဲ့အချစ်ရေးကို ပြန်လည်စတင်နေပြီဖြစ်ပေမယ့် ဘယ်လာတို့မိသားစုဝင်တွေကတော့ သည်ဝိခန်းကို ခွင့်မလွှတ်နိုင်ကြပါဘူး။

၂၀၁၆ ခုနှစ်နိုဝင်ဘာလမှာ ဘယ်လာနဲ့သည်ဝိခန်းတို့ လမ်းခွဲခဲ့ကြပြီး အဲဒီအတွက် ဘယ်လာခံစားခဲ့ရတဲ့နာကျင်မှုကို သူ့မိသားစုကမေ့မပစ်နိုင်သေးပါဘူး။ သည်ဝိခန်းဟာ ဘယ်လာနဲ့လမ်းခွဲခဲ့ပြီးနောက်ဆယ်လီနာဂိုးမက်ဇ်နဲ့ အချစ်ဇာတ်လမ်း စခဲ့တာလည်း ဖြစ်တယ်။

အခုအချိန်မှာတော့ဘယ်လာဟာ အတိတ်ကကိစ္စတွေကို ခွင့်လွှတ်ပြီးသည်ဝိခန်းနဲ့ အချစ်ဇာတ်လမ်းပြန်စခဲ့ပေမယ့် ဘယ်လာရဲ့အစ်မဖြစ်သူ ဂီဂီ ကတော့ မကျေနပ်ပါဘူး။ ဘယ်လာဟာသူ့ရဲ့ မိခင်ကိုသူရဲ့လက်ရှိအချစ်ရေးနဲ့ ပတ်သက်ပြီး လက်ခံလာအောင် စည်းရုံးနိုင်ခဲ့ပေမယ့် သူ့ရဲ့အစ်မဖြစ်သူ ဂီဂီဆီက ခွင့်ပြုချက်ကိုတော့ မရခဲ့ပါဘူး။

ဒါပေမယ့်လည်းဘယ်လာကတော့လက်လျှော့မယ့်ပုံမပေါက်ပါဘူး။ သူ့မိသားစုက သည်ဝိခန်းကိုလက်ခံလာအောင် ဆက်လက်ကြိုးစားသွားမယ့်ပုံပါပဲ။ ချစ်သူနဲ့မိသားစုကြားဗျာများနေတဲ့ ဘယ်လာဟာနောက်ဆုံးမှာတော့ သူ့မိသားစုကသူ့ချစ်သူကိုပြန်လည်လက်ခံလာအောင် ဆက်လက်ကြိုးစားမယ့်သဘောရှိပါတယ်။ ဘယ်လာနဲ့ သည်ဝိခန်းတို့ လမ်းခွဲခဲ့စဉ်တုန်းက သည်ဝိခန်းကသာ ဆယ်လီနာနဲ့တွဲခဲ့ပေမယ့် ဘယ်လာကတော့ ဘယ်သူနဲ့မှ အချစ်ဇာတ်လမ်းမစခဲ့ပါဘူး။ တစ်ချိန်ချိန်မှာ သည်ဝိခန်းက သူ့ဆီပြန်လာမယ်ဆိုတာယုံကြည်နေခဲ့လို့ပါပဲ။

**ဟောလိဝုဒ်လိုက်ဖ်**





# ဦးပိုင်လီမိတက်မှ ... လား၊ ဦးပိုင်လီမိတက်က... လား

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ"

"ဗျာ"

"တစ်ခုမေးချင်လို့ပါ"

"မေးလေ၊ ဘာလဲ"

"ဦးပိုင်လီမိတက်ဆိုတာ မြေသိမ်းထားတဲ့အဖွဲ့လား၊ မြေအသိမ်းခံရတဲ့အဖွဲ့လား"

"ဟေ... ညည်းမေးခွန်းက အရင်းမရှိ၊ အဖျားမရှိနဲ့၊ ဘာဆိုလိုမှန်းမသိဘူး၊ ဘဘ နားလည်အောင် ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါကွယ်"

"ဟာ - ကန်တော့၊ ကန်တော့၊ ဘဘ၊ သမီး စိတ်ထဲမှာ ဘဝင်မကျလို့ အလောတကြီး မေးလိုက်မိလို့ပါ၊ လွန်ခဲ့တဲ့ တစ်လလောက်က ထင်ပါရဲ့ သတင်းစာထဲမှာ ခေါင်းစဉ်တစ်ခုဖတ်လိုက်ရပါတယ် ဘဘ"

"အေး"

"ခေါင်းစဉ်က 'ဦးပိုင်လီမိတက်မှ သိမ်းထားသော မြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန်' ဆိုတဲ့ ခေါင်းစဉ်ပါ၊ အဲ... စာသားကတော့ သမီးပြောတဲ့အတိုင်း အတိအကျဟုတ်ချင်မှ ဟုတ်မယ်၊ အဓိပ္ပာယ်ကတော့ အဲဒီအတိုင်းပါပဲ၊ သေချာတာကတော့ 'ဦးပိုင်လီမိတက်မှ သိမ်းထားသော မြေများ' ဆိုပြီး သုံးထားတာပါ ဘဘ"

"ဒီတော့..."

"ဒီတော့ သမီးက ဒီခေါင်းစဉ်ကို ဖတ်ပြီးပြီးချင်း ဘယ်လိုသဘောပေါက်လိုက်သလဲဆိုတော့ ဦးပိုင်လီမိတက်သိမ်းထားတဲ့ မြေတွေကို ပိုင်ရှင်တွေဆီ ပြန်ပေးမယ့်အဖွဲ့က ပြန်သိမ်းယူပြီး ပိုင်ရှင်တွေကို ပြန်ပေးဖို့ စီစဉ်နေတယ်လို့ ထင်တာပေါ့"

"အေးလေ"

"ဒါပေမယ့် အောက်ကသတင်းကို ဆက်ဖတ်ကြည့်တော့ အဲဒီလိုမဟုတ်ဘူး ဘဘရယ်"

"ဟေ... ဘယ်လိုရေးထားလို့လဲ"

"ဩော်... ခါတိုင်းတွေ့နေကျ သတင်းတွေလိုပါပဲ၊ သိမ်းထားတဲ့မြေတွေကို ပြန်ပေးဖို့ ဦးပိုင်လီမိတက်ကို တောင်းဆိုတာ ဖြစ်နေတယ်"

"ဩော်..."

"တကယ်လို့ 'ဦးပိုင်လီမိတက်က သိမ်းထားသောမြေများ' လို့သုံးရင် ဦးပိုင်လီမိတက်က မြေသိမ်းထားတဲ့ အဖွဲ့အစည်းဆိုတာ သူ့ဟာသူ ရှင်းနေတာပါ၊ အခု 'ဦးပိုင်လီမိတက်မှ သိမ်းထားသောမြေများကို ပိုင်ရှင်တွေဆီ ပြန်ပေးဖို့လို့ဆိုတော့ မြေပြန်ပေးမယ့် အဖွဲ့တစ်ခုရှိပြီး အဲဒီအဖွဲ့က ဦးပိုင်လီမိတက်ဆီက မြေတွေပြန်သိမ်းပြီး မူလပိုင်ရှင်တွေကို ပြန်ပေးဖို့ စီစဉ်နေတာလို့ ထင်လိုက်မိတာပေါ့ ဘဘရယ်"

"ဒီတော့ သမီးပြောချင်တာက..."

"'က' လို့သုံးရမှာကို 'မှ'လို့မှားသုံးလိုက်တော့ ဦးပိုင်လီမိတက်က မြေသိမ်းထားတဲ့ အဖွဲ့မဟုတ်တော့ဘဲ မြေအသိမ်းခံရတဲ့အဖွဲ့ဖြစ်သွားတာကို ပြောချင်တာပါ ဘဘ"

"အင်း... အဲဒီ 'က' နဲ့ 'မှ' ပြဿနာက ခုအထိ 'ပြောမဆုံးပေါင် တောသုံးတောင်' ဖြစ်နေတာ၊ ဘဘတော့ မောလှပြီကွယ်၊ ပြုလုပ်တဲ့သူကို ဖော်ပြတဲ့ နောက်ဆက်ဟာ 'က' ပါ၊ 'မှ' မဟုတ်ပါဘူးလို့ ပညာရှင်တွေ အစဉ်အဆက်ပြောခဲ့ကြတာပါ၊ ဒါပေမယ့် 'မှ' ကို တွင်တွင်ကျယ်ကျယ်သုံးနေကြတော့ သတိမထားမိလို့လား၊ မှားမှန်းသိရက်နဲ့ သုံးနေကျဖြစ်နေလို့ တမင်သုံးတာလား၊ မပြောတတ်တော့ပါဘူးကွယ်၊ သမီးအခုပြောတဲ့ အမှားလိုပဲ 'က'နဲ့ 'မှ'မှားသုံးရင် တချို့နေရာမှာ အဓိပ္ပာယ်ပြောင်းပြန်ကြီးဖြစ်သွားတဲ့အထိ မှားသွားနိုင်တာကို ဆရာကြီးဦးဖေမောင်တင်က အစောကြီးကတည်းက ထောက်ပြခဲ့တာလေ"

"ဟုတ်ကဲ့ပါ"

"ဘဘ အရင်ရေးဖူးပါတယ်၊ ဆရာကြီးက ဘာသာဓကပြသလဲဆိုတော့ 'တပ်မတော်က လက်နက်များကို သိမ်းဆည်းရရှိသည်' ဆိုတဲ့ သာဓကပြတယ်၊ ခုလိုရေးရင်တော့ တပ်မတော်က ရန်သူတွေရဲ့ လက်နက်တွေကို သိမ်းဆည်းရရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဟုတ်ကဲ့"

"ဒါပေမယ့် 'တပ်မတော်မှ လက်နက်များကို သိမ်းဆည်းရမိသည်' လို့ ရေးမိရင်တော့ တပ်မတော်ရဲ့လက်နက်တွေကို ရန်သူတွေက သိမ်းသွားတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားမယ်၊ ဒါကြောင့် အသုံးမမှားဖို့ အရေးကြီးတယ်လို့ ဆရာကြီးက သာဓကပြခဲ့တာပါ"

"ဟုတ်တာပေါ့နော် ဘဘ၊ ဦးပိုင်လီမိတက်လိုပဲ တပ်မတော်က လက်နက်သိမ်းတဲ့ အဖွဲ့အစည်းမဟုတ်တော့ဘဲ အသိမ်းခံရတဲ့အဖွဲ့ ဖြစ်သွားတာပေါ့"

"အေးပေါ့၊ ဖတ်တဲ့သူက 'မှ' နဲ့ 'က' မှားသုံးတာလို့ မသိဘဲ၊ အမှန်ရေးတာလို့ နားလည်သွားရင် အဓိပ္ပာယ်နားလည်တာ ပြောင်းပြန်ဖြစ်သွားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ၊ အဲဒီ 'က'နဲ့ 'မှ' မှားသုံးတာ သမီးတို့မမွေးခင်ကတည်းကဆိုတော့ ဘယ်လိုကြောင့် ခုလိုမှားတယ်၊ ဘယ်တုန်းက စမှားတယ်ဆိုတာ သမီးမသိပါဘူး ဘဘ၊ အဲဒါ သေသေချာချာသိချင်ပါတယ်"

"အေး... တခြားစာရေးဆရာတွေရော၊ ဘဘရော၊ ဒီပြဿနာကို မကြာခဏ ရေးဖူးပါတယ်ကွယ်၊ မမီလိုက်တဲ့သမီးတို့လို လူငယ်တွေ အရင်းခံကျကျ သိထားရင် ကောင်းတာပေါ့၊ ဘဘပြောပြရဦးမှာပေါ့"

"ဘဘ သတိထားမိတာက ၁၉၆၅ ခု မတိုင်ခင် လွန်ခဲ့တဲ့နှစ် ၅၀ ကျော်ပေါ့၊ အဲဒီအချိန်အထိ 'က' နေရာမှာ 'မှ'ကို မှားမသုံးကြပါဘူး၊ အဲဒီတုန်းက စာအုပ်စာတမ်းတွေ၊ စာနယ်ဇင်းတွေကို ပြန်ကြည့်ရင် ပြုလုပ်သူ၊ အဲ... သဒ္ဒါစကားနဲ့ ပြောရင် ကတ္တားပေါ့၊ အဲဒီကတ္တားရဲ့နောက်ဆက်ပစ္စည်းအဖြစ် 'သည်' ရယ်၊ 'က' ရယ်၊ 'မှာ' ရယ် အဲဒီ သုံးခုထဲက တစ်ခုခုကိုပဲသုံးတယ်၊ မြန်မာသဒ္ဒါကျမ်းတွေမှာလည်း ကတ္တားနောက်ဆက်ကို 'သည်၊ က၊ မှာ' ဆိုတဲ့ သုံးခုပဲပြတယ်၊ 'မှ'ကို လုံးဝမပြပါဘူးကွယ်"

"ဟုတ်ကဲ့ ဘဘ"

"ကဲ... သမီးပဲ လက်တွေ့သုံးကြည့်စမ်းပါ၊ အဲဒီနောက်ဆက်တွေကို ကတ္တားနောက် ဆက်အနေနဲ့ ဘယ်လိုသုံးမလဲ"

"ဟုတ်ကဲ့၊ 'ဘဘသည် ကျွန်မကို စာသင်ပေးသည်' ပါဘဘ"

"ဟုတ်ပြီ၊ 'ဘဘသည်' ဆိုတော့ 'သည်' က ကတ္တား နောက်ဆက်ပေါ့"

"ဟုတ်ကဲ့၊ 'ဘဘက ကျွန်မကို စာသင်ပေးသည်' လို့လည်း သုံးလို့ရပါတယ်၊ 'သည်'အစား'က' ကို ကတ္တားနောက်ဆက်အဖြစ် သုံးတာပါ"

"ဟုတ်ပါတယ်၊ တစ်ခုက 'သည်' ကိုသုံးရင် 'စာစကား' မှာပဲ သုံးနိုင်တယ်၊ 'က' ကတော့ 'စာစကားရော၊ နှုတ်ပြောစကားရော' သုံးနိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ 'ဘဘက ကျွန်မကို စာသင်ပေးတယ်' လို့လည်း သုံးလို့ရပါတယ်"

"'မှာ'ကရော"

"'ဘဘမှာ အသက်ကြီးပြီဖြစ်သည်'၊ 'ကျွန်မမှာ ထိုမြင်ကွင်းကြောင့် ထိတ်လန့်သွားပါသည်' ဆိုတာမျိုး သုံးနိုင်ပါတယ် ဘဘ"

"ဟုတ်ပြီ၊ ဒါကြောင့် သဒ္ဒါကျမ်းတွေမှာ ကတ္တားနောက်ဆက်အဖြစ် 'သည်၊ က၊ မှာ'ဆိုတဲ့ ပစ္စည်းသုံးခုကိုပဲ ပြတာပေါ့၊ ကဲ... အခုမှားသုံးနေကြတဲ့ 'မှ'ကိုရော ဘယ်လို သုံးသလဲ"

"'ဖေဖေ မန္တလေးမှ ပြန်လာသည်' တို့၊ 'သစ်ပင်ပေါ်မှ လိမ့်ကျသည်' တို့..."

"ဟုတ်တယ်၊ အဲဒီအသုံးမှာ 'မှ'ကို ထွက်ခွာရာပြတဲ့ ပစ္စည်းအဖြစ် သုံးတယ်လေ၊

> **"စာအုပ်စာတမ်းတွေ၊ စာနယ်ဇင်းတွေကို ပြန်ကြည့်ရင် ပြုလုပ်သူ၊ အဲ... သဒ္ဒါစကားနဲ့ ပြောရင် ကတ္တားပေါ့၊ အဲဒီကတ္တားရဲ့နောက်ဆက်ပစ္စည်းအဖြစ် 'သည်' ရယ်၊ 'က' ရယ်၊ 'မှာ' ရယ် အဲဒီသုံးခုထဲက တစ်ခုခုကိုပဲ သုံးတယ်"**

အရေးကြီးတာ တစ်ခုက 'မှ'ကို ထွက်ခွာရာပြပစ္စည်းအဖြစ် သုံးတာတောင်မှ စာစကားမှာပဲ သုံးတာလေ၊ နှုတ်ပြောစကားမှာ လုံးဝမသုံးပါဘူး၊ 'အဖေမန္တလေးမှ ပြန်လာပါတယ်' လို့သမီးတို့ပြောသလား"

"မပြောပါဘူး ဘဘ၊ 'အဖေမန္တလေးက ပြန်လာပါတယ်'လို့ပဲ ပြောပါတယ်"

"ဟုတ်တယ်၊ 'မှ' က စာစကားမှာပဲ သုံးတယ်၊ ထွက်ခွာရာပြတဲ့ အဓိပ္ပာယ်နဲ့ သုံးတယ်၊ ဒီနေရာမှာ ရှုပ်သွားမှာဆိုးလို့ တခြား 'မှ' အသုံးတွေကို မပြောသေးဘူးနော်၊ 'ကတ္တားနောက်ဆက်အဖြစ်မှားသုံးတဲ့ 'မှ'ကိုပဲ ပြောသေးတာ"

"ဟုတ်ကဲ့ပါ ဘဘ"

"ကဲ- ဒီတော့ ကတ္တားနောက်ဆက်အနေနဲ့ 'သည်၊ က၊ မှာ' တို့ပဲ သုံးတယ်၊ 'မှ' ကို ဘဘပြောတဲ့ ၁၉၆၅ ခုနှစ်မတိုင်ခင်က ကတ္တားနောက်ဆက်အဖြစ် လုံးဝမသုံးကြပါဘူး၊ ထွက်ခွာရာပြတဲ့ စာသုံးအနေနဲ့လည်း သုံးကြတာပါ"

"ဒါဆိုရင် 'အိမ်မှ စာအုပ်များကို ကျောင်းသို့သယ်သွားမည်' လို့ သုံးရင်တော့ မှန်တာပေါ့နော် ဘဘ"

"မှန်ပါတယ်၊ စာအုပ်တွေ အိမ်ကရွှေ့သွားတဲ့ သဘောပေါ့၊ ဒါတောင် စာသုံးအနေနဲ့ သုံးမှ မှန်တာ၊ 'အိမ်မှ ပစ္စည်းတွေကျောင်းကို သယ်သွားမယ်' လို့ နှုတ်ပြောစကားအနေနဲ့ သုံးလို့မရဘူးလေ"

"နှုတ်ပြောစကားဆိုရင်တော့ 'အိမ်က ပစ္စည်းတွေ...' လို့ပဲ သုံးရမှာပေါ့နော် ဘဘ"

"ဟုတ်တယ်၊ ကဲ... စကားဆက်ရရင် ၁၉၆၅ ခု နောက်ပိုင်းလောက်မှာ အဲဒီ 'မှ' ကို ကတ္တားပစ္စည်းအဖြစ် သတင်းစာတွေမှာ သုံးလာရာက အသုံးတွင်ကျယ်လာတာပဲကွယ်၊ ပြောရရင်တော့ ရေဒီယိုမှာလည်း မှားသုံးတယ်လေ၊ 'ဗိုလ်ဘယ်သူမှ'၊ 'ရဲဘော် ဘယ်သူမှ' ဆိုတာမျိုးတွေ ရေဒီယိုမှာ ကြားလာရတယ်၊ သတင်းစာတွေမှာလည်း တွေ့လာတယ်"

"ဘဘက ၁၉၆၅ ခုနှစ်လောက်မှာ အဲဒီအသုံးတွေ တွင်ကျယ်လာတယ်လို့ ပြောတာ၊ ဘာအကြောင်းရှိလို့ပါလဲ ဘဘ"

"ကဲ... ကဲ... သမီးတို့ ခြေခြေမြစ်မြစ် သိအောင် ဘဘပြောပြမယ်၊ အဲဒီခုနှစ်လောက်တုန်းက တော်လှန်ရေးကောင်စီလက်ထက်မှာ တောတွင်းအဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်တယ်၊ တောထဲက နိုင်ငံရေးအဖွဲ့အစည်းတွေ ရန်ကုန်လာပြီး အစိုးရနဲ့ ဆွေးနွေးကြတယ်၊ အဲဒီဆွေးနွေးချက်တွေ ရေဒီယိုက အသံလွှင့်ပေးတယ်၊ အဲဒီတုန်းက တီဗွီမပေါ်သေးဘူးလေ၊ အဲဒီလိုအသံလွှင့်ရာမှာ ခုနပြောသလို ဆွေးနွေးတဲ့ ပုဂ္ဂိုလ်ကို ကြေညာတဲ့အခါ 'ဗိုလ်ဘယ်သူမှ' ဆွေးနွေးတယ်၊ 'ရဲဘော် ဘယ်သူမှ' ဆွေးနွေးတယ်ဆိုပြီး ကတ္တားနောက်ဆက်အဖြစ် 'မှ'ကို တွင်တွင်ကျယ်ကျယ်သုံးလာကြတယ်၊ သတင်းစာတွေမှာရော၊ အဲဒီအဖွဲ့တွေရဲ့ စာရွက်စာတမ်းတွေမှာရော အဲဒီ'မှ' ကို ကတ္တားနောက်ဆက်အဖြစ် တွင်တွင်ကျယ်ကျယ်သုံးတဲ့စာတွေ တွေ့ရတယ်၊ အဲ... ဆွေးနွေးပွဲတွေပြီးလို့ အဲဒီအဖွဲ့အစည်းတွေလည်း ပြန်သွားရော အဲဒီ 'မှ' အသုံးတွေ တဖြည်းဖြည်း တွင်ကျယ်လာတော့တာပါပဲကွယ်၊ ကဲ... ဆက်ကြသေးတာပေါ့"



ရှိကြတယ်!
MYTEL
ခံစားခွင့် နှစ်ဆ
mytel
EMPOWER
9:00 MYTEL LTE
၄,၀၀၀ ကျပ်တည်းသာ
၅GB
+၂၅၀မိနစ်
*966*40#
အံ့ဩဖွယ်ရာများရယူဖို့ Shake လိုက်ရအောင်
နေ့တိုင်းလွယ်လွယ်ကူကူ Shake ပြီး
ရှယ်လက်ဆောင်များ ရယူလိုက်ပါ။
10 IPHONE X
DATA
VOICE
SMS
4G LTE
အင်တာနက်များများသုံးပြီး ဖုန်းများများခေါ်ရအောင်
Mytel မိုက်တယ် SIM နှင့် များစွာသော Bonus များ
▲ ပထမဆုံး (၃)လအတွက် ၁၅၀၀ MB နဲ့ မိနစ် ၁၅၀
▲ ဘေလ်ဖြည့်မှုတိုင်းအတွက် ၁၀၀% အပိုထပ်ဆောင်းဘေလ်ရရှိမှု (Any-net နှင့် ဒေတာ)
1 MB - ၅ကျပ်/ ၁မိနစ် ၁၀ ကျပ်ဖြင့် ၄၀% သက်သာစေမည့် သုံးသလောက်ပေး
စက္ကန့်အလိုက် ဖုန်းခေါ်ဆိုမှု ကောက်ခံမည့်အစီအစဉ်
Shaking ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် ဩဂုတ်လ ၂၀၁၈ အထိသာ
မိုက်တယ် ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် စက်တင်ဘာလ ၂၀၁၈ အထိသာ
www.mytel.com.mm
09690000966
Or dial 966
Mytel App ရယူနိုင်ပါပြီ။
GET IT ON Google Play
Available on the iPhone App Store

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001:2015 CERTIFIED

BTEC

ယုံကြည်စွာအပ်နှံခဲ့သော မိဘအုပ်ထိန်းသူများကို Victoria University College မှ ကျေးဇူးအထူးတင်ရှိပါတယ်။

## CONGRATULATIONS TO OUR GRADUATION CLASS OF 2018.

မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအတွက် ပုဂ္ဂလိက ပညာရေးကဏ္ဍမှ အောင်မြင်မှုအရှိဆုံး ကြိုးပမ်းမှုအဖြစ် ဂုဏ်ယူစွာ ကြော်ငြာအပ်ပါသည်။

Pearson (UK), BTEC HND Level 5 - Victoria University College မှ 2/2018 အောင်မြင်သူများ

### BUSINESS (MANAGEMENT)

1 Mg Aung Paing Htoo
2 Ma Lynn Lynn Myint Thu
3 Ma Htet Htet Htun
4 Ma Hsu Wai Htet
5 Ma Shwe Yee Oo
6 Ma Juu Hanny Zaw
7 Ma Khin Khin Soe Oo
8 Ma Su Tinzar Tun
9 Ma Myat Yadanar Toe
10 Ma Myat Myat Moe
11 Ma Nwe Ni Khaing
12 Ma Khaing Mar Lar Tin
13 Ma Shwe Aein Thi
14 Mg Ko Ko Naing
15 Mg Hein Htet
16 Mg Min Thant Aung
17 Mg Pyae Phyo Paing
18 Mg Kyaw Thura
19 Mg Oakar Tun
20 Mg Nyi Nyi Naing
21 Mg Aung Sithu Htun
22 Mg Zwe Htet Ko Ko
23 Mg Thiha Ko Ko
24 Mg Sai Aung Kham Oo
25 Ma Shun Myat Aung
26 Ma Sandy Nyein Chan

### BUSINESS (HR)

27 Ma Hsu Htet
28 Ma Linn Myat Myat Oo
29 Ma Win Yadana Htay
30 Ma Thet Htar Thuzar
31 Mg Han Lin Kyaw
32 Ma Tin Ni Lar Myint
33 Ma Swe Zin Win
34 Ma Hnin Ou Shwe Yee
35 Ma Ei Ei Nyein
36 Ma Saw Yu Nandar
37 Ma Shune Lae Shwe Yi *
38 Ma Yoon Lai Min Maung
39 Ma Su Su Hlaing
40 Ma Shoon Nyeint Nyeint Oo
41 Ma Ei Myat Thwe
42 Ma Win Thandar Myo
43 Mg Pyi Thein Khaing
44 Ma Ngone Pue Wai Hnin
45 Mg Hein Htet
46 Ma Aye Chit Pai
47 Ma Shwe Yee Thin
48 Ma Thant Hsu Wai
49 Ma Hnin Nandar Win
50 Ma Phyo Myint Myat
51 Mg Paing Hein Htet
52 Mg Nyi Thu Oo
53 Mg Nyan Win Htun
54 Mg Phyo Thiha Kyaw
55 Ma Ei Thinzar Htet
56 Ma Eingyin Swe
57 Ma Su Myat Thiri Tun
58 Mg Kaung Htet
59 Ma Suzar Wai Lwin
60 Ma Theint Thinzar Hlaing
61 Ma Hsu Pyae Sone Aung
62 Mg Hein Min Latt

### COMPUTING

63 Mg Htet Aung
64 Mg Htet Myet
65 Mg Ye Tun Zay Yar Aung
66 Mg Aung Thila
67 Mg Aung Ko Ko Oo
68 Mg Wai Hlyan Pyae
69 Mg Aung Htay Win
70 Mg Bo Hein Htan
71 Mg Kaung Wai Yan Tun

### ELECTRICAL & ELECTRONIC ENGINEERING

72 Mg Aye Chan Ohn
73 Mg Soe Pyae Phyoe
74 Mg Pyi Phyo Kyaw
75 Mg Nyan Linn Htet
76 Mg Yan Naing Aung
77 Mg Min Thu Aung
78 Mg Phyo Min Thant
79 Mg Lin Let Ko Ko
80 Mg Aung Khant Paing
81 Ma Hnin Ei Myat Noe
82 Mg Sunn Lin Htut
83 Mg Aung Khant Ko Ko
84 Ma Aye Nyein Htet
85 Mg Yan Shein Oo
86 Mg Thar Chit
87 Mg Hein Htet
88 Mg Kaung Myat Sithu Lwin
89 Mg Min Bo Bo Kyaw
90 Mg Hein Htet
91 Mg Ko Ko Khant
92 Mg Minn Thant Lwin
93 Mg Zin Min Htay
94 Mg Aung Naing Thu
95 Mg Thuta Oo
96 Mg Steven Zwe Mun Hein
97 Mg Aung Khant Min
98 Mg Thae Myo Linn
99 Mg Thura Thet Paing
100 Mg Hein Htet Aung
101 Mg Chan Chit
102 Ma Wai Lu Waddy
103 Mg Kyaw Dana
104 Mg Moe Myint Naing
105 Mg Swan Htet Aung
106 Mg Maung Maung Tun *
107 Mg Aung Chan Myat
108 Mg Sai Han Thit
109 Mg Aung Kaung Mon
110 Mg Sai Han Kwan Saing
111 Mg Min Thet Tun
112 Mg Thet Naing Swe
113 Mg Kyaw Ye Lin
114 Ma Cho Cho Khine
115 Mg Tha Lin Htet
116 Mg Oo Thar Kyaw
117 Ma Doi Pan Tsin
118 Mg Htet Aung Ko
119 Mg Nyi Lin Htet
120 Ma Phone Myat Moe
121 Mg Oak Soe Khant

### MECHANICAL ENGINEERING

122 Mg Nanda Aung
123 Ma Khun Sint Thar
124 Mg Aung Wai Hlyan
125 Mg Htet Myet Naing
126 Mg Aung Kaung Myat
127 Mg Aung Nanda Oo
128 Mg Arkar Soe Moe
129 Mg Ye Mann Aung *
130 Mg Myat Min Oo
131 Mg Myo Thet Tin
132 Mg Thiha Aung
133 Mg Phyo Thant Ko
134 Mg Hlyan Htet Aung *
135 Mg Htet Wai Yan Aung
136 Mg Thet Linn Oo
137 Mg Aung Khant Moe
138 Mg Aung Min Min
139 Mg Kyaw Swar Hein
140 Mg Pyae Phyo Maung Maung
141 Ma Yu Nandar Lin
142 Mg Zar Ni Htet
143 Mg Ye Khaung Lu
144 Mg Thant Htoo Aung
145 Mg Wanna San Lin Han
146 Mg Thein Than Tun
147 Mg Pyae Shan Phyo

### HEALTH & SOCIAL CARE

148 Ma Aye Myat Phyoe Ei
149 Ma Ei Hnin Wai Phyoe
150 Ma Hi Ko Yadanar
151 Ma Htet Thura Aung
152 Mg Htoo Aung Lwin
153 Ma Khaing Zar Win
154 Ma Khin Pa Pa Aung
155 Ma Khin Thidar Shwe
156 Mg Kyaw Nanda
157 Ma Kyawt Kyawt Khine
158 Ma Lal Din Sangi
159 Ma Mang Law Cing
160 Ma May Myat Thiri Khant

## HEALTH & SOCIAL CARE

161 Ma May Thu Kyaw
162 Ma Nay Chi Lin Htet
163 Ma Phyu Sabai Mon
164 Mg Pyae Myat Noe Htun
165 Ma Pyae Pyae Aung
166 Ma Seint Waddi
167 Ma Theint Thinzar Win Naing
168 Ma Thorn Hninn Eaindray
169 Ma Thuzar Hlaing
170 Mg Ye Win Aung
171 Ma Hsu Mon Khine
172 Mg Thit Oo
173 Ma Thant Eaindray Tun
174 Ma Nay Chi Soe Lwin
175 Ma Chu Inzali San Lwin

## CONSTRUCTION & THE BUILT ENVIRONMENT (CIVIL ENGINEERING)

176 Ma Esther Moe Pwint Phyu
177 Ma Ei Thinzar Kyaw
178 Ma Yoon Aindar Nwe
179 Ma Aye Su Kham T
180 Ma Mai Helnar Kan Nyunt
181 Mg Aye Min Thant
182 Mg Kyaw Nanda
183 Ma Eaint Einn Aree
184 Ma Poe Mie Mie Zaw
185 Ma Shwe Sin Aung
186 Mg Htut Oo Yan
187 Mg Aung Khant Paing
188 Ma Nang Moe Pann Oo
189 Ma Htet Paing Pwint Oo
190 Ma Khine Thazin
191 Ma Khant Myint Zu
192 Mg Ye Htet Naing
193 Mg Htet Wai Yan Tun
194 Mg Kaung Pyae Kyaw
195 Mg Han Pyae Sone
196 Ma May Hnin Oo
197 Ma Aye Yu Yu Thwe
198 Mg Tun Thura
199 Mg Yar Pyae Aung
200 Mg Kaung Myat Htut
201 Ma Yadanar Oo
202 Ma Ei Pyae Phyo Naing
203 Ma Hnin Akari
204 Mg Kaung Shin Thant
205 Mg Zwe Htet Aung
206 Mg Swan Htet Aung
207 Ma Su Su Hlaing
208 Ma Yadanar Aung
209 Mg Thar Oo
210 Mg Min Ko Ko
211 Mg Myo Myint Thu
212 Mg Hlwan Thurein Oo
213 Mg Ye Htut Sann Oo
214 Mg Zayar Hlan Htet
215 Mg Kyaw Myat Soe
216 Mg Kyaw Htoo Paing
217 Ma Eaint Thet Paing Hmue
218 Ma Mya Thet Aung
219 Mg Kyaw Zin Tun
220 Mg Soe Htet Oo
221 Mg Thiha Ko Ko
222 Mg Nay Bhone Ko
223 Mg Maran Seng Dan
224 Mg Htet Lin Aung
225 Mg Min Ye Wint Naing
226 Mg Si Thu Aung
227 Mg Thit Htoo Aung
228 Mg Min Hein Khant
229 Ma Khaing Zar Linn Htun
230 Mg Kyaw Aung San Htar
231 Mg Kaung Zaw Thu
232 Mg Sa Htoo April Linn
233 Mg Ye Lin Naing
234 Mg Lin Htet Aung
235 Mg Nyein Chan Thar
236 Ma Thinzar Lwin
237 Mg Lwin Ko Myat
238 Mg Yan Naing Tun
239 Mg Kaung Htet Oo
240 Mg Kaung Myat Zaw
241 Mg Win Htut Oo
242 Mg Myat Moe Kyaw Swar
243 Mg Zwe Aung Htet
244 Ma Thae Nu Hlwar
245 Ma Hnin Nwe Aye
246 Mg Theik Di Soe
247 Mg Zwe Phone Pyae
248 Mg Htoo Htet Lwin Tun
249 Mg Newe Oo Lwin
250 Mg Thant Sin Ko
251 Mg Hein Htet Zaw
252 Mg Swan Pyae Aung
253 Mg Aung Naing Win
254 Mg Htet Paing Aung
255 Mg Tay Za Kyaw
256 Mg Nay Soe Min
257 Mg Aung Thi Ha
258 Mg Yan Paing Oo
259 Mg Nyan Linn Arnt
260 Mg San Htet Linn
261 Mg Kyaw Ye Naing
262 Mg Aung Myint Myat
263 Mg Hein Naing Soe
264 Ma May Phu Pwint Zun
265 Mg Wai Yan Htet
266 Mg Zen Thiha Tun
267 Mg Hein Sak
268 Mg Myo Htet Tin Aung
269 Mg Hein Htet Ko
270 Ma Yati Oo
271 Ma Thet Htar Hnin Si
272 Ma Ei Ei Khing
273 Mg Kyaw Phone Naing
274 Mg Pyae Phyo Kyaw
275 Mg Phone Maw Han
276 Ma Khing Sable Tun
277 Ma Myat Mon Thet
278 Ma Lwin Ei Myint
279 Mg Htin Aung Kyaw
280 Mg Wei Yan Htay Myint
281 Mg Ye Paing Paing
282 Mg Toe Htet Win
283 Mg Kaung San Hein
284 Ma Tint Shune Let
285 Mg Ko Ko Minn Khant
286 Mg Thu Rein Aung
287 Ma May Thu Kyaw
288 Mg Min Htet Kaung
289 Mg Aung Thiha Min
290 Mg Aung Pyae Htoo
291 Mg Sai Myint Oo
292 Mg Min Myat Pyae Sone
293 Ma Chan Myae San Di
294 Ma Eaint Phoo May Kyaw
295 Mg Zay Yar Aung
296 Mg Aung Ko Ko
297 Mg Htet Lin Aung
298 Mg Htet Aung
299 Ma Aye Mya Thu San
300 Ma Thiri Swe Naing
301 Mg Kaung Htike Aung
302 Mg Ko Zin
303 Ma Thin Htet Htet Moe
304 Mg Ye Min Khant
305 Mg Sa Thant Hein
306 Mg Aung Khant Kyaw
307 Mg Kaung Htet
308 Ma Cho Wai Wai Zin
309 Ma Ei Kyi Phyu Khin
310 Mg Kaung Lwin Hein
311 Mg Kyaw Lin Khine
312 Mg Kyaw Zin Htet
313 Ma Khin Yadanar Mon
314 Mg Thae Maung
315 Mg Aung Aye Naing
316 Mg Htet Lin Aung
317 Ma Su Myat Wadi
318 Mg Phyoe Thiha Aung
319 Mg Kaung Sett Thar
320 Ma Shwe Moe Shawe
321 Mg Wai Yan Kyaw
322 Mg Aung Thang Lian
323 Mg Thu Ta Aung
324 Mg Wai Yan Htet Aung
325 Mg Ye Min Oo

ဖော်ပြပါ အောင်မြင်သူများသည် ၂၅.၆.၂၀၁၈ (တနင်္လာနေ့) နေ့လည် (၁း၀၀) တွင် **Novotel Hotel** ၌ ကျင်းပမည့် အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် ဘွဲ့ယူရပါမည်။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ရန်အတွက် ဇွန်လ (၁၅) ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းသားရေးရာဌာနသို့ ဆက်သွယ်ရပါမည်။

**ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ဇွန်လ တန်းခွဲသစ်များအတွက် သင်တန်းသားများ စတင်လက်ခံနေပါပြီ။**

ကျောင်းသားရေးရာဌာန - ရန်ကုန် - အမှတ် ၁၆၆၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ - ၃၈၃၁၃၂၊ ၃၈၃၁၃၃ ။ မန္တလေး - အမှတ် ၁၅၁၊ ၂၈လမ်း၊ ၇၇ ထ ၇၆ လမ်း၊ ဖုန်း ၀၂၄၀ - ၁၁၁၅၄၊ ၃၈၆၃၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
### ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
### ၂၀၁၈ ခုနှစ် ဇွန် ၇ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်မှစတင်၍ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည်မှတ်ပုံတင်အဆောက်အအုံတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့် ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ၂၀၁၈ ခုနှစ် မေ ၂၆ ရက်မှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ပြပွဲဝင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးအတွက် ပြပွဲဝင်ခွင့်ပုံစံများကို www.mining.gov. mm နှင့် www.mge.gov.mm တို့မှတစ်ဆင့် Download ရယူ၍ ကြိုတင်ဖြည့်စွက် မှတ်ပုံတင်နိုင်ပါသည်။ On-Line မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm On-Line Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၆။ ၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

---

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြုပုံမှန်သင်တန်းများကို ၂၀၁၈ခုနှစ် ဇူလိုင် ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၅ ဦး |
| (ခ) | ရိုးရာလွန်းရာကျအချိတ် (၆)လသင်တန်း | ၅ ဦး |

၂။ သင်တန်းဝင် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(၁) အမှတ်စဉ်(က)သင်တန်းအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက် (၁၆)နှစ်မှ (၂၈)နှစ်အတွင်းဖြစ်ရမည်။

(၂) အမှတ်စဉ်(ခ)သင်တန်းအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ (၂၈)နှစ်အတွင်းဖြစ်ရမည်။

(၃) အမှတ်စဉ်(ခ)သင်တန်းအတွက် အမျိုးသမီးများသာ လျှောက်ထားနိုင်သည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရမြို့)

ဆက်သွယ်ရန်ဖုန်း - ၀၂-၄၀၅၆၀၄၁၊ ၀၂-၄၀၇၀၄၂၈၊ ၀၉-၄၄၄၀၀၆၁၇၂၊ ၀၉-၂၅၉၂၄၅၄၉၈

E-mail - mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက် အဆောင်အခမဲ့ ရေ၊ မီး၊ အပြည့်အစုံ နေထိုင်ခွင့်ပြုပြီး ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀ိ/- ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းရှိသူများ အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

---

## တိုက်ခန်းရောင်းမည်

ကန်တော်ကြီး၊ ယုဇနပလာဇာ Living Mall အနီး၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်၊ (၇)လွှာ၊ (၁၂ ၁/၂×၅၅)ပေ၊ ကိုယ်ပိုင်မီတာ၊ ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး

**ဖုန်း-၀၉-၂၅၂၈၆၇၂၃၂**

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းကုန်း အထကကျောင်း ပဉ္စမတန်းမှ မဖြိုးရတနာခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ခိုင် ၁၄/လမန(နိုင်)၀၈၅၇၂၆ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ခိုင်**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/8379 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

---

## ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | - တက္ကသိုလ် ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ(သို့)ခရီးသွားလုပ်ငန်း တွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုနှင့် Opera System သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် Laundry သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများ |
| ၅။ | အစားအစာနှင့်အဖျော်ယမကာကျွေးမွေးရေးနှင့် Bartending Stewarding သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများ |
| ၆။ | အနောက်တိုင်းအစားအစာနှင့် မုန့်ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) (European Food Production & Bakery) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ |
| ၈။ | ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စာရင်းကိုင်၊ (စီမံ/ဘဏ္ဍာ) Supervisor (Admin/Accts) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)၊ အိပ်ခန်းထိန်းမှူး (အခန်းဌာနကြီး) F.O Supervisor (Front Office), Housekeeping Supervisor (Housekeeping) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့်-၂)၊ စားသောက်ခန်းမှူး၊ (အစားအစာဌာနကြီး) F & B Supervisor (F & B Service) Kitchen Superisor(F & B Production) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

သင်တန်းကာလ - ၉-၇-၂၀၁၈ ရက်မှ ၃၁-၈-၂၀၁၈ ရက်

**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၅၃၃၉၄၈၃၆၊ ၀၁-၃၉၄၈၄၀**
**Facebook page: Hotel and Tourism Training Center - Kandawgyi**
**Email:infocentre.httc@gmail.com**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ
## ရန်ကုန်တိုင်းဒေသကြီးဆားလုပ်ငန်းရုံး
## နေလှန်းဆား၊ အပိုဓာတ်ဆား၊ စားပွဲတင်ဆားနှင့် အိုင်အိုဒင်းဆား ကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရန် ကြော်ငြာခြင်း

၁။ ဆားနှင့် ဆားထွက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ရန်ကုန်တိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၉ ခုနှစ် မေ ၃၁ရက်အထိ ထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၁၈ခုနှစ် ဇွန် ၁၅ရက်မှ ဩဂုတ် ၁၅ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဆားလုပ်ငန်းရုံးသို့ လျှောက်ထားရန် နှိုးဆော်အပ်ပါသည်။

၂။ လိုင်စင်ရရှိထားသူများမှာ အသစ်ပြန်လည်လျှောက်ထားရန်မလိုဘဲ လိုင်စင်ကတ်ပြားတင်ပြ၍ သက်တမ်းတိုးနိုင်သည်။

၃။ စာပိုဒ် (၁)ပါ သတ်မှတ်ရက်အတွင်း လိုင်စင်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်၍ လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းအား ဒဏ်ကြေး(ရက်လွန်ကြေး)အဖြစ် တစ်ရက်လျှင် (၁၀၀ိ/-)နှုန်း ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆားနှင့် ဆားထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင် ငွေကျပ် (၅၀၀ိ/-) နှုန်းဖြင့် အချိန်မီ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

| ဆက်သွယ်ရမည့်ရုံးအမည် | လုပ်ငန်းတည်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများ |
|---|---|
| ဆားလုပ်ငန်းဌာနခွဲ ရန်ကုန်တိုင်းဒေသကြီး ဆားလုပ်ငန်းရုံး အမှတ် (၂၀၃-၂၀၇)၊ မြခွာညိုလမ်း၊ သာကေတစက်မှုဇုန် သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၅၄၇၁၉၀၊ ၀၉-၈၆၀၂၄၃၆ | ရန်ကုန်တိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး |

၅။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်ထက် နောက်မကျဘဲ အထက်ဖော်ပြပါရုံးသို့ ပြန်လည်တင်သွင်းလျှောက်ထားရမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုသည့်အချက်များကို အထက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**

---

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ နွားရေကျော်ကျောင်းကြီးစုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းအောင် မောင်လင်းထက်မိုးနှင့် ပထမတန်းအောင် မမေမြတ်မိုးသူတို့၏ ဖခင်အမည်မှန်မှာ ဦးလှမျိုး ၁၄/မမက(နိုင်)၀၇၉၉၄၃ ဖြစ်ပါကြောင်း။

**ဦးလှမျိုး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9872 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကယားပြည်နယ်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ)ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကယားပြည်နယ် ကုသရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများအတွက် FAD အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၆-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၆-၂၀၁၈ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကယားပြည်နယ်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၈၃-၂၂၂၄၂၀၄**

---

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာရေးဦးစီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## မန္တလေးကွန်ပျူတာတက္ကသိုလ် ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

(က) မန္တလေးကွန်ပျူတာတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားသူများသည် ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၄၅၀နှင့်အထက် ရရှိအောင်မြင်ခဲ့သူများ လျှောက်ထားနိုင်သည်။ စုစုပေါင်း ကျောင်းသား/ကျောင်းသူဦးရေ ၂၅၀ လက်ခံမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများမှ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များပါဝင်သည့် ဘာသာတွဲတစ်ခုခုဖြင့် ဖြေဆိုအောင်မြင်သူများလျှောက်ထားနိုင်သည်။

(ဂ) ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ဃ) လျှောက်ထားလိုသူများသည် မန္တလေးကွန်ပျူတာတက္ကသိုလ်သို့ သတ်မှတ်လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားနိုင်သည်။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(၁) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့) အောင်မြင်ကြောင်းထောက်ခံစာ၊

(၂) အမှတ်စာရင်း(မူရင်း)

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (သို့) နိုင်ငံသားလက်မှတ်(မိတ္တူ)၊ (သို့) နိုင်ငံသားဖြစ်ရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာမူရင်း

(င) သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး အထူးပြုဘာသာရပ်အလိုက် အောင်မြင်ပြီးမြောက်သူများကို အောက်ပါကွန်ပျူတာဆိုင်ရာဘွဲ့များ ပေးအပ်ချီးမြှင့်သွားမည်။

(၁) B.C.Sc (Software Engineering)

(၂) B.C.Sc (Knowledge Engineering)

(၃) B.C.Sc (Business Information Systems)

(၄) B.C.Sc (High Performance Computing)

(၅) B.C.Tech (Computer Communication and Networks)

(၆) B.C.Tech (Embedded Systems)

(စ) အဆင့်မီပါက မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများသို့ အဆင့်ဆင့် ဆက်လက်တက်ရောက်ခွင့်ရှိသည်။

(ဆ) တက္ကသိုလ်ဝင်ခွင့်စိစစ်လက်ခံခြင်းကို အောက်ပါအတိုင်းဆောင်ရွက်မည်။

- လျှောက်လွှာလက်ခံမည့်ကာလ — ၂-၇-၂၀၁၈ ရက်မှ ၃၁-၇-၂၀၁၈ ရက်အထိ
- ဝင်ခွင့်ရရှိသူများစာရင်းကြေညာခြင်း — ၁၅-၈-၂၀၁၈ ရက်
- ကျောင်းအပ်လက်ခံခြင်း — ၂၀-၈-၂၀၁၈ ရက်မှ ၆-၉-၂၀၁၈ ရက်အထိ

(ဇ) သင်တန်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် website www.ucsm.edu.mm တွင် ကြည့်ရှုနိုင်ပြီး ဖုန်း-၀၉-၈၉၆၅၀၂၂၁၅နှင့် ၀၉-၇၈၆၅၀၅၀၁၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း
## နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဇွန် ၁၁ရက်၊ တနင်္လာနေ့၊ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များထံ ဖိတ်စာများကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားပါသည်။

**(အလုပ်အမှုဆောင်အဖွဲ့)**
**မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ်(၁၇)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏မြေညီထပ် အပေါ်လွှာမှန်ခန်း (မျက်နှာမူ ဘယ်ဘက်ခြမ်း)တိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးငွေအောင် ၁၂/စခန(နိုင်)၀၅၉၄၁၇ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဒေါ်နှယ်နီအောင် (LL.B, LL.M, D.I.R)** — **ဒေါ်ခိုင်ခိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)** — **အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)**
**အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈**

---

## ဖခင်အမည်မှန်

အိမ်မဲမြို့၊ အထက(၁) ဆဋ္ဌမတန်း(C)မှ မောင်မင်းခန့်ညို၏ ဖခင်အမည်မှန်မှာ ဦးမိုးဇော်အောင် ၁၄/အမန(နိုင်)၀၈၈၉၈၄ ဖြစ်ပါကြောင်း။

**ဦးမိုးဇော်အောင်**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မကေဇင်လှဲ၏ဖခင်အမည်မှန်မှာ ဦးလှငွေ ၁၄/အမန(နိုင်)၀၂၁၂၁၁ ဖြစ်ပါကြောင်း။

**ဦးလှငွေ**

---

## အမည်ပြောင်း

ဦးစိုးမင်းထွန်း၏သမီး၊ အိမ်မဲမြို့၊ အထက(၂) ပဉ္စမတန်း(C)မှ မယွန်းပြည့်ပြည့်အောင်အား မသဒ္ဒါဆုအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသဒ္ဒါဆုအောင်**

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၂)မှ နဝမတန်းအောင် မောင်ခိုင်စိုးဝင်းထွန်းနှင့် မောင်ရန်နိုင်ဝင်း ရွှေပန်း(လ-ခွဲ)မှ သတ္တမတန်းအောင် မောင်ရန်နိုင်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းစိန် ၈/မသန(နိုင်)၀၇၀၆၇၁ ဖြစ်ပါသည်။

**ဦးသန်းစိန်**

---

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက ဇင်းကျိုက်ကျောင်း နဝမတန်းမှ မညီညီအောင်နှင့် အလက ပန်းကုန်း(မွန်)ကျောင်း တတိယတန်းမှ မအေးမြင့်မြင့်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းထိုက် ၁၀/ပမန(နိုင်)၁၀၇၈၇၆ ဖြစ်ပါသည်။

**ဦးအောင်သန်းထိုက်**

---

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ) (အလယ်ရွာ)ကျောင်း အဋ္ဌမတန်းမှ စောမျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးစောကလိုကျေး ၃/လဘန(နိုင်)၁၉၁၀၀၁ ဖြစ်ပါသည်။

**ဦးစောကလိုကျေး**

---

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) အင်္ဂဘိုကျောင်း အဋ္ဌမတန်းမှ နော်ဖူးမိုမို့ဇွန်၏ ဖခင်အမည်မှန်မှာ ဦးတန်ခူး ၁၀/ကထန(နိုင်)၀၅၂၅၉၉ ဖြစ်ပါကြောင်း။

**ဦးတန်ခူး**

---

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် အမက(၃) မူလွန်ကျောင်း သတ္တမတန်းမှ မောင်ဆိုင်းဂျာနှင့် မောင်အောင်မြင့်၊ မခေါန်ဘူတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်ဖြစ်ပါသည်။

**ဦးမောင်မြင့်**

---

## ဖခင်အမည်မှန်

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ အထကကျောင်း တတိယတန်း(ခ)မှ မနင်းနဝေ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ချင်း ၉/မထလ(နိုင်)၂၂၁၂၀၅ ဖြစ်ပါသည်။

**ဦးခင်မောင်ချင်း**

---

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) အင်္ဂဘိုကျောင်း သတ္တမတန်းမှ စောနိုင်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်မောင် ၁၀/ကထန(နိုင်)၀၁၅၂၇၉ ဖြစ်ပါကြောင်း။

**ဦးစိန်မောင်**

---

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တက္ကသိုလ်ဝင်တန်းမှ နော်ပန်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးသာစိန် ၁၀/ကထန(နိုင်)၀၁၅၃၆၉ ဖြစ်ပါကြောင်း။

**ဦးသာစိန်**

---

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ ဆိပ္ပဖျူးတောင် ပရဟိတဂေဟာ နဝမတန်းမှ နော်ခင်နှင်းဆီ၏ ဖခင်အမည်မှန်မှာ ဦးချစ်ဝင်း ၁၀/ကထန(နိုင်)၀၁၅၂၉၆ ဖြစ်ပါကြောင်း။

**ဦးချစ်ဝင်း**

---

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကင်မွန်းချောင်း တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကောင်းထက်စံနှင့် ပဉ္စမတန်း(A)မှ မပပလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဟန်ရွှေ ၁၀/သထန(နိုင်)၀၇၃၀၅၉ ဖြစ်ပါကြောင်း။

**ဦးဟန်ရွှေ**

# တတိယအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ နိုင်ငံတော်အတိုင်ပင်ခံရုံး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ချီးမြှင့်




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တတိယအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် ဇွန် ၈**

တတိယအကြိမ် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပုံနှင့် ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနေ့ပွဲဖြစ်မြောက်ရေးကော်မတီနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမှာစကားပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❁

## MNL အမှတ်ပေးပြိုင်ပွဲတွင် အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် ဇွန် ၈**

ယခုတစ်ပတ်ကျင်းပမည့် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၅ ကို အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံလျက်ရှိပြီး ရတနာပုံနှင့် ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် ရောဝတီအသင်းတို့ တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် ၁၅ တွင် ဇယားထိပ်ပိုင်းမှ အသင်းကြီးများ တွေ့ဆုံလျက်ရှိပြီး ဇွန် ၉ ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် စစ်ကိုင်းအသင်း၊ ဇွန် ၁၀ ရက် တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောင်ဆန်း ကွင်း၌ ရန်ကုန်အသင်းနှင့် ရောဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် Southern အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် မကွေးအသင်း၊ ဝေသာ လီကွင်း၌ ရခိုင်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရတနာပုံနှင့် ရှမ်း၊ ရန်ကုန်နှင့် ရောဝတီ၊ ဟံသာဝတီနှင့် မကွေး၊ တန်းဆင်းဇုန်အတွက် အရေးပါသည့် GFA နှင့် စစ်ကိုင်းပွဲများမှာ အကြိတ်အနယ် ဖြစ်ဖွယ်ရှိနေသည်။ ထိပ်ဆုံးမှ ရန်ကုန် အသင်းသည်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❒



ရတနာပုံအသင်းအတွက် ဂိုးအများဆုံးသွင်းထားသည့် စည်သူအောင်

## MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံလုပွဲ တွဲဆိုင်းရှစ်ဆိုင်း ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်မည်

**ရန်ကုန် ဇွန် ၈**

MMA ကစားသမားလက်ရှိ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံနှင့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန် အဓိကတွဲဆိုင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်မည့် MMA (Mix Martial Art) ပြိုင်ပွဲကြီး လာမည့် ဇွန် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ အဓိကချန်ပီယံခါးပတ် ကာကွယ်ပွဲအပါအဝင် စုစုပေါင်း တွဲဆိုင်းရှစ်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MMA (Mix Martial Art) ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံမှ အိမ်ရှင် အဖြစ် ခုနစ်ကြိမ်မြောက် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာပရိသတ်များ စိတ်ဝင် စားမှုမြင့်မားနေသော ယင်းပြိုင်ပွဲကြီးကို လာမည့် ဇွန် ၂၉ ရက် ည ၆ နာရီခွဲတွင် ရန်ကုန်မြို့သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ စတင်ကျင်းပ မည်ဖြစ်ရာ စုစုပေါင်းတွဲဆိုင်း ရှစ်ဆိုင်းပါဝင်မည်ဖြစ်သည်။ အဓိက Main Fight ပွဲစဉ်ဖြစ်သော

*စာမျက်နှာ ၇ ကော်လံ ၁* ●